# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၄)ရက် ၊ ကြာသပတေးနေ့ ၊ (19-12-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၃၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်

## တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲကို စစ်ဆေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အဆိုပါတပ်မတော်ဆေးတက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)

စာမျက်နှာ ၁၆ ကော်လံ ၁ သို့




ရတနာပုံ
၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်
အယ်ဒီတာ့အာဘော်

# မြန်မာ့ချည်ထည်ထုတ်လုပ်မှု မြင့်မားတိုးတက်ရေး

မြန်မာနိုင်ငံသည် သဘာဝကပေးထားသည့် စိုက်ပျိုးရေးဆိုင်ရာအခြေခံကောင်းများကို အသုံးချပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်စေမည့် စက်မှုကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ဝါကိုအခြေခံသည့် မြန်မာ့ချည်ထည်ထုတ်လုပ်မှု မြင့်မားတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

လူတို့အနေဖြင့် စတင်ဖြစ်တည်စကတည်းကပင် စားရေး၊ ဝတ်ရေး၊ နေရေးဟူသည့် ကိစ္စရပ်ကြီး သုံးခုကို နေ့စဉ်မလွဲမသွေရင်ဆိုင်နေကြရသည်။ ထိုသို့ ရင်ဆိုင်ရာတွင် ဝတ်ရေးဟူသည့် အဝတ်အထည်သည် လူသားများမွေးဖွားချိန်မှ သေဆုံးချိန်ထိ ဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်သည်။ အဝတ်အထည် အသုံးအဆောင်ဖူလုံရန်မှာ လူ့ဘဝတစ်လျှောက် အရေးကြီးသည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်တွင်းအဝတ်အထည်ဖူလုံစေရေးအတွက် ပြည်တွင်း၌ စိုက်ပျိုးနေသည့်ဝါမှ တန်ဖိုးမြင့်ကုန်ပစ္စည်းများအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်ခဲ့သည်။

ဝါစိုက်ပျိုးရေးနှင့်ပတ်သက်ပါကလည်း ၂၀၁၆ ခုနှစ်ကစ၍ ဝါစိုက်ပျိုးမှုနှုန်း လျော့ကျလာသည့်အခြေအနေကိုသုံးသပ်ပြီး ဝါစိုက်ပျိုးနိုင်သည့်ဒေသများတွင် အထွက်နှုန်းကောင်းပြီး အဆင့်မီချည်ထုတ်လုပ်နိုင်သည့် ချည်မျှင်ရှည်ဝါမျိုးများစိုက်ပျိုးရေးကို နိုင်ငံတော်က အားပေးဆောင်ရွက်ခဲ့သည်။ မိမိတို့နိုင်ငံအနေဖြင့် ဝါစိုက်ပျိုးရေးအောင်မြင်ရန် အခြေအနေကောင်းများရှိနေသော်လည်း ပြည်ပမှ နှစ်စဉ် ချည်နှင့် ပိတ်ထည်များကို ပမာဏများစွာတင်သွင်းနေရသည်။ ထို့ကြောင့် ဝါစိုက်ပျိုးရေးကို အောင်မြင်အောင် ဆောင်ရွက်ပြီး နိုင်ငံတကာအဆင့်မီချည်ထည်များထုတ်လုပ်နိုင်ရန် လိုအပ်ပေသည်။ ချည်ထည်များကို အထည်ချုပ်လုပ်ငန်းများ၌ဖြစ်စေ၊ ပြည်ပကို ပြန်လည်တင်ပို့ခြင်းဖြစ်စေ ဆောင်ရွက်နိုင်မှသာ နိုင်ငံခြားငွေသုံးစွဲမှုကိုလျှော့ချနိုင်ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားငွေများရရှိနိုင်မည်ဖြစ်သည်။

ယခုကဲ့သို့ ၂/၈၀ ချည်ချောစက်ရုံခွဲကို ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)အနေဖြင့် ပြည်တွင်း၌လိုအပ်နေဆဲဖြစ်သည့် အရည်အသွေးကောင်းမွန်သည့် နိုင်ငံတကာအဆင့်မီချည်ချောများကို ထုတ်လုပ်နိုင်တော့မည်ဖြစ်သည်ကို ဂုဏ်ယူဝမ်းမြောက်မိပါသည်။ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)ကို ဝတ်ရေးဆိုင်ရာအထည်အလိပ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ပြည်ပမှ မှာယူတင်သွင်းမှုလျော့နည်းစေရန်အတွက် တရုတ်-မြန်မာအစိုးရတို့ကြား သဘောတူညီချက်စာချုပ်ချုပ်ဆိုပြီး ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ)ကို ၁၉၆၆-၁၉၆၇ တွင် တည်ဆောက်ပြီးစီးခဲ့သည်။

ယခုတည်ဆောက်တပ်ဆင်ပြီးစီးသည့် စက်ရုံသည် စက်စွမ်းအားပြည့်လည်ပတ်မည်ဆိုပါက တစ်ရက် ချည်ပေါင်ချိန် ၄၈၄၀၊ တန်အားဖြင့် နှစ်တန်ခန့် ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ထွက်ရှိလာသည့် ၂/၈၀ ချည်ချောများကို ပြည်သူလူထုအတွက်လိုအပ်သည့် လုံချည်နှင့် ပိတ်များအဖြစ် ရက်လုပ်မည်ဖြစ်ပြီး ပိုလျှံသည့်ချည်များကို ပြင်ပဈေးကွက်ကို ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ အဆင့်မြင့်ချည်ထည်များထုတ်လုပ်နိုင်သည့် ဝါမျိုးကောင်းမျိုးသန့်များကို စိုက်နည်းစနစ်မှန်ကန်စွာဆောင်ရွက်ပြီး ဝါအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ကြရန်လိုအပ်သကဲ့သို့ တစ်ဖက်ကလည်း ဝါကြိတ်စက်ရုံများ၊ ချည်မျှင်နှင့်အထည်စက်ရုံများကို အဆင့်မြှင့်တင်ပေးပြီး ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းတစ်ခုအပါအဝင်ဖြစ်သော မြန်မာ့ချည်ထည်ထုတ်လုပ်မှုမြင့်မားတိုးတက်ရေးကို ဝါစိုက်ပျိုးတောင်သူများ၊ ချည်မျှင်နှင့်အထည်ထုတ်လုပ်သူလုပ်ငန်းရှင်များအားလုံး ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးဈေးကွက်အတွင်း အောင်ပန်းမှထွက်ရှိသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်လာ



မန္တလေး ဒီဇင်ဘာ ၁၈

မန္တလေး ဈေးကွက်အတွင်း အောင်ပန်းမှ ထွက်ရှိသည့် ကြက်သွန်ဖြူများ အရောင်းအဝယ် ကောင်းမွန်လာကြောင်း အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ပြည်တွင်း ဈေးကွက်အတွင်း အောင်ပန်းမှ ထွက်ရှိသည့် ကြက်သွန်ဖြူများ အရည်အသွေး ကောင်းသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ မန္တလေးဈေးကွက် အတွင်း၌လည်း အောင်ပန်းမှ ထွက်ရှိသည့် ကြက်သွန်ဖြူများကို ကုန်သည်များ အဝယ်လိုက်လာကြောင်း သိရသည်။

"အခု မန္တလေးဈေးကွက်ထဲမှာ အောင်ပန်းဘက်ကနေ ထွက်ရှိတဲ့ ကြက်သွန်ဖြူတွေကို ကုန်သည်တွေအနေနဲ့ အဝယ်တော်တော်များလာတယ်။ ကြက်သွန်ဖြူတွေ အဝယ်လိုက်လာတာကြောင့် မန္တလေး ဈေးကွက်ထဲမှာ အောင်ပန်း ကြက်သွန်ဖြူတွေ အရင်ကထက်ပိုပြီး အရောင်းအဝယ် ပြန်ဖြစ်လာပါတယ်"ဟု အောင် ကြက်သွန်နှင့် အာလူး ပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း၌ ယနေ့ပေါက်ဈေးအရ အောင်ပန်းဘက်မှထွက်ရှိသည့် ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ ခန့်ထိ ပေါက်ဈေးရှိပြီး အရောင်း အဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"အခုလတ်တလော အောင်ပန်း ဘက်ကနေ မန္တလေးကို တင်ပို့တဲ့ ကြက်သွန်ဖြူတွေကို ရန်ကုန်နဲ့ အခြားမြို့တွေကိုလဲ ပြန်ပြီး တင်ပို့နေရပါတယ်။ အောင်ပန်း ကထွက်တဲ့ ကြက်သွန်ဖြူတွေကို ပြည်ပနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံ ဘက်က ကုန်သည်တွေကလဲ မှာယူမှုတွေရှိပါတယ်"ဟု အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၅၁၅၄ ဧက ရိတ်သိမ်းပြီးစီး

ရွှေဘိုး ဒီဇင်ဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၅၁၅၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်း ၁၅၁၅၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ဩဂုတ်လ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၈၁ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ပဲတီစိမ်း ၁၅၁၅၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ဆောင်ရွက်ခဲ့ပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး တို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းစိုက်ပျိုးရာတွင် ပဲတီစိမ်း အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းတို့ကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ပိန်းဥပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် ဒီဇင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ နိုဝင်ဘာလအတွင်းက ပိန်းဥ ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ ကုန်စိမ်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ အောက်တိုဘာလက ပိန်းဥ ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ပိန်းဥ ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ နိုဝင်ဘာလအတွင်း ပိန်းဥ ပိဿာချိန် ၇၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ကျိုက်လတ်မြို့နယ်ကနေ တင်ပို့ခဲ့တဲ့ ပိန်းဥတွေက အရည်အသွေး ကောင်းမွန်တယ်။ ဒေသထွက် ပိန်းဥတွေကို ရန်ကုန်ဈေးကွက် ဝယ်လက်တွေက ဝယ်ယူမှုများနေလို့ တင်ပို့မှုကောင်းခဲ့တာဖြစ်ပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ပိန်းဥ ၁၀ ပိဿာလျှင် ငွေကျပ် ၇၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ပိန်းဥများ အရောင်းအဝယ်ကောင်း လာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း ကောင်းမွန်နေ ကြောင်း ကျိုက်လတ်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးထံမှ သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၅၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၈၉၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## နတ်မောက်မြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ဂဝံမြေနီခင်းခြင်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နတ်မောက် ဒီဇင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဖျောက်ဆိပ်ကုန်း-ဘန်းကုန်း ကျေးရွာချင်းဆက်လမ်း ဂဝံမြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန အငယ်တန်း အင်ဂျင်နီယာ-၃ (မြို့ပြ) ဒေါ်ရွှေစင်ဝင်းသူနှင့် တာဝန်ခံ အင်ဂျင်နီယာများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ နတ်မောက်မြို့နယ် ဖျောက်ဆိပ်ကုန်း-ဘန်းကုန်း ကျေးရွာချင်းဆက်လမ်း ဂဝံမြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဖျောက်ဆိပ်ကုန်း-ဘန်းကုန်း ကျေးရွာချင်းဆက်လမ်း အရှည် တစ်မိုင် လေးဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်လက်မရှိ ဂဝံမြေနီခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၅၈ ဒသမ ၆၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် ငွေယွန်းစံကုမ္ပဏီက ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းလမ်း ဖောက်လုပ်ပြီးစီးပါက ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၂၁၉ အိမ်၊ လူဦးရေ ၈၂၃ ဦးတို့အတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

## ရမည်းသင်းမြို့နယ် ကန်ထက်(မ)ကျေးရွာ၌ ကုန်ထုတ်လမ်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ရမည်းသင်း ဒီဇင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်ထက်(မ) ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်မျိုးလွင်၊ ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးပြည့်စုံဦး၊ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းနှင့် တာဝန်ရှိသူများက ကန်ထက်(မ) ကျေးရွာကုန်ထုတ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကန်ထက်(မ)ကျေးရွာ၌ ကုန်ထုတ်လမ်း အရှည် ၁ ဒသမ ၆၆၇ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁ ပေ ၉ လက်မ ချင်းကျောက်ခင်းခြင်း လုပ်ငန်းကို အဆိုပါဦးစီးဌာနမှ နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ် ၁၈ ဒသမ ၆၆ သန်းဖြင့် တာဝန်ယူ၍ နိုဝင်ဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

## ဟသ္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ဟသ္သာတ ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း မတ်ပဲ ၁၆ ပြည်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟသ္သာတမြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုမွန်က ပြောပြ၍ သိရသည်။

ဟသ္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်မတ်ပဲများကို ဟသ္သာတမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များက ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ကို နိုဝင်ဘာလထဲမှာ မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက်မတ်ပဲတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဟသ္သာတမြို့နယ်ကထွက်ရှိတဲ့ မတ်ပဲတွေအပြင် အခြား ပဲအမျိုးအစားတွေကိုလဲ ရန်ကုန်ဈေးကွက်ကို အဓိကထား တင်ပို့ ရောင်းချနေပါတယ်။ ပြည်တွင်းဈေးကွက်အပြင် ပြည်ပနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံကပါ မတ်ပဲတွေ ဝယ်ယူမှု များပြားနေပါတယ်"ဟု ဟသ္သာတမြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုမွန်က ပြောပြသည်။

ဟသ္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မတ်ပဲ ၁၆ ပြည်ဝင်တစ်အိတ်လျှင်ငွေကျပ် ၁၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ မတ်ပဲများ ဝယ်လိုအားကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေနေကြောင်း ဟသ္သာတမြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုမွန်က ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## လယ်ဝေးမြို့နယ် ကြို့ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြို့ကုန်းခေတ်မီစံပြကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို Mobile Financial Payment စနစ် အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Myanmar Citizens Bank မှ တာဝန်ရှိသူ ဦးရဲနိုင်ဝင်းက Mobile Financial Payment အကောင့်ဖွင့်ပေးခြင်းနှင့် ငွေပေးချေနိုင်မည့်နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကြို့ကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၁ ဦးကို Mobile Financial Payment စနစ်ဖြင့် ရန်ပုံငွေကျပ် ၃၄ ဒသမ ၀၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

## ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ၁၀၁၂ ဧက ရိတ်သိမ်းပြီးစီး

**ရွှေဘို ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ၁၀၁၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၁၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောမတ်ပဲခင်းများကို ယခုနှစ် သြဂုတ်လမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ရွှေဘိုမြို့နယ်တွင် ၉၆၇ ဧက၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ၄၅ ဧက စုစုပေါင်း ၁၀၁၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၄၉ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ မတ်ပဲ ၁၀၁၂ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မတ်ပဲစိုက်ခင်းတွေ လက်ရှိမှာ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်။ မတ်ပဲစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကို မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။


ယခုနှစ် ရွှေဘိုခရိုင်တွင် မတ်ပဲစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရာတွင် ပဲသီးနှံ အထွက်နှုန်း ကောင်းမွန်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)



# မြင်းခုန်တိုင်မြို့ဟောင်း

## ဗိုလ်ရှိတ်(ရတနာပူရ)




မြင်းခုန်တိုင်မြို့ဟောင်း

မြင်းခုန်တိုင်မြို့ဟောင်းသည် ကျောက်ဆည်မြို့နယ်အတွင်း၌ တည်ရှိသည်။ ကျောက်ဆည်မြို့ အနောက်ပိုင်း ပန်းလောင်မြစ်၏ အရှေ့ဘက်ကမ်း ဒါန်းချောင်း၏ တောင်ဘက်တွင်ရှိသည်။

လတ္တီတွဒ်၊ လောင်ဂျီတွဒ်အားဖြင့် မြောက်လတ္တီတွဒ် ၂၂ ဒီဂရီ ၃၁ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီတွင်တည်ရှိသည်။ လယ်တွင်း ၁၁ ရွာ အဝင်မြို့များတွင် မြင်းခုန်တိုင်မြို့သည် လယ်တွင်း ၁၁ ရွာ၏ အလယ်ဗဟိုတည့်တည့်တွင် တည်ရှိနေသည်။ လယ်တွင်း ၁၁ ရွာအဝင်မြို့များတွင် တောင်ဘက်ဆုံး ပင်လယ်မြို့နှင့်လည်း ၁၇ မိုင်ခန့်ကွာဝေးသလို မြောက်ဘက်ဆုံးတပြက်သာမြို့နှင့်လည်း ၁၇ မိုင်ခန့် ကွာဝေးသည်။

### ဒွတ္တပေါင်မင်းတည် မြင်းခုန်တိုင်

ဇမ္ဗူ့ဒီပဥဆောင်းကျမ်းအလိုအရမူ မြင်းခုန်တိုင်မြို့ကို သာသနာသက္ကရာဇ် ၁၂၁ ခု မိဂသီနက္ခတ် ၇ လုံး ၁ ပတ် တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ ကြာသပတေးနေ့ ညဉ့် ၂ ချက်တီးအချိန်တွင် ဒွတ္တပေါင်မင်းကြီးက တည်ထားခဲ့ကြောင်း ဖော်ပြထားသည်။ မြို့တည်ရာတွင် စန္ဒသီရိ၊ နန္ဒသီရိ၊ သူရသိဒ္ဓိကျော်တို့နှင့် ငယ်သားလူပေါင်း ၁၀၀ တို့ဖြင့်တိုင်းတာ၍ တည်ခဲ့ကြောင်း သိရသည်။ သို့ဖြစ်သောကြောင့် မြင်းခုန်တိုင်မြို့သည် အနော်ရထာမင်းမတည်မီ နှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သော မြို့ဟုဆိုရပေမည်။

### ရှေးခေတ်အကျယ်အဝန်း

ရှေးခေတ်မြင်းခုန်တိုင်နယ်၏ အကျယ်အဝန်းကို ဇမ္ဗူ့ဒီပဥဆောင်းကျမ်းတွင်လည်း တွေ့ရသကဲ့သို့ မြို့ရွာနယ်ပယ်သမိုင်းကျမ်းတွင်လည်း တွေ့ရသည်။ ဇမ္ဗူ့ဒီပဥဆောင်းကျမ်းထက် မြို့ရွာနယ်ပယ်သမိုင်းကျမ်းက နယ်နိမိတ်အကွာအဝေးကို တာစာရင်းနှင့် တကွဖော်ပြထားသဖြင့် ပို၍မှတ်သားဖွယ်ရာဖြစ်သည်။ ထို့ကြောင့် မြို့ရွာနယ်ပယ်သမိုင်းလာ မြင်းခုန်တိုင်မြို့နယ်အကျယ်အဝန်းကို ဖော်ပြရပေမည်။ မြို့ရွာနယ်ပယ်သမိုင်းကျမ်းတွင်လည်း သက္ကရာဇ် ၉၉၉ ခုနှစ် သာလွန်မင်းတရားကြီးလက်ထက် ကောက်ယူခဲ့သော နယ်မြေအကျယ်အဝန်းနှင့် သက္ကရာဇ် ၁၀၃၁ ခုနှစ် ပြည်မင်းလက်ထက်ကောက်ယူခဲ့သော နယ်မြေအကျယ်အဝန်းဟူ၍ နှစ်မျိုးတွေ့ရပြန်သည်။ သက္ကရာဇ် ၉၉၉ ခုနှစ် သာလွန်မင်းတရားကြီးလက်ထက် ကောက်ယူခဲ့သော် စစ်တမ်းတွင် မြင်းခုန်တိုင်နယ်၏ အကျယ်အဝန်းမှာ-

"-အရှေ့ကိုလားသော် တာ ၂၅၀၀ အကွာ သူငယ်တော်မြေချောင်းတဘက် ကျောက်ခုတိုင် မိုးညှင်းမိုးကောင်းပါ အစုလူနေသည့်မြေသည် အခြား။

- တောင်ကိုလားသော် မြောင်းတဘက်ကို ရန်ကြီးဒိုင်မြေအစပ်၊ မြောင်းကြီးသည် အခြားတာ ၂၃၀၀ အကွာ။

-အနောက်ကိုလားသော် တာပေါင်း ၂၇၀၀ အကွာ ချောင်းတဘက်မည် ဇလိတောနတ်စုမြေလျှင်အခြား။

- မြောက်ကိုလားသော် တာပေါင်း ၂၄၀၀ အကွာ ထန်းတောဥယျာဉ်ထိ ကိုရန်ကြီးမြေမြောက်သည် အခြား"ဟူ၍ဖြစ်ပေသည်။ ပြည်မင်းလက်ထက် သက္ကရာဇ် ၁၀၃၀ ခုနှစ် ကောက်ယူခဲ့သော စစ်တမ်းလာအကျယ်အဝန်းမှာလည်း သာလွန်မင်းတရားကြီးလက်ထက်ကောက်ယူခဲ့သော စစ်တမ်းလာအကျယ်အဝန်းနှင့် အကွာအဝေးတာစာရင်းများကအစ တူညီနေသည်။ သို့ဖြစ်သောကြောင့် ထိုစာရင်းကို ဖော်ပြရန်မလိုတော့ပေ။ မြင်းခုန်တိုင်နယ်အတွင်း၌ ရွာပေါင်း ၂၅ ရွာမျှရှိ၏။ နယ်လေးရပ်အတွင်း ဘုရားဝတ်မြေ ၃ ရပ်၊ ကျောင်းမြေ ၂၀၊ ပယ်ပေါင်း ၂၅၆၃ ပဲ ၂ ပယ်၊ ပွဲ ၄ ရပ်၊ ဆိပ် ၃ ရပ်၊ ဘုရားဂူကျောင်း ၁၀၊ ချောင်းကြီး ၂၊ မြစ် ၁ ဆိပ်ရှိကြောင်း မြို့ရွာနယ်ပယ်သမိုင်း၌ ဆိုထားပေသည်။ ဇမ္ဗူ့ဒီပဥဆောင်းကျမ်း၌မူ မြင်းခုန်တိုင်မြို့နယ်အတွင်း ကျေးရွာပေါင်း ၄၉ ရွာရှိကြောင်း ဖော်ပြထားသည်။

### မြင်းခုန်တိုင်သူကြီး

မြင်းခုန်တိုင်မြို့တွင် ခေတ်အဆက်ဆက်အုပ်ချုပ်ခဲ့သော သူကြီးအစဉ်အဆက် များစွာရှိမည်ဖြစ်သော်လည်း ယခုအခါ၌ ကျောက်စာတချို့တွင် တွေ့ရသော အမည်နှင့် မြင်းခုန်တိုင်စာတမ်းပါ သူကြီးအမည်များကိုဖော်ပြပါဦးမည်။ မြင်းခုန်တိုင်ရွာသူကြီး အမည်ကို အစောဆုံးတွေ့ရသည့်ကျောက်စာမှာ သက္ကရာဇ် ၆၁၀ ပြည့်နှစ်ထိုး ရှင်မဟာကဿပကျောင်းကျောက်စာဖြစ်သည်။ ထိုကျောက်စာမျက်နှာဘက်ကြောင်းရေ ၂၆ တွင် "မြင်း ခုန်တိုင်ရွာသူကြီး ချတြဗိုလ်"ဟူ၍ တွေ့ရပေသည်။ ထိုကျောက်စာအရ သက္ကရာဇ် ၆၁၀ ပြည့်ခန့်က မြင်းခုန်တိုင်မြို့တွင် ချတြဗိုလ်အမည်ရှိသောသူကြီးက စီရင်အုပ်ချုပ်ခဲ့ကြောင်း သိရပေသည်။ နောက်ထပ်တွေ့ရသော သူကြီးအမည်များပါသည့် မှတ်တမ်းမှာ ဇမ္ဗူ့ဒီပဥဆောင်းကျမ်း၌ပါသော စစ်တမ်းနှင့် ရှေးခေတ်မြန်မာနိုင်ငံ မြို့ရွာနယ်ပယ် သမိုင်း၌ပါသော စစ်တမ်းတို့ဖြစ်သည်။ ၎င်းစစ်တမ်းများအရ တွေ့ရသော သူကြီးတို့မှာ-

၁။ ငအောင်စံ(ဇမ္ဗူ့ဒီပ)

၂။ သေက်ထွန်း(ဇမ္ဗူ့ဒီပ)

၃။ ငပုံစံ(ဇမ္ဗူ့ဒီပ)

၄။ ငပုံကြီး(ဇမ္ဗူ့ဒီပ)

၅။ ဇေယျပုည(မြို့ရွာနယ်ပယ်သမိုင်း)

၆။ ငရွှေစ(မြို့ရွာနယ်ပယ်သမိုင်း)

၇။ ငထွန်း (မြို့ရွာနယ်ပယ်သမိုင်း)ဖြစ်ပါသည်။

### ကုန်းဘောင်ခေတ် အိမ်ခြေစာရင်း

၁၁၈၈ ခုနှစ် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက် ဆက်သွင်းခဲ့သော အိမ်ခြေစာရင်းချုပ်တစ်ခုတွင် မြင်းခုန်တိုင်မြို့ရှိ အိမ်ခြေစာရင်းကို တွေ့ရသည်။ ထိုစာရင်းအရ မြင်းခုန်တိုင်မြို့တွင် အသည် ၉၃ အိမ်၊ စုခြား ၄၉၃ အိမ် နှစ်ခုပေါင်း အိမ်ခြေ ၅၈၆ အိမ်ရှိခဲ့သည်။ ထိုအရေအတွက်တွင် ထပ်မံ၍ အသည် ၉၈ အိမ်၊ စုခြား ၁၄၆၆ အိမ် နှစ်စုပေါင်း ၁၅၆၄ အိမ် ထပ်ဖြည့်ခဲ့သည်။ နဂိုရှိရင်းနှင့် ထပ်ဖြည့်အိမ်ခြေပေါင်းလျှင် မြင်းခုန်တိုင်မြို့တွင် အသည် ၁၉၁ အိမ်၊ စုခြား ၁၉၅၉ အိမ်နှစ်ခုပေါင်းအိမ်ခြေ ၂၁၅၀ မျှရှိခဲ့သည်။ အိမ်ခြေ ၂၀၀၀ ကျော်ဟူသော အရေအတွက်သည် နည်းလှသည့် အရေအတွက်မဟုတ်ပေ။ အိမ်ခြေထိုမျှရှိခြင်းသည် ထိုအချိန်အခါက မြင်းခုန်တိုင်မြို့နယ်သည် စီးပွားရေးပြေလည်၍ သီးနှံအထွက်နှုန်းလည်း များသည်ဟုဆိုနိုင်ပေသည်။ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်ပင် ခွဲဝေဖွဲ့စည်းခဲ့သော အမှုထမ်းခွဲဝေရန်ထားသည့် စာရင်းတစ်ခု၌ မြင်းခုန်တိုင်မြို့တွင် အမှုထမ်းရ အိမ်ခြေ ၆၅၄ အိမ်ရှိကြောင်း သိရပေသည်။

### ကျောက်စာများတွင်တွေ့ရသော မြင်းခုန်တိုင်

ပုဂံခေတ်ထိုးကျောက်စာများတွင် မြင်းခုန်တိုင်၏ အမည်ကို မြင်းခုံမ်တိုင်၊ မြင်းခုန္တိုင်ခရိုန်၊ မြင်ခုန်တိုင်တိုက် စသည်ဖြင့်ရေးသားကြသည်။ သက္ကရာဇ် ၅၆၀ ပြည့်နှစ်ထိုး ဓမ္မရာဇိက ကျောက်စာတစ်ချပ်တည်း၌ပင် မြင်းခုန်တိုင်၏အမည်ကို မြင်ခုံမ်တိုင်၊ မြင်ခုန္တိုင်ခရိုင်၊ မြင်ခုန်တိုင်တိုက်ဟူ၍ ရေးသားထားသည်ကို တွေ့ရသည်။ မြင်းခုန်တိုင်အမည်ကို အစောဆုံးတွေ့ရသည့်ကျောက်စာမှာ သက္ကရာဇ် ၅၄၅ ခုထိုး စူဠာမဏိဘုရားကျောက်စာဖြစ်သည်။ ထိုကျောက်စာကြောင်းရေ ၂၀ တွင် မြင်ခုန်တိုင်ခရိုန်ဟူ၍ ရေးထိုးထားသည်။ မြင်းခုန်တိုင်အမည်ပါသော ပုဂံခေတ်ထိုး ကျောက်စာတို့မှာ-

၁။ မြင်ခုန်တိုင်ခရိုန် = စူဠာမဏိဘုရားကျောက်စာ(၅၄၅)

၂။ မြင်ခုံမ်တိုင်၊မြင်ခုန္တိုင် ခရိုန်၊မြင်ခုန်တိုင်တိုက် = ဓမ္မရာဇကဘုရားကျောက်စာ (၅၆၀ ပြည့်နှစ်ထိုး)

၃။ မြင်ခုန်တိုက် = မဟာသေနာပတိ အန္တသူရမောင်နှံကျောက်စာ (၅၈၅ ခုထိုး)

၄။ မြင်ခုန်တိုင် = ရှင်မဟာ ကဿပ ကျောင်း ကျောက်စာ (၆၁၀ပြည့်နှစ်ထိုး)

၅။ မြင်ခုန်တိုင် = ညောင်ဦးမြို့ ရွှေစည်းခုံဘုရားကို ကျွန်လှူသော ကျောက်စာ(၆၁၁ခုထိုး)

၆။ မြင်ခုန်တိုင် = သခင်စစ်ပိုလ် ကျောက်စာ (၆၁၇ခုထိုး)

၇။ မြင်ခုန်တိုင် = မင်းမယား စခီပိုရ် ကျောက်စာ(၆၃၃ခုထိုး)

၈။ မြင်ခုန်တိုင် = သံပျင် လက်ဆောင် ကျောက်စာ(၆၃၅ခုထိုး)

၉။ မြင်ခုန်တိုင် = သမျှင်ကြည်စင် လင်မယား စသောသူတို့ ကျောက်စာ(၆၃၆ခုထိုး)

၁၀။ မြင်ခုန်တိုင် = နရသီဟပတေ့ မင်း၏ အရီးစောမိဖွားကျောက်စာ(၆၃၇ ခုထိုး)

၁၁။ မြင်ခုန်တိုင် = တာမလိန် ကျောင်း ကျောက်စာ( ၆၂၄ခုထိုး)

၁၂။ မြင်ခုန်တိုင် = အမတ်ကြီး ဣန္ဒပစ္စရာ ကျောက်စာ(၆၅၅ခုထိုး)

၁၃။ မြင်ခုန်တိုင် = အသင်္ခယာ ကျောင်း ကျောက်စာ(၆၆၅ခုထိုး)

စသည်ဖြင့် ဖြစ်ပေသည်။ ဤကျောက်စာတို့အရ မြင်ခုန်တိုင်ဟူသောအမည်သည် ပုဂံခေတ်တစ်လျှောက်လုံး အစဉ်တစိုက်ရေးသားခေါ်ဝေါ်ခဲ့သော အမည်ဖြစ်ကြောင်း သိရသည်။

**❖ဇမ္ဗူ့ဒီပဥဆောင်းကျမ်းအလိုအရမူ မြင်းခုန်တိုင်မြို့ကို သာသနာသက္ကရာဇ် ၁၂၁ ခု မိဂသီနက္ခတ် ၇ လုံး ၁ ပတ် တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ ကြာသပတေးနေ့ ညဉ့် ၂ ချက်တီးအချိန်တွင် ဒွတ္တပေါင်မင်းကြီးက တည်ထားခဲ့ကြောင်း ဖော်ပြထားသည်။ မြို့တည်ရာတွင် စန္ဒသီရိ၊ နန္ဒသီရိ၊ သူရသိဒ္ဓိကျော်တို့နှင့် ငယ်သားလူပေါင်း ၁၀၀ တို့ဖြင့်တိုင်းတာ၍ တည်ခဲ့ကြောင်း သိရသည်။ သို့ဖြစ်သောကြောင့် မြင်းခုန်တိုင်မြို့သည် အနော်ရထာမင်းမတည်မီ နှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သောမြို့ဟုဆိုရပေမည်။ ❖**

### မြင်းခုန်တိုင်၏အဓိပ္ပာယ်

မြင်းခုန်တိုင်ဟူသောအမည်သည် မြန်မာအမည်ဖြစ်ပြီး အာဝံဒယဇ်ပူဇော်ပွဲကြီး၌ မိမိတို့မြင်းများကိုလဲကျသေဆုံးသည်ထိ ခုန်ခိုင်းသော ယဇ်ပူဇော်ပွဲကို အစွဲပြုတွင်လာသောအမည်ဟု ပါမောက္ခဂျီအိပ်ချ်လုစ်က ဆိုပေသည်။ ထို့ကြောင့် မြင်းခုန်တိုင်ဟူသောအမည်ကို မြင်းခုန်သည့်တိုင်ဟု မစ္စတာလုစ်က အနက်ဖွင့်ခဲ့သည်။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၂၉၀၂၈၂ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မြောင်းမြ ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၂၉၀၂၈၂ ဧက ထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

မြောင်းမြခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၅၂၁၉၆၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော စပါးခင်းများကို ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ စပါး ၂၉၀၂၈၂ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း၊ ထိုသို့ရိတ်သိမ်းခဲ့သော စပါးတစ်ဧကလျှင် ၉၈ ဒသမ ၇၆ တင်းထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

"မိုးစပါးတွေကို မြောင်းမြခရိုင်မှာ စုစုပေါင်းစပါးဧက ၅၂၀၀၀၀ ကျော်ထိ စိုက်ပျိုးခဲ့ပါတယ်။လက်ရှိ စပါး ၂၉၀၂၈၂ ဧကထိ ရိတ်သိမ်းပြီးစီးသွားပြီဖြစ်ပါတယ်။ စပါးတွေ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ အခုနှစ်စပါးတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် စပါးမစိုက်မီ အချိန်ကနေ လက်ရှိအချိန်ထိ တောင်သူတွေနဲ့ ဌာနပေါင်းစပ်ဆောင်ရွက်ခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မိုးစပါးများမြို့နယ်အလိုက် ရိတ်သိမ်း ပြီးစီးမှုအနေဖြင့် မြောင်းမြမြို့နယ်တွင် ၉၇၅၄၂ ဧက၊ အိမ်မဲမြို့နယ်တွင် ၉၆၆၃၈ ဧက၊ ဝါးခယ်မမြို့နယ်တွင် ၉၆၁၀၂ ဧကဖြစ်ကြောင်း၊ အဆိုပါ မိုးစပါးသီးနှံများအားလုံး လျာထားစိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ သီးနှံများ အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းသီးနှံများ စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူနည်းပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## သားကောင်းရတနာ ဆေးပညာရှင်

- ပြည့်မွန်သားကောင်း ဆေးဗိုလ်လောင်းတို့
  အောင်ကြောင်းကိုယ်စီ ရည်သွေးမီ၍
  ရည်ရွယ်သည့်လမ်း ပြည့်ဝန်ထမ်းရန်
  အောင်ပန်းဆင်နွှဲ ကျောင်းဆင်းပွဲ။

- အမိတက္ကသိုလ် ကျောင်းဗဟိုမှ
  ကိုယ်စီပညာ သင်ယူပါသည်
  ကာလရှည်ကြာ ခြောက်နှစ်တာတွင်
  ပညာလည်းတင့် ဂုဏ်လည်းမြင့်ပြီ
  အသင့်ဝန်တာ ပေးအပ်ရာသို့
  သွားကာထမ်းမည် စိတ်ကရည်၏။

- ကျန်းမာကြံ့ခိုင် ပြည့်မဏ္ဍိုင်ဟု
  စွဲကိုင်မှတ်သား သည်စကားနှင့်
  အများအတွက် ရည်ရွယ်ချက်ဖြင့်
  အခက်အခဲ ကျော်ဖြတ်ရဲလျက်
  စဉ်မြဲဝန်တာ ထမ်းရွက်မည်။

- တပ်မတော်သား လူစွန့်စားနှင့်
  မိသားစုများ အဓိကထား၍
  အများပြည်သူ အလေးမူကာ
  ကြည်ဖြူကုသ ကျန်းမာကြဖို့
  ကြံဆစိတ်မှာ ထားရှိသည်။

- သမားဇာနည် အောင်စစ်သည်ဟု
  ဂုဏ်ရည်ပြည့်ဝ နှလုံးလှသည်
  ပရစိတ်ထား ရင်မှာပွားလျက်
  လူသားအကျိုး စဉ်သယ်ပိုးမည်။

- ခေါင်းဆောင်အင်္ဂါ ဆယ့်ခြောက်ဖြာနှင့်
  ပေးလာတာဝန် ထမ်းကျေပွန်အံ့
  မွန်မြတ်စိတ်ထား ပြည့်ချစ်သားဟု
  သားကောင်းရတနာ ဆေးပညာရှင်
  ကြိုဆိုလျက်ပါ ထာဝစဉ်။ ။

**အာကာမောင်မောင်**

➤ စာမျက်နှာ ၄ မှအဆက်

ထိုဖွင့်ဆိုချက်ကိုယူပြီးနောက် သုတေသီတို့က မြင်းခုန်တိုင်ဟူသော အမည်သည် ရှေးနန်းစောတို့၏မြင်းကို ယဇ်ပူဇော်ခြင်းဓလေ့ကို သတိရဖွယ်အမည်တစ်ခုဖြစ်ကြောင်း ရေးသားလာခဲ့ကြသည်။ သို့သော် မစ္စတာလုစ်၏ဖွင့်ဆိုချက်ကို လုံးလုံးကန့်ကွက်သူ ပညာရှိကြီးတစ်ဦးမှာ ဆရာကြီး ဒေါက်တာထင်အောင်ဖြစ်သည်။ ဆရာကြီးဒေါက်တာထင်အောင်က အာဝံဒယဇ်ပူဇော်ပွဲ(Arvamdha) ဓလေ့သည် အိန္ဒိယပြည်တွင် ဝေဒခေတ်ကရှိခဲ့ဖူးသော်လည်း အရှေ့တောင်အာရှ၌ လုံးဝမရှိခဲ့ဟုဆိုထားသည်။ နောက်ဆုံးအနေဖြင့် တင်ပြလိုသည်မှာ ဆရာကြီး တမ္ပဝတီဦးဝင်းမောင်၏ ယူဆချက်ပင်ဖြစ်သည်။ ဆရာကြီးက "မြန်မာစကားတွင် ဆင်ချည်တိုင်၊ မြင်းချည်တိုင်ဆိုသော စကားများသည် တိုင်ကိုသာဆိုလိုရင်းဖြစ်သည်။မြင်းကြိုးကို ချည်နှောင်ရန်တိုင်များသော တစ်နည်းအားဖြင့် မြင်းတပ်သားများပေါ်များသောမြို့ဟုဆိုလျှင် ပို၍အဆင်ပြေနိုင်သည်"ဟူ၍ တင်ပြထားသည်။ ဆရာကြီး ဒေါက်တာထင်အောင်၏ ယဇ်ပူဇော်ခြင်းဓလေ့ အရှေ့တောင်အာရှ၌မရှိဟု ဆိုထားသည့်အချက်နှင့် ဆရာကြီး တမ္ပဝတီဦးဝင်းမောင်၏ တင်ပြချက်တို့သည် မြန်မာ့ဓလေ့ထုံးစံများနှင့် ပို၍ကိုက်ညီမှုရှိပေသည်။ ယခု မြင်းခုန်တိုင်မြို့ဟောင်းတောင်ဘက်၌ရှိသော မြင်းချီနိုင်ရွာမှာ မြင်းစိုင်းရွှေနန်းရှင်အသင်္ချယာနှင့် မိဖုရားတို့၏မြင်းငယ်ကို မချီလေ့ကျင့်သောဖြစ်ရပ်ကြောင့် မြင်းချီနိုင်ရွာဟု အမည်တွင်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့ဟောင်းပုံစံနှင့် အကျယ်အဝန်း**

မြင်းခုန်တိုင်မြို့ပုံစံမှာ မြင်းခွာပုံမြို့ပုံစံပင်ဖြစ်သည်။ အဖြောင့်မြို့ရိုးမှာ တောင်ဘက်တွင်ရှိသည်။ လယ်တွင်းဒေသ၌ရှိသော မြင်းခွာပုံမြို့ရိုးများတွင် မြင်းခုန်တိုင်မြို့သည် မြင်းခွာပုံစံအပီပြင်ဆုံးနှင့် အလှဆုံးမြို့ရိုးတစ်ခုဟု ဆိုနိုင်ပေသည်။ ဇမ္ဗူ့ကွန်ချာကျမ်းတွင် မြင်းခုန်တိုင်မြို့သည် ၇၈၈ တာ ကျယ်ဝန်းကြောင်း ဖော်ပြထားသည်။ နန်းစဉ်စာရင်းချုပ်ကြီးနှင့် ဇာတာတော်ပုံ ရာဇဝင်တို့တွင်လည်း မြင်းခုန်တိုင်မြို့မှာ ခုနစ်ကျိပ်ပြုမြို့ဖြစ်ပြီး တာပေါင်း ၇၈၈ တာကျယ်ဝန်းကျောင်း တူညီစွာဖော်ပြထားကြသည်။ မျက်မှောက်ခေတ်အတိုင်းအတာအရမူ မြင်းခုန်တိုင်မြို့သည် ပတ်ပတ်လည်အလျားပေါင်း ပေ ၉၇၉၀ ခန့် ရှည်လျား၍ ဧကအားဖြင့် ၁၅၀ ခန့်ကျယ်ဝန်းသည်။ ယခုအခါ၌ မြင်းခုန်တိုင်မြို့ဟောင်းအတွင်း၌ လူနေအိမ်ခြေများမရှိဘဲ လယ်ကွင်းများအဖြစ် သီးနှံပင်များစိုက်ပျိုးထားသည်ကိုသာ တွေ့ရသည်။ ထိုသို့ လူနေအိမ်ခြေမရှိခြင်းသည်ပင်လျှင် မြင်းခုန်တိုင်မြို့ဟောင်း ရေရှည်တည်တံ့ရေးအတွက် ကောင်းသည်ဟူ၍ ဆိုရပေမည်။

## နိုင်ငံတကာ သတင်းများ

# ဖခင်ကင်ဂျုံအီလ် ကွယ်လွန်မှု ၁၃ နှစ်ပြည့်အဖြစ် ကွမ်ဆူဆန်နေနန်းတော်သို့ ကင်ဂျုံအန် သွားရောက်



ပြုံယမ်း ဒီဇင်ဘာ ၁၈

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ဒီဇင်ဘာ ၁၇ ရက်တွင် ပြုံယမ်းမြို့ရှိ ကွမ်ဆူဆန်နေနန်းတော်သို့ သွားရောက်၍ ကွယ်လွန်သူဖခင်ဖြစ်သူ ကင်ဂျုံအီလ်ကို ဂါရဝပြုခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရ မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ကင်ဂျုံအီလ်ကွယ်လွန်မှု ၁၃ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကွမ်ဆူဆန်နေနန်းတော်သို့မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန် သွားရောက်၍ ဖခင်ကို ဂါရဝပြုခဲ့ခြင်းဖြစ်သည်။

ကေစီအင်န်အေ သတင်းဌာန၏အဆိုအရ မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်၏ ကွမ်ဆူဆန်နေနန်းတော် ခရီးစဉ်တွင် လက်ရှိအာဏာရကိုရီးယားအလုပ်သမားပါတီနှင့် အစိုးရအဖွဲ့တို့မှ ထိပ်တန်းခေါင်းဆောင်များလည်း လိုက်ပါသွားကြောင်း သိရသည်။

ကွမ်ဆူဆန်နေနန်းတော်တွင် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်သည် ကင်ဂျုံအီလ်နှင့် အဘိုး ကင်မ်အီးဆွန်းတို့၏ ရုပ်တုများရှေ့မှောက်၌ ပန်းခွေချ၍ ဦးညွှတ် အလေးပြုခဲ့ကြောင်း ကေစီအင်န်အေသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကင်ဂျုံအန်၏ဖခင် ကင်ဂျုံအီလ်သည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် နှလုံးရုတ်တရက်ဖောက်မှုကြောင့် ကွယ်လွန်ခဲ့သည်။

ကင်ဂျုံအီလ် ကွယ်လွန်ခဲ့ပြီးနောက် မြောက်ကိုရီးယားခေါင်းဆောင်နေရာကို လက်ရှိခေါင်းဆောင်ကင်ဂျုံအန်က ဆက်လက်ရယူခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# ဒမတ်စကတ်မြို့ရှိ သံရုံးကိုပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာန ထုတ်ပြန်

ပဲရစ် ဒီဇင်ဘာ ၁၈

ပြင်သစ်နိုင်ငံသည်ဒမတ်စကတ်မြို့ရှိပြင်သစ်သံရုံးကို ဒီဇင်ဘာ ၁၇ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ပြင်သစ်နိုင်ငံသည် ဆီးရီးယားပြည်တွင်းစစ်စတင်ဖြစ်ပွားခဲ့သည့် ၂၀၁၁ ခုနှစ်နောက်ပိုင်း ဆီးရီးယားနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံးကို ပိတ်ထားခဲ့သည်။

သို့ရာတွင် ဒမတ်စကတ်မြို့ရှိ ပြင်သစ်သံရုံးကို ဒီဇင်ဘာ ၁၇ ရက်တွင် ပထမဆုံးအကြိမ် ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

သမ္မတဟောင်း အာဆတ် ဦးဆောင်သည့် ဆီးရီးယားအစိုးရအဖွဲ့ ဒီဇင်ဘာ ၈ ရက်တွင် ပြိုလဲခဲ့ရပြီးနောက် ဆီးရီးယားခေါင်းဆောင်သစ်များနှင့် ထိတွေ့ဆက်ဆံရန် အခြားအနောက်အုပ်စုနိုင်ငံများနှင့် ဥရောပသမဂ္ဂတို့ကလည်း ပြင်ဆင်လျက်ရှိသည်။

ဟာယက်တာရီရာအယ်လ်ရှန် အမည်ရှိ သူပုန်အုပ်စုခေါင်းဆောင်သော ဆီးရီးယားသူပုန်များသည် ဒီဇင်ဘာ ၄ ရက်တွင် ဒမတ်စကတ်မြို့ကိုထိန်းချုပ်ခဲ့ရာ ဆီးရီးယားသမ္မတဟောင်းအာဆတ်၏ ၂၄ နှစ်ကြာ အုပ်ချုပ်မှုအဆုံးသတ်ခဲ့ရသည်။

ပင်လယ်ကွေ့ဒေသ အာရပ်နိုင်ငံတစ်နိုင်ငံဖြစ်သော ကာတာနိုင်ငံသည်လည်း ဒမတ်စကတ်မြို့ရှိ ကာတာသံရုံးကို ပြန်လည်ဖွင့်လှစ်ထားပြီး ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# တရုတ်သမ္မတရှီကျင့်ဖျင် မကာအိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ရောက်ရှိ



ပေကျင်း ဒီဇင်ဘာ ၁၈

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် တရုတ်ပြည်အချုပ်အခြာအောက်မကာအိုပြန်လည်ရောက်ရှိမှု ၂၅ နှစ်ပြည့်အခမ်းအနားများ တက်ရောက်ရန် ဒီဇင်ဘာ ၁၈ ရက်တွင် မကာအိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ရောက်ရှိခဲ့သည်။

သုံးရက်ကြာ မကာအိုခရီးစဉ်အတွင်း သမ္မတရှီကျင့်ဖျင်သည် တရုတ်အချုပ်အခြာအောက် ပြန်လည်ရောက်ရှိမှု ၂၅ နှစ်ပြည့်အခမ်းအနားများနှင့် မကာအိုအုပ်ချုပ်ရေးမှူးသစ် ကျမ်းသစ္စာကျိန်ဆိုပွဲသို့ တက်ရောက်မည်ဖြစ်သည်။

ယခုခရီးစဉ်သည် တရုတ်သမ္မတရှီကျင့်ဖျင်အတွက် တရုတ်သမ္မတရာထူးရယူခဲ့ပြီးနောက်ပိုင်း တတိယမြောက် မကာအိုခရီးစဉ်ဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် မကာအိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ၂၀၁၉ ခုနှစ်တွင် နောက်ဆုံးတစ်ကြိမ်သွားရောက်ခဲ့သည်။

ပေါ်တူဂီ ကိုလိုနီနယ်မြေအဖြစ် နှစ်ပေါင်း ၄၀၀ ကျော် ရပ်တည်ခဲ့ရပြီးနောက် မကာအိုဒေသသည် ၁၉၉၉ခုနှစ် ဒီဇင်ဘာ ၂၀ရက်တွင် တရုတ်အချုပ်အခြာအောက် ပြန်လည်ရောက်ရှိခဲ့သည်။

မကာအိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် တရုတ်နိုင်ငံ၌ ကာဆီနို လောင်းကစားလုပ်ငန်းများ တရားဝင်ရပ်တည်နိုင်သည့် တစ်ခုတည်းသော နေရာဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ဟန္ိုင်းနိုင်ငံတကာစစ်လက်နက်ပစ္စည်းပြပွဲ၌ ပြည်တွင်းထုတ်လက်နက်စနစ်များ ဗီယက်နမ်ပြသမည်



ဟန္ိုင်း ဒီဇင်ဘာ ၁၈

ဟန္ိုင်းမြို့၌ကျင်းပမည့် ဒုတိယအကြိမ် ဗီယက်နမ် နိုင်ငံတကာစစ်လက်နက်ပြပွဲ၌ ပြည်တွင်းဖြစ်လက်နက် အမျိုးအစားများကို ပထမဆုံးအကြိမ်အဖြစ် ထုတ်ဖော်ပြသရန် ဗီယက်နမ်နိုင်ငံက စီစဉ်ထားကြောင်း ဒီဇင်ဘာ ၁၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဒီဇင်ဘာ ၁၉ ရက်တွင် စတင်မည့် အဆိုပါ နိုင်ငံတကာစစ်လက်နက်ပြပွဲတွင် ရုရှား၊ အမေရိကန်နှင့် တူကီယဲအပါအဝင် ကမ္ဘာ့နိုင်ငံများမှ လက်နက်ကုမ္ပဏီ ၂၅၀ နီးပါးတို့ ပါဝင်ပြသမည်ဖြစ်သည်။

ထို့ပြင် အဆိုပါစစ်လက်နက်ပြပွဲတွင် ဗီယက်နမ်အစိုးရစစ်လက်နက် ထုတ်လုပ်ရေးကုမ္ပဏီများကလည်း ပထမဆုံးအကြိမ်အဖြစ် ၎င်းတို့ထုတ်လုပ်ထားသော လက်နက်စနစ်များကို ထည့်သွင်းပြသရန် စီစဉ်ထားသည်။

အဆိုပါလက်နက်စနစ်များထဲတွင် လေကြောင်းရန်ကာကွယ်ရေးစနစ်များ၊ လေကြောင်းရန်ကာကွယ်ရေး ရေဒါစနစ်များ၊ သံချပ်ကာယာဉ်များနှင့် အမြောက်စနစ်များ ပါဝင်မည်ဖြစ်ကြောင်း ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဗီယက်နမ် နိုင်ငံတကာစစ်လက်နက်ပြပွဲ(၂၀၂၄)တွင် တရုတ်အခြေစိုက် လက်နက်ထုတ်လုပ်ရေးကုမ္ပဏီများလည်း ပါဝင်မည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် ၎င်း၏ ပထမဆုံးနိုင်ငံတကာစစ်လက်နက်ပြပွဲကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ဟစ်ဇ်ဘိုလာအုပ်စုပိတ်ပင်ရေးဥပဒေကြမ်း ဆွစ်ဇာလန်အောက်လွှတ်တော် အတည်ပြု

ဇူးရစ် ဒီဇင်ဘာ ၁၈

လက်ဘနွန်နိုင်ငံ အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုကို တရားမဝင်အသင်းအဖွဲ့အဖြစ် သတ်မှတ်ရေးဥပဒေကြမ်းကို ဆွစ်ဇာလန်အောက်လွှတ်တော်က ဒီဇင်ဘာ ၁၇ ရက်တွင် မဲခွဲအတည်ပြုခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံသည် ကြားနေဝါဒကျင့်သုံးပြီး နိုင်ငံတကာပြဿနာများအား ဆွေးနွေးရေးလမ်းစဉ်ဖြင့် ဖြေရှင်းရေးမူဝါဒကို အစဉ်တစ်စိုက် ကျင့်သုံးခဲ့သည့် နိုင်ငံဖြစ်ပြီး ရှားရှားပါးပါးဖြစ်စဉ်အဖြစ် ဟစ်ဇ်ဘိုလာအဖွဲ့ကိုပိတ်ပင်ရန် မဲခွဲအတည်ပြုခဲ့ခြင်းဖြစ်သည်။

ဟစ်ဇ်ဘိုလာအုပ်စုအားတရားမဝင်အဖွဲ့အစည်းအဖြစ် သတ်မှတ်ရေးဥပဒေကြမ်းကို ဆွစ်ဇာလန်အောက်လွှတ်တော်က ထောက်ခံမဲ ၁၃၆ မဲ၊ ကန့်ကွက်မဲ ၂၀ ဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ယင်းဥပဒေကြမ်းကို ဆွစ်ဇာလန်အထက်လွှတ်တော်က ပြီးခဲ့သည့်ရက်သတ္တပတ်က မဲခွဲအတည်ပြုပေးခဲ့ပြီးဖြစ်သည်။

ဆွစ်ဇာလန်နိုင်ငံသည် ရှေးယခင်က အယ်ကိုင်ဒါအကြမ်းဖက်အုပ်စုနှင့် အစ္စလာမ်မစ်အကြမ်းဖက်အုပ်စု (အိုင်အက်စ်)တို့ကိုသာ တရားမဝင်အသင်းအဖွဲ့များအဖြစ် ပိတ်ပင်ခဲ့ဖူးသည်။

ဟစ်ဇ်ဘိုလာအဖွဲ့သည် နိုင်ငံတကာလုံခြုံရေးအတွက် ခြိမ်းခြောက်မှုတစ်ခုဖြစ်လာခဲ့ပြီဖြစ်ရာ ဆွစ်ဇာလန်နိုင်ငံအနေဖြင့် ယင်းအုပ်စုကို ပိတ်ပင်ရန်လိုကြောင်း ဆွစ်ဇာလန်လွှတ်တော်အမတ်များက ပြောကြားထားသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက ကိုးဝန် အမျိုးသားအင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်ကို စတင်တည်ဆောက်နေပြီဖြစ်



ပေကျင်း ဒီဇင်ဘာ ၁၈

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ကိုးဝန်အမည်ရှိ အမျိုးသားအင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်ကို စတင်တည်ဆောက်နေပြီဖြစ်ကြောင်း ဒီဇင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

ဒီဇင်ဘာ ၁၆ ရက်တွင် တရုတ်အမျိုးသား အာကာသအေဂျင်စီသည်ကိုးဝန်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်၏ ပထမဆုံး ဂြိုဟ်တုများကို လောင်းမတ်ချ်-၅ ဘီ ဒုံးပျံဖြင့် လွှတ်တင်ခဲ့သည်။

ကိုးဝန် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများ သယ်ဆောင်ထားသည့် လောင်းမတ်ချ်-၅ ဘီ ဒုံးပျံကို ဟိုင်နန်ကျွန်း ဝန့်ချန်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လောင်းမတ်ချ်-၅ ဘီ ဒုံးပျံအနေဖြင့် သယ်ဆောင်သွားသည့် ကိုးဝန် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများကို သက်ဆိုင်ရာပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်ပေးခဲ့ကြောင်း လွှတ်တင်ပြီး နှစ်နာရီအကြာတွင် တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် ဒီဇင်ဘာ ၁၆ ရက် မစ်ရှင်ဖြင့် လွှတ်တင်ခဲ့သည့် ကိုးဝန် ဂြိုဟ်တုအရေအတွက်ကို တရုတ်အမျိုးသား အာကာသအေဂျင်စီက ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ပေ။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ကိုးဝန်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်ကို ဂြိုဟ်တုအစင်း ၁၃၀၀၀ ဖြင့် ဖွဲ့စည်းတည်ဆောက်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## ကမ္ဘာ့ရှေးအကျဆုံး အသားစားနို့တိုက်သတ္တဝါတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို စပိန်နိုင်ငံ၌ တူးဖော်တွေ့ရှိ

မက်ဒရစ် ဒီဇင်ဘာ ၁၈

ကမ္ဘာ့ရှေးအကျဆုံး အသားစား နို့တိုက်သတ္တဝါတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို နိုင်ငံတကာ သိပ္ပံပညာရှင်များက စပိန်နိုင်ငံ၌ တူးဖော်တွေ့ရှိထားကြောင်း ဒီဇင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

အဆိုပါ ကမ္ဘာဦးသက်ရှိ၏ ကျောက်ဖြစ်ရုပ်ကြွင်းမှာ သက်တမ်းအားဖြင့် နှစ်ပေါင်း သန်း ၂၅၀ နှင့် သန်း ၂၇၀ ကြားတွင်ရှိရာ ကမ္ဘာ့ရှေးအကျဆုံး နို့တိုက်သတ္တဝါ ကျောက်ဖြစ်ရုပ်ကြွင်း ဖြစ်နိုင်ကြောင်း စပိန်သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါကမ္ဘာဦးသက်ရှိသည် ယနေ့ခေတ်ခွေးများနှင့် ပုံစံချင်း အကြမ်းဖျင်းတူပြီး ချွန်မြသည့် သွားများပါရှိသော်လည်း နားရွက်များမပါသကဲ့သို့ အမွေးအမှင်များလည်းမရှိကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အဆိုပါ ကမ္ဘာဦးသက်ရှိသည် Gorgonopsians ခေါ် နို့တိုက်သတ္တဝါအုပ်စုဝင် မျိုးစိတ်ဖြစ်ကြောင်း စပိန်သိပ္ပံပညာရှင်များက ပြောကြားသည်။



ယခင်က Gorgonopsians သက်ရှိများ၏ကျောက်ဖြစ်ရုပ်ကြွင်းများကို ရုရှားနှင့်တောင်အာဖရိကကဲ့သို့ လတ္တီတွဒ်အမြင့်ပိုင်းဒေသများ၌သာ တွေ့ရှိခဲ့ရကြောင်း သိရသည်။

ယနေ့ခေတ် နို့တိုက်သတ္တဝါမျိုးစိတ်များသည် Gorgonopsians ကမ္ဘာဦးသက်ရှိများမှ ဆင့်ကဲ ပေါ်ထွက်လာခဲ့ကြသည့် သက်ရှိများ ဖြစ်ကြကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## Space-X ကုမ္ပဏီ၏ ဒရာဂွန်အာကာသကုန်တင်ယာဉ် ဖလော်ရီဒါပြည်နယ် ကမ်းလွန်ရေပြင်အတွင်း ပြန်လည်ဆင်းသက်ခဲ့

ဝါရှင်တန် ဒီဇင်ဘာ ၁၈

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီ၏ ဒရာဂွန် အာကာသ ကုန်တင်ယာဉ်သည် ဒီဇင်ဘာ ၁၇ ရက်တွင် ဖလော်ရီဒါပြည်နယ် ကမ်းလွန်ရေပြင်အတွင်း ပြန်လည် ဆင်းသက်ခဲ့ကြောင်း သိရသည်။

ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် ဒီဇင်ဘာ ၁၆ ရက်တွင် နိုင်ငံတကာ အာကာသစခန်းမှ ပြန်လည် ခွာထွက်ခဲ့ပြီးနောက် ဒီဇင်ဘာ ၁၇ ရက်တွင် ကမ္ဘာပေါ်သို့ ပြန်လည်ဆင်းသက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာမြေအပြန်ခရီးတွင် ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းပေါ်မှ သိပ္ပံပညာ စမ်းသပ်ပစ္စည်းများ ပြန်လည် သယ်ယူလာသည်။

ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် ကမ္ဘာမြေအပြန်ခရီးစဉ်ကို ဒီဇင်ဘာ ၆ ရက်တွင် စတင်ရန် ရည်ရွယ်ထားသော်လည်း ဆင်းသက်ရမည့်ရေပြင်ဒေသ ရာသီဥတုအခြေအနေကြောင့် ဒီဇင်ဘာ ၁၆ ရက်မှသာ ကမ္ဘာမြေအပြန်ခရီး စတင်နိုင်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့် Space-X ကုမ္ပဏီသည် အဆိုပါ ဒရာဂွန် အာကာသကုန်တင်ယာဉ်ကို ယခုနှစ် နိုဝင်ဘာ ၄ ရက်တွင် လွှတ်တင်ခဲ့သည်။

၎င်းအာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းအတွက် စားနပ်ရိက္ခာနှင့်သိပ္ပံပညာ စမ်းသပ်ပစ္စည်းစုစုပေါင်း ကီလိုဂရမ် ၂၇၀၀ ကို ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# HEALTH

## နေ့စဉ်လျှောက်နေကျ ခြေလှမ်းအရေအတွက်ကို တိုးမြှင့်ပေးပါက စိတ်ကျဝေဒနာဝင်နိုင်ခြေ လျှော့ချနိုင်

မက်ဒရစ် ဒီဇင်ဘာ ၁၈

နေ့စဉ် လျှောက်နေကျခြေလှမ်းအရေအတွက်ကို တိုးမြှင့်ပေးပါက စိတ်ကျဝေဒနာ ဝင်နိုင်ခြေ လျှော့ချနိုင်ဖွယ်ရှိကြောင်း ဒီဇင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

စပိန်နိုင်ငံ ကတ်စတီလီလာ မန်ချာတက္ကသိုလ်မှ သုတေသနပညာရှင်များ လေ့လာတွေ့ရှိချက်အရ နေ့စဉ်လျှောက်နေကျခြေလှမ်းအရေအတွက်ကို မြှင့်တင်ပေးခြင်းဖြင့် စိတ်ကျဝေဒနာဝင်နိုင်ခြေကို လျှော့ချနိုင်ကြောင်း သိရသည်။

စပိန် သုတေသနပညာရှင်များသည် ကမ္ဘာတစ်ဝန်းမှ အရွယ်ရောက်သူ ၉၆၀၀၀ ကျော် ပါဝင်သည့် လေ့လာချက်ပေါင်း ၃၃ ခုကို ပြန်လည်လေ့လာဆန်းစစ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ နေ့စဉ်ခြေလှမ်း ၅၀၀၀ လျှောက်နေကျသူများအနေဖြင့် ခြေလှမ်း ၁၀၀၀ ထပ်တိုးလျှောက်ပေးခြင်းဖြင့် စိတ်ကျဝေဒနာဝင်နိုင်ခြေကို ကိုးရာခိုင်နှုန်း လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း သိရသည်။

ထို့ပြင် နေ့စဉ်ခြေလှမ်း ၅၀၀၀ လျှောက်သူများအနေဖြင့် ခြေလှမ်း ၇၀၀၀ ထိ တိုးလျှောက်ပါက စိတ်ကျဝေဒနာ ဝင်နိုင်ခြေကို ၃၁ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

ထိုနည်းတူ နေ့စဉ်ခြေလှမ်း ၁၀၀၀၀ ခန့်ထိ လမ်းလျှောက်သူများတွင်မူ စိတ်ကျဝေဒနာဝင်နိုင်ခြေမှာ သိသိသာသာကျဆင်းသွားတတ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## ရိုးစင်းသည့်ဓာတ်စာပုံစံအပြောင်းအလဲဖြင့် ဆီးကျိတ်ကင်ဆာဆဲလ်များကြီးထွားမှုကို လျှော့ချနိုင်

နယူးယောက် ဒီဇင်ဘာ ၁၈

ရိုးစင်းသည့် ဓာတ်စာပုံစံအပြောင်းအလဲဖြင့် စတင်ဖြစ်ပွားခါစ ဆီးကျိတ်ကင်ဆာဆဲလ်များ ကြီးထွားလာမှုကို လျှော့ချပေးနိုင်ကြောင်း ဒီဇင်ဘာ ၁၇ ရက်သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ ဘီစကွတ်၊ အာလူးကြော်စသည့် အစားအစာများ စားသောက်မှုကို ကန့်သတ်၍ ငါး၊ သံလွင်ဆီနှင့်သစ်ကြားသီးတို့ကို ပိုမိုစားသုံးပါက ဆီးကျိတ်ကင်ဆာဆဲလ်များ ကြီးထွားမှုကို ထိန်းချုပ်ရာတွင် အထောက်အကူပြုကြောင်း သိရသည်။

မိမိတို့၏တွေ့ရှိချက်အရ အိုမီဂါ-၆ ဖက်တီးအက်စစ် ပါဝင်မှုနည်းပါးသော်လည်း အိုမီဂါ-၃ ဖက်တီးအက်စစ် ပါဝင်မှုမြင့်မားသည့် အစားအစာများကို ငါးကြီးဆီဖြည့်စွက်ဆေးများနှင့် တွဲဖက်စားသောက်ပါက ဆီးကျိတ်ကင်ဆာဆဲလ်များ ကြီးထွားမှုကို လျှော့ချနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဆီးကျိတ်ကင်ဆာလူနာ ၁၀၀ ကျော်ကို အိုမီဂါ-၆ ဖက်တီးအက်စစ် ပါဝင်မှုနည်း၍ အိုမီဂါ-၃ ပါဝင်မှု မြင့်မားသော ဓာတ်စာများကို ငါးကြီးဆီနှင့်တွဲဖက် တိုက်ကျွေးပြီး တစ်နှစ်ကြာ လေ့လာစောင့်ကြည့်ခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ အထက်ပါဓာတ်စာပုံစံကို စားသုံးခဲ့သော ဆီးကျိတ်ကင်ဆာလူနာများ၌ ကင်ဆာဆဲလ်များ ပုံတူပွားနိုင်မှုနှုန်းမှာ ၁၅ ရာခိုင်နှုန်း ကျဆင်းသွားသည်ကို တွေ့ရကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



နိုင်ငံတကာ
အားကစားသတင်းများ

## BBC Sports Personality of the Year ဆုကို ဟော့ကင်ဆန် ဆွတ်ခူး

**လန်ဒန် ဒီဇင်ဘာ ၁၈**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အခြေစိုက်သည့် BBC သတင်းဌာနက ချီးမြှင့်သော BBC Sports Personality of the Year ဆုကို တာလတ်အပြေးမယ် ဟော့ကင်ဆန်က ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဟော့ကင်ဆန်သည် ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်တွင် ကျင်းပခဲ့သည့် ၂၀၂၄ ပဲရစ်အိုလံပစ် အားကစားပွဲတော်၏ မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကို ဆွတ်ခူးခဲ့ပြီး ဗြိတိန်တာလတ်အပြေးလောကတွင် ဆင္ဌမမြောက် အမြန်ဆုံး အပြေးမယ်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

BBC Sports Personality of the Year ဆုအတွက် မဲပေးရွေးချယ်ခဲ့ရာတွင် အင်္ဂလန်လက်ပစ်မြှားကစားသမား လုခ်လစ်တလာက ဒုတိယမဲအများဆုံးရရှိခဲ့ပြီး အင်္ဂလန် ခရစ်ကတ်ကစားသမား ဂျိုးရုက တတိယမဲအများဆုံးရရှိခဲ့ကြောင်း သိရသည်။

ဟော့ကင်ဆန်က "ဒီနှစ်ကတော့ ကျွန်မအတွက် မယုံကြည်နိုင်လောက်အောင် အောင်မြင်မှုတွေရရှိခဲ့တဲ့ နှစ်တစ်နှစ်ဖြစ်ခဲ့ပါတယ်။ ဒီနှစ်ထဲOutdoor ပြိုင်ပွဲတွေမှာလဲ အောင်မြင်မှုရခဲ့တယ်။ အိုလံပစ်မှာလဲ အောင်မြင်မှုရခဲ့တယ်။ အောင်မြင်မှုတွေရခဲ့တယ်ဆိုပေမယ့်လဲ BBC Sports Personality of the Year ဆုအတွက်ကတော့ ပရိသတ်တွေရဲ့မဲက အရေးကြီးဆုံးပါပဲ။ ကျွန်မကိုမဲပေးခဲ့ကြတဲ့ ပရိသတ်အားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီနှစ်ထဲ ကျွန်မအကြိုက်ဆုံး ပြိုင်ပွဲကတော့ အိုလံပစ် အားကစားပွဲတော်ပါပဲ။ ပရိသတ်တွေအနေနဲ့လဲ အိုလံပစ်အားကစားပွဲတော်ကို အားပေးရတာ အားရမှုအရှိဆုံးဖြစ်လိမ့်မယ်လို့ ကျွန်မယုံကြည်ပါတယ်။ ဗြိတိန်ကိုယ်စားပြုပြီးတော့ ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ အောင်မြင်မှုကလဲ ကျွန်မအတွက်တော့ အမြဲတမ်း အမှတ်တရအဖြစ်ရှိနေမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL



## AFF Mitsubishi Electric Cup 2024 ပြိုင်ပွဲ အုပ်စုတတိယပွဲစဉ်တွင် မြန်မာအသင်းက လာအိုအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိ



**ရန်ကုန် ဒီဇင်ဘာ ၁၈**

AFF Mitsubishi Electric Cup 2024 ပြိုင်ပွဲ အုပ်စု(B)၏ တတိယပွဲစဉ်အဖြစ် ယနေ့ညနေ ၅ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြန်မာ့လက်ရွေးစင်အသင်းနှင့် လာအိုအသင်းတို့ ကစားခဲ့ရာ ဝင်းနိုင်ထွန်း၏ နောက်ကျသွင်းဂိုးဖြင့် မြန်မာ့လက်ရွေးစင်အသင်းက အိမ်ကွင်းတွင် လာအိုအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အိမ်ရှင် မြန်မာ့လက်ရွေးစင် အသင်းက ပွဲစကတည်းက လာအိုအသင်းကို ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၃၂ မိနစ်တွင် လွင်မိုးအောင်က မြန်မာ့လက်ရွေးစင်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပွဲချိန်ပထမပိုင်းတွင် မြန်မာ့လက်ရွေးစင်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း မြန်မာ့လက်ရွေးစင်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ခြိမ်းခြောက်မှုအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်အချို့ရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် သွင်းဂိုးများရယူနိုင်ရန် ခက်ခဲခဲ့ပြီး ပွဲချိန်မိနစ် ၇၀ ကျော်တွင်မြန်မာ့လက်ရွေးစင်အသင်း ကစားအားကျဆင်းလာသည်ကို အခွင့်ကောင်းယူပြီး လာအိုအသင်းက ပြန်လည်ဖိအားပေးကစားခဲ့ရာ ပွဲချိန် ၇၇ မိနစ်တွင် မြန်မာ့လက်ရွေးစင်အသင်းမှ ဂိုးသမား ဇင်ညီညီအောင်၏ အမှားမှတစ်ဆင့် ဆူဗန်နီက လာအိုအသင်းအတွက် ချေပဂိုးနှင့် ပွဲချိန် ၈၁ မိနစ်တွင် ဝမ်ပါဆက်က ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

ချေပဂိုးနှင့် ဦးဆောင်ဂိုးပေးခဲ့ရပြီးနောက် မြန်မာ့လက်ရွေးစင်အသင်းက တရစပ် ပြန်လည်တိုက်စစ်ဆင် ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၈၇ မိနစ်တွင် ဝင်းနိုင်ထွန်းက ချေပဂိုး သွင်းယူပေးနိုင်ခဲ့ပြီး ပွဲချိန်မိနစ် ၉၀ ပြည့်ပြီးနောက် နာကျင်အချိန်ပို ငါးမိနစ်ပေးခဲ့ရာမှ ပွဲချိန် ၉၃ မိနစ်တွင် ဝင်းနိုင်ထွန်းကပင် မြန်မာ့လက်ရွေးစင်အသင်းအတွက် ဦးဆောင်ဂိုး ပြန်လည်သွင်းယူပေးနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် မြန်မာ့လက်ရွေးစင်အသင်းက လာအိုအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ရန်အတွက် မျှော်လင့်ချက် ပြန်လည် ရှင်သန်လာခဲ့ကြောင်း သိရသည်။

STA

## အမျိုးသမီးတစ်နှစ်တာ အကောင်းဆုံး သွင်းဂိုးဆုကို ဘရာဇီးကစားသမား မာတာဆွတ်ခူး

**ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၁၈**

ဖီဖာတစ်နှစ်တာ အကောင်းဆုံး အမျိုးသမီးသွင်းဂိုးဆုကို ယခုနှစ်တွင် စတင်ပေးအပ်ခဲ့ရာ ဘရာဇီးအသင်းတိုက်စစ်မှူး မာတာက ဆွတ်ခူးရရှိခဲ့သည်။

အသက် ၃၈ နှစ်ရှိ တိုက်စစ်မှူး မာတာသည် ဇွန်လက ဘရာဇီးအသင်းနှင့် ဂျမေကာအသင်းတို့ ကစားခဲ့သည့် ချစ်ကြည်ရေး ခြေစမ်းပွဲစဉ်တွင် သွင်းယူခဲ့သည့် သွင်းဂိုးဖြင့် အကောင်းဆုံးသွင်းဂိုးဆုရရှိခဲ့ခြင်းဖြစ်သည်။

မာတာသည် ကစားသမားဘဝ ၁၀ သက်တမ်းတစ်လျှောက်တွင် အကောင်းဆုံးဆု ခြောက်ကြိမ်ရရှိခဲ့သည့် မှတ်တမ်းကောင်းကို ပိုင်ဆိုင်ခဲ့သူဖြစ်ပြီး ဘရာဇီးအသင်းနှင့် ကစားခဲ့သည့် ပြိုင်ပွဲစုံ ၁၈၅ ပွဲတွင် သွင်းဂိုး ၁၁၉ ဂိုးထိ သွင်းယူနိုင်ခဲ့ကာ ကမ္ဘာ့ဖလား ခြောက်ကြိမ်၊ အိုလံပစ်ချန်ပီယံဖလား ခြောက်ကြိမ်ထိ ဆွတ်ခူးနိုင်ခဲ့သည်။

ထို့ပြင် ၂၀၂၄ ခုနှစ်အတွက် အမျိုးသား တစ်နှစ်တာအကောင်းဆုံး သွင်းဂိုးဆုကို မန်ယူအသင်း တောင်ပံကစားသမား ဂါနာချိုက ဆွတ်ခူးရရှိခဲ့ကြောင်းလည်း သိရသည်။



Ref : ESPN
Trs : ML

## အားကစားသတင်းအတိုအထွာများ

- ❑ ပြီးခဲ့သည့် အင်္ဂါနေ့က ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပခဲ့သည့် ဖီဖာတစ်နှစ်တာအကောင်းဆုံး ဆုပေးပွဲတွင် ကိုပါအမေရိကဖလား ရယူပေးခဲ့သည့် အာဂျင်တီးနားအသင်း ဂိုးသမား မာတီနက်ဇ်က တစ်နှစ်တာအကောင်းဆုံးဂိုးသမားဆု ရရှိခဲ့သည်။
- ❑ ဘာစီလိုနာအသင်းက ပြန်လည်တည်ဆောက်နေသည့် နူးကမ့်ကစားကွင်းကို ၂၀၂၅ ခုနှစ်တွင် ဖွင့်လှစ်နိုင်ရန် ကြန့်ကြာမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ❑ မန်ယူအသင်းက အသင်းမှထွက်ခွာရန် ပြင်ဆင်နေသည့် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်၏နေရာတွင် ဘီလ်ဘာအိုအသင်းမှ တိုက်စစ်ကစားသမား နစ်ကိုးဝီလျံနှင့်အစားထိုးရန် တရားဝင်ကြိုးပမ်းလျက်ရှိသည်။
- ❑ ယခုနှစ်ဘောလုံးရာသီကုန်တွင် ခံစစ်ကစားသမား မီလီတာအိုနှင့် အလာဘာတို့ကို ရောင်းချရန် အသင့်ရှိကြောင်း ရီးရဲလ်မက်ဒရစ်အသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။ ML

## IBF ခရူဆာဝိတ်တန်းယာယီချန်ပီယံအတွက် ဒေးဗစ်ညီတာနှင့် အိုပီတိုင်ယာတို့ ထိုးသတ်သွားမည်

**ကွင်းစလန်း ဒီဇင်ဘာ ၁၈**

IBF ခရူဆာဝိတ်တန်း ယာယီချန်ပီယံအတွက် နယူးဇီလန်လက်ဝှေ့သမား ဒေးဗစ်ညီတာနှင့် ဩစတြေးလျလက်ဝှေ့သမား အိုပီတိုင်ယာတို့ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ် Gold Coast Convention Centre တွင် ယှဉ်ပြိုင်ထိုးသတ်သွားမည် ဖြစ်ကြောင်း IBF က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားနှစ်ဦး၏ ယာယီကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲစဉ် ဖြစ်သည့်အတွက် အကြိတ်အနယ်ရှိလာနိုင်ပြီး ပရိသတ်များ စိတ်ဝင်စားမှုမြင့်တက်နေသည့် စိန်ခေါ်ပွဲဖြစ်သည်။

အိုပီတိုင်ယာသည် စိန်ခေါ်ပွဲပေါင်း ၂၆ ပွဲထိ ထိုးသတ်ထားပြီး ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမား တစ်ဦးဖြစ်ပြီး ဒေးဗစ်ညီတာသည် စိန်ခေါ်ပွဲပေါင်း ၁၀ ပွဲထိုးသတ်ထားပြီး ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားဖြစ်သည်။

အတွေ့အကြုံအရ အိုပီတိုင်ယာက အတွေ့အကြုံပိုများပြီး IBF ခရူဆာဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံကို ဆွတ်ခူးနိုင်ရန်လည်း ရေပန်းစားနေသည်။

ဒေးဗစ်ညီတာ၏ နည်းပြဖြစ်သူ သွန်းဘာရီက "ဒေးဗစ်အနေနဲ့ အိုပီတိုင်ယာလို လက်ဝှေ့သမားနဲ့ထိုးသတ်ဖို့အတွက် ပြင်ဆင်ချိန် ရက်သတ္တသုံးပတ်ပဲရတယ်။ အချိန်နီးမှသိရတော့ ပြင်ဆင်ချိန်မရတဲ့အတွက် အခက်အခဲတော့ရှိပါတယ်။ ဒါပေမယ့်လဲ ဒေးဗစ်ဟာ တက်ကြွတဲ့ အားကစားသမားတစ်ယောက်ဖြစ်လို့ ပြင်ဆင်ချိန်မရပေမယ့်လဲ အမြဲတမ်း လေ့ကျင့်နေတဲ့အတွက် သိပ်တော့ ပြဿနာမရှိပါဘူး။ ဒေးဗစ်ဟာ အိုပီတိုင်ယာနဲ့ Gym မှာ အတူလေ့ကျင့်မှုတွေပြုလုပ်ခဲ့ဖူးတယ်။ ဒေးဗစ်ဟာ လက်ဝှေ့လောကထဲ မဝင်ခင်မှာကတည်းက အိုပီတိုင်ယာရဲ့ စိန်ခေါ်ပွဲတွေကို အမြဲအားပေးနေတဲ့သူပါ။ အိုပီတိုင်ယာကိုလဲ အားကျတဲ့ လက်ဝှေ့သမားတစ်ယောက်ပါ။ အခုသူအားကျတဲ့ဖိုက်တာနဲ့ ထိုးသတ်ခွင့်ရတော့မှာကို ဝမ်းသာဂုဏ်ယူနေပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# ဖီဖာတစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဗင်နီစီးယပ်စ်ဆွတ်ခူး




**မက်ဒရစ် ဒီဇင်ဘာ ၁၈**

ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်ကစားသမား ဗင်နီစီးယပ်စ်သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် ပြင်သစ်မဂ္ဂဇင်းတို့က ပူးပေါင်းချီးမြှင့်ခဲ့သည့် Ballon d'Or ဆုနှင့် လွဲချော်ခဲ့ရသော်လည်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ တစ်နှစ်တာအကောင်းဆုံးဆုပေးပွဲအခမ်းအနားတွင် ပေးအပ်ခဲ့သည့် ဖီဖာတစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဗင်နီစီးယပ်စ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက ရီးရဲလ်မက်ဒရစ်အသင်းနှင့် ချန်ပီယံလိဂ်ဖလား၊ လာလီဂါလိဂ်ဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိကကစားသမားတစ်ဦးအဖြစ် ခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် Ballon d'Or ဆုအတွက်လည်း ထိပ်ဆုံးမှ ရေပန်းစားခဲ့သော်လည်း ဆုပေးပွဲအခမ်းအနားတွင် ၎င်းအနေဖြင့် အဆင့်(၂)နေရာတွင်သာ ရပ်တည်နိုင်ခဲ့ပြီး မန်စီးတီးအသင်းမှ ရိုဒရီက ဆွတ်ခူးနိုင်ခဲ့သည်။

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်က ဖီဖာတစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို နိုင်ငံတကာလက်ရွေးစင် အသင်းများ၏ အသင်းခေါင်းဆောင်များထံမှ ဆန္ဒမဲ ၂၅ ရာခိုင်နှုန်း၊ ဂျာနယ်လစ်များထံမှ ၂၅ ရာခိုင်နှုန်း၊ အသင်းနည်းပြများထံမှ ၂၅ ရာခိုင်နှုန်းနှင့် ပရိသတ်များထံမှ ၂၅ ရာခိုင်နှုန်း ကောက်ယူကာ စိစစ်ရွေးချယ်ပေးအပ်ခြင်းဖြစ်ပြီး ဗင်နီစီးယပ်စ်က ရမှတ် ၄၈ မှတ်ဖြင့် ဆွတ်ခူးနိုင်ခဲ့ပြီး ရိုဒရီအနေဖြင့် ရမှတ် ၄၃ မှတ်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ဗယ်လင်ဟမ်မက ရမှတ် ၃၇ မှတ်ဖြင့် တတိယနေရာတွင် ရပ်တည်ခဲ့ကြသည်။

ဗင်နီစီးယပ်စ် အနေဖြင့် ဖီဖာ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သည့်အတွက် အဆိုပါဆုကို ဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံး ဘရာဇီးကစားသမား အဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

Ref : FIFA.Com
Trs : STA

# ဗီဖာတစ်နှစ်တာ နေရာလိုက်အကောင်းဆုံး ကစားသမား ၁၁ ဦးစာရင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ အများဆုံးပါဝင်

**ဇူးရစ် ဒီဇင်ဘာ ၁၈**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က ချီးမြှင့်ပေးအပ်သည့် ဖီဖာတစ်နှစ်တာ အကောင်းဆုံးဆုများ ပေးအပ်ပွဲအခမ်းအနားတွင် ပေးအပ်သည့် ဆုများမှ တစ်ဆုဖြစ်သည့် ဖီဖာတစ်နှစ်တာ နေရာလိုက်အကောင်းဆုံး ကစားသမားဆု စာရင်းတွင် ရီးရဲလ်မက်ဒရစ် အသင်းမှ ကစားသမားအများစု ပါဝင်ခဲ့ကြောင်း သိရသည်။




ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က ပေးအပ်သည့် ဖီဖာတစ်နှစ်တာ နေရာလိုက် အကောင်းဆုံး ကစားသမား ၁၁ ဦးစာရင်းတွင် နှစ်ပေါင်းကာလရှည်ပါဝင်ခဲ့ပြီး ကမ္ဘာ့အကောင်းဆုံး ကစားသမားနှစ်ဦးအဖြစ် သတ်မှတ်ခံထားရသည့် မက်ဆီနှင့် စီရော်နယ်ဒိုတို့ ပထမဆုံးအကြိမ် ပါဝင်လာခြင်းမရှိခဲ့သကဲ့သို့ အမ်ဘက်ပီလည်း ပါဝင်လာခြင်းမရှိခဲ့ဘဲ ၁၁ ဦးစာရင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ငါးဦးထိ ပါဝင်လာခဲ့သည်။

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ် (ဖီဖာ)က တစ်နှစ်တာနေရာလိုက် အကောင်းဆုံး ကစားသမား ၁၁ ဦး စာရင်းကို ၄-၃-၃ ပုံစံဖြင့် ရွေးချယ်ခဲ့ပြီး ဂိုးသမားနေရာတွင် ဖီဖာ တစ်နှစ်တာ အကောင်းဆုံး ဂိုးသမားဆုကို နှစ်နှစ်ဆက် ဆွတ်ခူးနိုင်ခဲ့သည့် အေစတီလာအသင်းမှ ဂိုးသမား မာတီနက်ဇ်၊ ခံစစ်ကစားသမား လေးဦးနေရာတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ကာဗာဂျယ်၊ ရူဒီဂါ၊ မန်စီးတီးအသင်းမှ ဒီယက်ဇ်၊ အာဆင်နယ်အသင်းမှ ဆာလီဘာတို့ ပါဝင်လာခဲ့သည်။

အလားတူ ကွင်းလယ်ကစားသမား သုံးဦးနေရာတွင် ရီးရဲလ်မက်ဒရစ်အသင်း ကစားသမားဟောင်း တိုနီခရူးစ်၊ ဘော်လွန်းဒီအော့ဖ်ဆုဆွတ်ခူးနိုင်ခဲ့သည့် မန်စီးတီးအသင်းမှ ရိုဒရီ၊ ရီးရဲလ်မက်ဒရစ်အသင်းမှ ဘယ်လင်ဟမ်၊ တိုက်စစ်ကစားသမား သုံးဦးနေရာတွင် ဖီဖာတစ်နှစ်တာ အကောင်းဆုံး အမျိုးသားကစားသမားဆု ဆွတ်ခူးနိုင်ခဲ့သည့် ဗင်နီစီးယပ်စ်၊ မန်စီးတီးအသင်းမှ ဟာလန်းနှင့် ဘာစီလိုနာအသင်းမှ လမိုင်းယာမယ်တို့ ပါဝင်ခဲ့ကြကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# မန်ယူအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ဂါနာချိုကို အသင်းဟောင်း အေတီကိုအသင်းက ပြန်လည်ခေါ်ယူရန် စောင့်ကြည့်နေ

**မက်ဒရစ် ဒီဇင်ဘာ ၁၈**

အေတီကိုအသင်းက မန်ယူအသင်းနှင့် အနာဂတ်မရေမရာ ဖြစ်နေသည့် လူငယ်တောင်ပံ ကစားသမားဂါနာချိုကို ပြန်လည်ခေါ်ယူရန်အတွက် စောင့်ကြည့်လျက်ရှိနေကြောင်း သိရသည်။

အသက် ၁၉ နှစ်ရှိ ဂါနာချိုသည် မိဘနှစ်ဦးက အာဂျင်တီးနားနိုင်ငံသားများဖြစ်ကြသော်လည်း ၎င်းကို စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် မွေးဖွားကာ ကြီးပြင်းခဲ့သူဖြစ်ပြီး ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ထိ အေတီကို အသင်းအကယ်ဒမီတွင် တက်ရောက်ခဲ့သူဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်အကုန်တွင် မန်ယူလူငယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဂါနာချိုသည် မန်ယူလူငယ်အသင်းတွင် ကစားခဲ့ပြီးနောက် အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့သည့်အတွက် နည်းပြဟောင်း တန်ဟတ်လက်ထက်တွင် ပွဲကစားခွင့်များ ရရှိခဲ့ရာမှ အသင်းတွင် အဓိကကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ကာ ခြေစွမ်းကောင်းများကိုလည်း ပြသနိုင်ခဲ့သူဖြစ်သည်။

သို့သော် ဂါနာချိုသည် နောက်ပိုင်းပွဲစဉ်များတွင် အသင်းဖော်များထံ ဘောလုံးပေးပို့မှုထက် တစ်ကိုယ်ကောင်းဆန်ပြီး သွင်းဂိုးများရယူလိုနေသည့်အတွက် အသင်းပရိသတ်များ၏ ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရပြီးနောက်ပိုင်း ၎င်းကိုယ်တိုင်လည်း ခြေစွမ်းပိုင်းများ ကျဆင်းလာခဲ့ပြီး လက်ရှိနည်းပြ အာမိုရင်၏အသင်း ကစားသမားစာရင်းမှပင် ချန်လှပ်ခံခဲ့ရသည်ထိ ဆိုးရွားခဲ့သည်။

လက်ရှိ ဂါနာချိုနှင့် မန်ယူအသင်းတို့ စာချုပ်သက်တမ်းမှာ ၂၀၂၈ ခုနှစ်ထိ ကျန်ရှိသေးသော်လည်း နည်းပြအာမိုရင်က အသင်းတွင် ခြေစွမ်းပြသနိုင်ခြင်းမရှိသည့် ကစားသမားများကို လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလနှင့် နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလတို့တွင် ရောင်းချရန် ဆုံးဖြတ်ထားပြီး ဂါနာချိုအနေဖြင့်လည်း ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရမည်ဆိုပါက ရောင်းချသွားဖွယ်ရှိနေသောကြောင့် အသင်းဟောင်း အေတီကိုအသင်းက ပြန်လည်ခေါ်ယူရန်အတွက် စောင့်ကြည့်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

# ဒဏ်ရာပြဿနာကြောင့် ပလစ်ချ်ကိုဗာ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲဖြင့် လွဲချော်ရတော့မည်ဟု အတည်ပြုထုတ်ပြန်

**အန်ဂျမီနာ ဒီဇင်ဘာ ၁၈**

ချက်တင်းနစ်မယ် ပလစ်ချ်ကိုဗာသည် ဘယ်ဘက်ခြေချင်းဝတ်ဒဏ်ရာ ခွဲစိတ်ကုသမှု ခံယူတော့မည် ဖြစ်သည့်အတွက်ကြောင့် ၂၀၂၅ ခုနှစ် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲဖြင့် လွဲချော်ရတော့မည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ်ဟောင်းတစ်ဦးဖြစ်သူ ပလစ်ချ်ကိုဗာသည် US Open တင်းနစ်ပြိုင်ပွဲနောက်ပိုင်း ဒဏ်ရာပြဿနာကြောင့် ကာလရှည် အနားယူခဲ့ရသူဖြစ်ပြီး ဒဏ်ရာအား ဆေးကုသမှုများ ပြုလုပ်ခဲ့သော်လည်း ခွဲစိတ်ကုသမှု ခံယူမှသာ အဆင်ပြေနိုင်မည့် အခြေအနေဖြစ်သည့်အတွက်ကြောင့် ဆရာဝန်အကြံပြုချက်အတိုင်း ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်သည်။

ပလစ်ချ်ကိုဗာသည် ဒဏ်ရာအား ခွဲစိတ်ကုသမှုခံယူပြီး ကြံ့ခိုင်မှုအတွက် အကောင်းဆုံးပြင်ဆင်လေ့ကျင့်ကာ ရာနှုန်းပြည့်ပြန်လည်ကောင်းမွန်မှသာ ပြိုင်ပွဲဝင်သွားမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ခဲ့သည်။

ပလစ်ချ်ကိုဗာက "ကျွန်မရဲ့ ဒဏ်ရာကို လိုအပ်တဲ့ ဆေးကုသမှုတွေခံယူခဲ့ပါတယ်။ အဆင်မပြေတဲ့အတွက်ကြောင့် ဆရာဝန်က ခွဲစိတ်ကုသမှုခံယူဖို့ အကြံပြုလာတဲ့အတွက် ဆရာဝန်ရဲ့ အကြံပြုချက်အတိုင်း ခွဲစိတ်ကုသမှုခံယူသွားမှာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မစွန့်စားချင်ဘူး။ ဒဏ်ရာ အရှင်းပျောက်မှပဲ တင်းနစ်ပြန်ကစားချင်တယ်။ ဒါကြောင့် ဒဏ်ရာ အရှင်းပျောက်အောင်လို့ ခွဲစိတ်ကုသမှု ခံယူသွားမယ်"ဟု ပြောကြားသွားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL



# ကိုပါအီတာလီယာဖလား ကွာတားဖိုင်နယ်အဆင့်သို့ ဂျူဗင်တပ်အသင်း တက်ရောက်

**ရောမ ဒီဇင်ဘာ ၁၈**

ဂျူဗင်တပ်အသင်းသည် ကိုပါအီတာလီယာဖလား ၁၆ သင်းအဆင့်တွင် ကက်ဂလီယာရီအသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ပြီး အမ်ပိုလီအသင်းနှင့် ကစားရမည်ဖြစ်သည်။

ဂျူဗင်တပ်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အမှတ်ပေးဇယား အဆင့်(၃)တွင် ရပ်တည်နိုင်ခဲ့သဖြင့် ယခုပြိုင်ပွဲကို ၁၆ သင်းအဆင့်မှ စတင်ကစားခဲ့ရပြီး စီးရီးအေပြိုင်ဘက် ကက်ဂလီယာရီအသင်းနှင့် တွေ့ဆုံခဲ့ရာ လေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဂျူဗင်တပ်အသင်းသည် ခံစစ်ကစားသမားများ ဒဏ်ရာကြုံတွေ့နေ၍ လိုကာတယ်လီ၊ မက်ကင်နီတို့ကို ခံစစ်ပိုင်းတွင် ထည့်သွင်းကစားခဲ့ရပြီး ပွဲချိန် ၄၄ မိနစ်တွင် ဗလာဟိုဗစ်၊ ပွဲချိန် ၅၃ မိနစ်တွင် ကူမိုင်နာ၊ ပွဲချိန် မိနစ် ၈၀ တွင် ကွန်စီကာအို၊ ပွဲချိန် ၈၉ မိနစ်တွင် ဂွန်ဇာလက်စ်တို့က ဦးဆောင်ဂိုးများ သွင်းယူခဲ့သော်လည်း ကက်ဂလီယာရီအသင်းက ဂိုးပေါက်ခြိမ်းခြောက်မှု နှစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့ပြီး ဂိုးမရခဲ့သဖြင့် လေးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

ဂျူဗင်တပ်အသင်းသည် ကွာတားဖိုင်နယ်တွင် ဖီအိုရင်တီးနား အသင်းကို ပင်နယ်တီအဆုံး အဖြတ်ဖြင့် အနိုင်ရခဲ့သည့် အမ်ပိုလီအသင်းနှင့် ကစားရမည်ဖြစ်သဖြင့် ဆီမီးဖိုင်နယ်သို့ရောက်ရှိရန် အခွင့်အရေးများနေကြောင်းသိရသည်။

Ref : Fotmob
Trs : ML

လင်းလက်

# ယနေ့လူငယ်နှင့် ဉာဏဗလဖွံ့ဖြိုးရေး

**❖ဘဝပင်လယ်ပြင်အတွင်း ရွက်လွှင့်နေစဉ် နစ်မြုပ်သွားခြင်းမရှိစေရန် မှန်ကန်သည့်လမ်းကြောင်းသို့ လမ်းပြနိုင်သည်မှာ ပညာအလင်းရောင်ပင်ဖြစ်သည်။ ဘဝခရီးလမ်းတစ်လျှောက်လုံးကို မကောင်းသည့်အမှောင်ထုအတွင်းသို့ သက်ရောက်သွားခြင်းမရှိစေရန် လမ်းပြနိုင်သော သဘာဝအလင်းရောင်ပင်ဖြစ်သည်။ ဘဝလမ်းခရီး အစကို စတင်လျှောက်လှမ်းကြမည့် မျိုးဆက်သစ်လူငယ်များအနေဖြင့် ဉာဏ်ပညာစွမ်းအားဖြင့် ဘဝအခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် စာပေဗဟုသုတများကို အပတ်တကုတ်လေ့လာလိုက်စားရန်လိုအပ်သည်။ ❖**

ပါဠိဘာသာစကား ဉာဏဆိုသည်မှာ သိမြင်တတ်သောတရား၊ အသိတရား၊ ပညာဟု အဓိပ္ပာယ်ဖွင့်ဆိုသဖြင့် ဉာဏဗလဆိုသည်မှာ အမှန်ကိုသိမြင်နိုင်သော၊ အမှားအမှန်ကို ပိုင်းခြားဝေဖန်နိုင်သောစွမ်းအားဟုဆိုနိုင်သည်။ ကံ၊ ဉာဏ်၊ ဝီရိယ မျှတကောင်းမွန်သည့်အခါ ဘဝတိုးတက်ရသည်။ အတိတ်ကံသည် ပြင်ဆင်ရန်မဖြစ်နိုင်သော်လည်း အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးတို့ကို ဝေဖန်ပိုင်းခြားနိုင်သောဉာဏ်ပညာဖြင့် ပြုမူပြောဆို၊ လုပ်ကိုင်ဆောင်ရွက်ပါက မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်သည်။

ဘဝပင်လယ်ပြင်အတွင်းရွက်လွှင့်နေစဉ် နစ်မြုပ်သွားခြင်းမရှိစေရန် မှန်ကန်သည့်လမ်းကြောင်းသို့ လမ်းပြနိုင်သည်မှာ ပညာအလင်းရောင်ပင်ဖြစ်သည်။ ဘဝခရီးလမ်းတစ်လျှောက်လုံးကို မကောင်းသည့်အမှောင်ထုအတွင်းသို့ သက်ရောက်သွားခြင်းမရှိစေရန် လမ်းပြနိုင်သော သဘာဝအလင်းရောင်ပင်ဖြစ်သည်။ ဘဝလမ်းခရီးအစကို စတင်လျှောက်လှမ်းကြမည့် မျိုးဆက်သစ်လူငယ်များအနေဖြင့် ဉာဏ်ပညာစွမ်းအားဖြင့် ဘဝအခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် စာပေဗဟုသုတများကို အပတ်တကုတ် လေ့လာလိုက်စားရန် လိုအပ်သည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုနိုင်ငံရှိ လူသားအရင်းအမြစ်များက ဉာဏ်ပညာအမြော်အမြင်ဖြင့် ဆောင်ရွက်နိုင်စွမ်းများရှိပြီး နိုင်ငံတော်အတွက် မှန်ကန်သောအင်အားများဖြစ်ရန် လိုအပ်သည်။

မျိုးဆက်သစ်လူငယ်များအနေဖြင့် အသိဉာဏ်ပညာဖွံ့ဖြိုး၍ နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးနိုင်သည့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်သူများဖြစ်လာရန် စာအုပ်စာပေများကို စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြရန် လိုအပ်သည်။ လူငယ်တို့ဘဝအတွက် အဓိကလိုအပ်သည့် အရည်အချင်းများစွာရှိနိုင်သည်။ အသိဉာဏ်ပညာနှင့် ကိုယ်ကျင့်တရားသည် ကမ္ဘာကြီးကိုငြိမ်းချမ်းစေသော၊ တိုးတက်စေသော ကမ္ဘာစောင့်တရားနှစ်ပါးဖြစ်သည်ဟု မြတ်စွာဘုရားက ဟောကြားထားသည်။ လူငယ်များအနေဖြင့် အသိဉာဏ်ပညာတိုးတက်ကာ အတွေးအခေါ်မှန်ကန်ပြီး လုပ်ရပ်များကောင်းမွန်ရန်အတွက် စာအုပ်စာပေများ ဖတ်ရှုတတ်သည့် စာပေမြတ်နိုးသည့်အလေ့အထများရှိရန် လိုအပ်သည်။

စာအုပ်စာပေလူ့မိတ်ဆွေဆိုသည့် စကားနှင့်အညီ လူ့ဘဝအတွက် ထာဝရအဖော်မွန်သည် စာပေပင်ဖြစ်သည်။ ပညာဘဏ်တိုက် စာကြည့်တိုက်ဆိုသည့်စကားနှင့်အညီ လူငယ်များအနေဖြင့် ကျောင်းနေစဉ်ငယ်ဘဝကတည်းက စာကြည့်တိုက်များသို့သွားရောက်၍ စာပေဖတ်ရှုသည့်အလေ့အကျင့်များရှိမည်ဆိုပါက အရွယ်ရောက်သည့်အခါ ဉာဏ်ပညာထက်မြက်၍ ဉာဏဗလပြည့်စုံကြသူများ ဖြစ်လာမည်ဖြစ်သည်။ လူငယ်များအတွက် အသိပညာဗဟုသုတများကို ရရှိနိုင်သည့်နေရာသည် စာကြည့်တိုက်ပင်ဖြစ်သော်လည်း ခေတ်ကာလရေစီးကြောင်းပြောင်းလဲလာမှုနှင့်အတူ လူငယ်များအနေဖြင့် စာကြည့်တိုက်သို့သွားစရာမလိုဘဲ နေအိမ်တွင်နေ၍ အွန်လိုင်းအသုံးပြုကာ စာပေဗဟုသုတများကို လေ့လာနိုင်ကြပြီဖြစ်သည်။ မျိုးဆက်သစ်လူငယ်များကို ငယ်စဉ်ကတည်းက စာပေနှင့်ရင်းနှီး၍ စာအုပ်စာပေများကို ဖတ်ရှုတတ်သည့်အလေ့အထများရှိလာစေရေးအတွက် ကလေးစာပေပွဲတော်များကအစပြု၍ လူငယ်စာဖတ်ရှိန်မြှင့်တင်ရေး၊ လူငယ်နှင့် စာပေအနုပညာပွဲတော်များကို နိုင်ငံတစ်ဝန်း ကျင်းပနေခြင်းဖြစ်သည်။

နည်းပညာခေတ်တွင် အွန်လိုင်းအသုံးပြုမှုများက လူငယ်များကြား ရေပန်းစားလာသည်။ လူငယ်များအနေဖြင့် အွန်လိုင်းစာမျက်နှာများတွင် အကျိုးမရှိသည့်အရာများအတွက် အလဟဿအချိန်မဖြုန်းဘဲ စိတ်ဓာတ်ခွန်အားကိုဖြစ်စေသောအရာများနှင့် မိမိဘဝတက်လမ်းအတွက် အထောက်အပံ့ဖြစ်စေသည့် စာပေများရှာဖွေဖတ်ရှုခြင်းဖြင့်သာ အချိန်ကုန်စေလိုသည်။ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ဒီဂရီကောလိပ်များတွင် လူငယ်စကားဝိုင်းများ၊ စာပေပွဲတော်များကျင်းပပေးခြင်းဖြင့် ဉာဏဗလခိုင်မာသည့် လူငယ်များဖြစ်လာစေရေးအဘက်ဘက်က ပြုစုပျိုးထောင်ပေးနေသည်ကိုတွေ့ရသည်။ မိဘအုပ်ထိန်းသူများအနေဖြင့်လည်း သားသမီးများကို စာပေမြတ်နိုး၍ ဘဝတန်ဖိုးမြှင့်တင်နိုင်သူများ ဖြစ်လာစေရေး ထိန်းကျောင်းတည့်မတ်ပေးရန် လိုအပ်သည်။

စာအုပ်စာပေများသည် ဘဝတက်လမ်းကို မှန်ကန်စွာရှာဖွေပေးတတ်သည်။ ပညာရွှေအိုးလူမခိုးဆိုသည့်စကားနှင့်အညီ မိမိတွင်ရှိသော ပညာသည် အသက်ခန္ဓာမြဲနေသမျှကာလပတ်လုံး မိမိနှင့်အတူရှိနေနိုင်သည့်အရာပင်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်လာသည့်ယနေ့ခေတ်တွင် အလုပ်အကိုင်ရရှိရေးအတွက်ကြိုးစားကြရာတွင်လည်း ပညာသည် အဓိကဖြစ်လာသည်။ နေ့စဉ်သတင်းစာများ၌ ဖတ်ရှုနေရသည့်အလုပ်ခေါ်စာများတွင်လိုအပ်သည့် မပါမဖြစ် အရည်အချင်းတစ်ခုမှာ ပညာအရည်အချင်းပင်ဖြစ်သည်။ လူငယ်များအနေဖြင့် ဘဝနယ်အတွင်းသို့ တိုးဝင်လျှောက်လှမ်းသည့်အချိန် လမ်းကြောင်းမှန်ပေါ်၌ ဖြောင့်တန်းတည့်မတ်စွာ လျှောက်လှမ်းနိုင်ရေးအတွက် ပညာသည် မရှိမဖြစ် အရာတစ်ခုဖြစ်လာနေပြီဖြစ်သည်။

စာပေလေ့လာ၍ ဉာဏ်ပညာမြင့်မားသွားကြသူများသည် မည်သည့်ဘဝတွင် ကျင်လည်ခဲ့ရသည်ဖြစ်စေ အောင်မြင်မှုဆိုသည့်အရာကို အမိအရဆုပ်ကိုင်နိုင်ကြသူများသာဖြစ်သည်။ "ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏" ဆိုသည့်စကားနှင့်အညီ ဘဝအခက်အခဲတိုင်းသည် ပညာဉာဏ်ဖြင့်သာ အောင်မြင်နိုင်သည်။ ကြီးပွားအောင်မြင်ကြသူများ၏သမိုင်းတွင် ပညာကို ရေငတ်သူရေရှာသကဲ့သို့ မဆုတ်မနစ်ရှာဖွေခဲ့ကြသည့် သာဓကများစွာရှိသည်။ အမေရိကန်နိုင်ငံ ခန်တာခီပြည်နယ်မှ သာမန်အညတရမိသားစုက ပေါက်ဖွားလာခဲ့ပြီး သစ်လုံးအိမ်ကလေး၌သာ ကြီးပြင်းခဲ့ရသည့် အေဘရာဟမ်လင်ကွန်းဆိုသော လူငယ်လေးသည် စာပေ၏ကျေးဇူးဖြင့် အမေရိကန်နိုင်ငံ၏ ၁၆ ဦးမြောက်သမ္မတ ဖြစ်လာခဲ့သည်။

မြန်မာ့သမိုင်းတွင်လည်း နွားနှင့်ယှဉ်ရုန်း၍ ထွန်တုံးဆင်ကာ လယ်ကွင်းဝင်ရသည့် လယ်သမားဘဝမှ ပညာရှိအမတ်အဖြစ် နန်းတော်သို့ရောက်ခဲ့သည့် ဝန်ဇင်းရွာသား စာတိုင်ညိုသည် ဘဝကိုစာပေဖြင့် စနစ်တကျ မွမ်းမံခြယ်သနိုင်ခဲ့သူဖြစ်သည်။ အေဒီ ၁၃၆၇ ခုနှစ် မင်းကြီးစွာစော်ကဲလက်ထက်တွင် ဝန်ဇင်းရွာ၌ မထင်မရှားလယ်သမားဘဝဖြင့် အသက်မွေးဝမ်းကျောင်းပြုနေရသည့် ညိုဆိုသောလူငယ်တစ်ဦးသည် စာတိုပေစများကို ဖတ်မှတ်လေ့လာ၍ ပြန်လည်ပြောကြားလေ့ရှိသဖြင့် စာတိုင်ညိုဟူသော အမည်နာမကိုရထားသူဖြစ်သည်။ မိတ္ထီလာကန်တော်ကျိုးပေါက်၍ ဆည်ကိုပြင်ရန် ထိုအရပ်သို့ မင်းကြီးစွာစော်ကဲရောက်ရှိစဉ် အမည်မဖော်နိုင်သည့်အရုပ်များကိုတွေ့ရှိခဲ့ရာ မှူးမတ်သေနာပတိများကို မေးမြန်းသော်လည်း အဖြေမရနိုင်ရှိနေသည်။

မည်သူတစ်ဦးတစ်ယောက်မျှ ဖြေရှင်းနိုင်ခြင်းမရှိသဖြင့် နောက်ဆုံးစာတိုင်ညိုကို ခေါ်ယူမေးမြန်းသည့်အခါ သမိုင်းနှင့်တကွ တိကျစွာတင်ပြလျှောက်ထားနိုင်ခဲ့သည်။ စာတိုင်ညိုဟုခေါ်သည့် ဝန်ဇင်းရွာသား သာမန်လယ်သမားလေးတစ်ဦးသည် စာပေလေ့လာလိုက်စားမှုကြောင့် ပညာရည်ပြည့်ဝခဲ့ပြီး နန်းတော်တွင်းမှ ပညာရှိဘဝရောက်ခဲ့ရသည်။ သာမန်လယ်သမားဘဝဖြင့်သာ ဇာတ်သိမ်းရမည့် လူငယ်တစ်ဦးသည် စာတိုပေစများကိုဖတ်ရှုသဖြင့် ဝန်ဇင်းမင်းဘိုးရာဇာအဖြစ် ဘုရင်၏ မြှောက်စားခြင်းခံရသည်။ လူငယ်များအနေဖြင့် ညိုကဲ့သို့ ဘဝကို စာပေဖြင့်သာ တန်ဆာဆင်၍ လှပအောင်ဖန်တီး ပုံဖော်သင့်သည်။

ငယ်စဉ်ဘဝကတည်းက စာပေပညာများကို လေ့လာလိုက်စား၍ ဉာဏဗလဖြည့်တင်းထားကြသူများအနေဖြင့် ခေါင်းဆောင်ဘဝရောက်ကြသည့်အခါ အရာရာကိုဉာဏ်နှင့်ယှဉ်၍ အမြော်အမြင်ရှိရှိဖြင့် ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ ဉာဏ်ပညာရှိသူသည် ကောင်းမှု၊ မကောင်းမှုများကို ခွဲခြားသိမြင်နိုင်စွမ်းရှိပြီး ကိုယ်ကျင့်တရားကောင်းမွန်ကာ အမှန်တရားမြတ်နိုးသူတစ်ဦးအနေဖြင့် ဘဝကို ရှင်သန်နေထိုင်နိုင်မည်ဖြစ်သည်။ ပညာသည် လူတစ်ဦး၏ဘဝကို ပြောင်းလဲစေရန် စွမ်းဆောင်နိုင်စွမ်းရှိပြီး စွမ်းရည်ထက်မြက်သော မျိုးဆက်သစ်လူငယ်များအနေဖြင့် ကမ္ဘာကိုရင်ပေါင်တန်းနိုင်သည့် တော်ဝင်ပန်းကလေးများဖြစ်လာစေရေးအတွက် ပညာကို အပတ်တကုတ် လေ့လာလိုက်စားကြရန် လိုအပ်သည်။

"လက်တစ်ဖက်ကို လက်တစ်ဖက်ဖြင့် ဆေးကြောရသကဲ့သို့၊ ခြေတစ်ဖက်ကို ခြေတစ်ဖက်ဖြင့် ဆေးကြောရသည်။ ထို့အတူ သီလကို ပညာဖြင့် ဆေးကြောရာ၏၊ ပညာကို သီလဖြင့် ဆေးကြောရာ၏၊ သီလရှိသူ၌ ပညာရှိ၏။ ပညာရှိသူ၌လည်း သီလရှိ၏"ဟု မြတ်စွာဘုရားရှင်က စမ္ပာမြို့စား သောဏဒဏ္ဍကို ဟောကြားခဲ့သည်။ မြတ်စွာဘုရားရှင် မာဂဓတိုင်း စမ္ပာမြို့အနီးရှိ ဂဂ္ဂရာရေအိုင်အနီးတွင် သီတင်းသုံးနေစဉ် စမ္ပာမြို့စား သောဏဒဏ္ဍ လာရောက်ဖူးမြော်သည်။ မြတ်စွာဘုရားရှင်က သောဏဒဏ္ဍကို တရားဟောကြားရန်အတွက် "အသင်ပုဏ္ဏား ဘယ်လိုအရည်အချင်းမျိုးနှင့်ပြည့်စုံသူများကို မြတ်သောသူ(ဗြာဟ္မဏ)ဟု သတ်မှတ်ပါသနည်း"ဟု မေးမြန်းခဲ့သည်။ မြို့စားကြီးက "မျိုးရိုးသန့်စင်သူဖြစ်ခြင်း၊ ဝေဒကျမ်းတို့ကို တတ်မြောက်ခြင်း၊ ရုပ်ဆင်းအင်္ဂါလှပခြင်း၊ သီလရှိခြင်း၊ ပညာရှိခြင်း" စသည့်အရည်အချင်းများနှင့် ပြည့်စုံသူကို မွန်မြတ်သောသူဟုသတ်မှတ်ပါကြောင်း လျှောက်ထားလေသည်။

မြတ်စွာဘုရားရှင်က "အသင်ပုဏ္ဏား အရည်အချင်းငါးမျိုးအနက် မျိုးရိုးသန့်ခြင်းကို လျှော့ချလိုက်ပါက ဗြာဟ္မဏဖြစ်နိုင်ပါသလား"ဟု မေးမြန်းလေရာ မြို့စားကြီးက "ဖြစ်နိုင်ပါတယ်"ဟုလျှောက်တင်လေသည်။ မြတ်စွာဘုရားရှင်က အရည်အချင်းတစ်ခုချင်း လျှော့ချစေပြီး ဗြာဟ္မဏဖြစ်နိုင်၊ မဖြစ်နိုင် မေးမြန်းရာတွင် သီလနှင့်ပညာဆိုသည့် အရည်အချင်းနှစ်ခုကို လျှော့ပေး၍မရကြောင်းနှင့် ထိုအရည်အချင်းနှစ်ခု မရှိပါက လူ့ဘဝတွင် လူပီသသောမွန်မြတ်သောသူ (ဗြာဟ္မဏ)မဖြစ်နိုင်ပါကြောင်း မြို့စားကြီးက လျှောက်တင်လေသည်။ မြတ်စွာဘုရားရှင်က သီလနှင့် ပညာသည် ကမ္ဘာစောင့်တရားနှစ်ပါးပင်ဖြစ်ပြီး ပညာမရှိသူသည် လောဘ၊ ဒေါသ၊ မောဟများဖုံးလွှမ်းပါက အမှားအမှန်ကို ပိုင်းခြားနိုင်စွမ်းကင်းမဲ့ပြီး သီလဖောက်ဖျက်သည့်လုပ်ရပ်များကို လုပ်နိုင်သဖြင့် ဘဝတွင် ပညာသည်သာ ပဓာနဖြစ်သည်ဟု ဟောကြားခဲ့သည်။

ဉာဏဗလပြည့်ဝပြီးဖြစ်သည့် လူငယ်များအနေဖြင့် ဘဝအခက်အခဲမှန်သမျှကို လွယ်လင့်တကူ ကျော်လွှားအောင်မြင်နိုင်ကြမည်ဖြစ်သည်။ ကောင်းမှု၊ မကောင်းမှုတို့ကိုခွဲခြားတတ်သည့် ဉာဏ်ပညာရှိသူများဖြစ်လာသည့် လူငယ်များအနေဖြင့် ဘဝခရီးလမ်းများကို လျှောက်လှမ်းရာတွင်လည်း အများအကျိုးကို ထိခိုက်နစ်နာစေသည့်လုပ်ရပ်များ ပြုလုပ်လိမ့်မည်မဟုတ်ပေ။ အတ္တပရမျှတစွာဖြင့် ဘဝလမ်းခရီးကို ဖြောင့်ဖြူးသာယာစွာလျှောက်လှမ်းနိုင်ရန်အတွက် ဉာဏ်အလင်းတံခါးကို ဖွင့်ထားနိုင်ရေး စာပေဗဟုသုတများကို ဖြည့်တင်းထားကြခြင်းဖြင့် ဉာဏဗလပြည့်ဝသူများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ။**
- **ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု ညောင်ကန်ဆရာတော်ဘုရားကြီး။**

# အောင်စေ ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် တယုတယခြွေ မြန်မာရုပ်ရှင်ဇာတ်ကား ဒီဇင်ဘာ ၂၀ ရက်တွင် ရုံတင်ပြသမည်



**ရန်ကုန် ဒီဇင်ဘာ ၁၈**

အောင်စေ ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် တယုတယခြွေ မြန်မာရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာ ၂၀ ရက်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ တယုတယခြွေ မြန်မာရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ညီနန္ဒထံမှ သိရသည်။

အဆိုပါ တယုတယခြွေမြန်မာရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ စိုးမိုးမင်းက အောင်စေ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးပေးထားသည့် မြန်မာရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ အောင်စေ ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ ဒုတိယမြောက်ခြေလှမ်းပါပဲ။ ဇာတ်လမ်းဇာတ်အိမ် ကောင်းကောင်းနဲ့ သရုပ်ဆောင် အားကောင်းကောင်း မြင်ရမဲ့ အိမ်ထောင်ရေးဒရာမာဇာတ်လမ်း ဖြစ်ပါတယ်"ဟု သရုပ်ဆောင် ညီနန္ဒက ပြောပြသည်။

တယုတယခြွေ မြန်မာရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ရွှေထူး၊ မင်းအာကာ၊ ညီနန္ဒ၊ အိချောပို၊ ခိုင်နှင်းဝေ၊ ရွှေပိုးအိမ်၊ ဩသရုပ်ဆောင် မေသန်းနုနှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

**ASH**

# တေးသံရှင် အိမ့်ချစ်၊ ထက်နေကြည်၊ ဗေဒါသွေး၊ မိုးသောက်တို့ သီဆိုဖျော်ဖြေမည့်တေးဂီတပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် The Heart Of Rangoon ခန်းမတွင် ပြုလုပ်မည်




**ရန်ကုန် ဒီဇင်ဘာ ၁၈**

တေးသံရှင် အိမ့်ချစ်၊ ထက်နေကြည်၊ ဗေဒါသွေး၊ မိုးသောက်တို့ သီဆိုဖျော်ဖြေမည့် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart Of Rangoon – THOR ခန်းမတွင် ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါတေးဂီတ ဖျော်ဖြေပွဲတွင် ပါဝင်သီဆိုဖျော်ဖြေမည့် တေးသံရှင် အိမ့်ချစ်က ပြောပြ၍ သိရသည်။

အဆိုပါ တေးသံရှင်များ သီဆိုဖျော်ဖြေမည့် တေးဂီတဖျော်ဖြေပွဲကို ဒီဇင်ဘာ ၂၄ ရက်တွင် The Heart of Rangoon – THOR ခန်းမတွင် ပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင်လေးဦး၏ ဖျော်ဖြေသီဆိုမှုများကို Daily Gita Band တေးဂီတအဖွဲ့က အကောင်းဆုံးပံ့ပိုးကူညီ တီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဖျော်ဖြေပွဲလေးကိုတော့ The Comeback of Three Winners လို့ အမည်ပေးထားပါတယ်။ ပရိသတ်တွေ တောင်းဆိုတဲ့သီချင်းတွေကို အားပါးတရ ဖျော်ဖြေပေးမှာပါ "ဟု တေးသံရှင် အိမ့်ချစ် က ပြောပြသည်။

အဆိုပါ တေးသံရှင် လေးဦး သီဆိုဖျော်ဖြေမည့် တေးဂီတဖျော်ဖြေပွဲကို ဒီဇင်ဘာ ၂၄ ရက် ည ၆ နာရီ မိနစ် ၃၀ နာရီမှ စတင်ကာ ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ASH**

# Verden Production မှ ရိုက်ကူးထုတ်လုပ်မည့် ဆန်းကြယ်သောဖူးစာ Season 2 ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

Verden Production မှ ရိုက်ကူးထုတ်လုပ်မည့် ဆန်းကြယ်သော ဖူးစာ Season 2 ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံစေတီတော်ကြီးတွင် ဒီဇင်ဘာ ၁၇ ရက်က ကျင်းပခဲ့ကြောင်း အဆိုပါ ဇာတ်လမ်းတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်မည့် သရုပ်ဆောင် မေသူထွန်းကပြောပြ၍ သိရသည်။

အဆိုပါ ဆန်းကြယ်သော ဖူးစာ Season 2 ဇာတ်လမ်း၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကိုမေသူထွန်းက ရေးသားထားပြီး ဒါရိုက်တာ မင်းစနေက Verden Production အတွက် တာဝန်ယူပုံဖော်ရိုက်ကူးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဆန်းကြယ်သော ဖူးစာရဲ့ Season 1 မှာက အိမ်ထောင်ရေးဇာတ်လေး အောင်မြင်လို့ အခုဇာတ်လမ်းကို ထပ်မံရိုက်ကူးဖြစ်တာပါ။ မေ့ရဲ့ အမျိုးသားက ကိုယ့်ရဲ့သူငယ်ချင်းနဲ့ ဖောက်ပြန်တယ်ပေါ့နော်။ ဖောက်ပြန်ခံရတဲ့ အမျိုးသမီးလေး တစ်ယောက်ရဲ့ အကြောင်းကို ဆက်လက်ရိုက်ကူးမှာဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာ ဇာတ်လမ်းအလှည့်အပြောင်းလေးတွေနဲ့ ဇာတ်အနိမ့်အမြင့်လေးတွေ ပါပါမယ်။ ဇာတ်က ပုံမှန်ထက်ပိုဆန်းကြယ်တဲ့ အကြောင်းအရာလေးတွေ ထပ်ထည့်ထားတယ်လို့ သိရပါတယ်။ ပရိသတ်တွေ အကြိုက်တွေ့စေမဲ့ ဇာတ်လမ်းတွဲလေးဖြစ်မှာပါ"ဟု သရုပ်ဆောင် မေသူထွန်း က ပြောပြသည်။

ဆန်းကြယ်သော ဖူးစာ Season 2 တွင် သရုပ်ဆောင်များအဖြစ် သီဟဟိန်း၊ ဘုန်းနေခေတ်၊ နေရှိုင်း၊ ဝသုန်၊ နေ့သစ်အေးအောင်၊ မေသူထွန်း၊ ချောဆင့်သူ၊ ခင်ကျော့ရှင်း၊ ဝင်းမြတ်ဖြိုး စသည့်အနုပညာရှင်များစွာ ပါဝင်ကြမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလဆန်းမှ စတင်ကာ ရန်ကုန်နှင့် မန္တလေး မြို့တို့တွင် ဇာတ်အိမ်တည်ကာ ရိုက်ကူး သွားမည်ဖြစ်ကြောင်း သိရသည်။

**ASH**

# Boris Is Dead ဟာသဇာတ်ကား၌ ဒိန်းကွတ်နှင့်ဟာနာမေလီတို့ ပါဝင်မည်

**နယူးယောက် ဒီဇင်ဘာ ၁၈**

Boris Is Dead အမည်ရှိ လူ့စရိုက်သရုပ်ဖော် ဟာသဇာတ်ကား၌ မင်းသား ဒိန်းကွတ်နှင့်မင်းသမီး ဟာနာမေလီတို့ ပါဝင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၇ ရက်သတင်းများအရ သိရသည်။

Boris Is Dead ဇာတ်ကားကို Darkness of Man ဒါရိုက်တာ ဂျိမ်းကူလန်ဘရက်ဆက်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် မအောင်မြင်ခဲ့သည့် အနုကြမ်းစီးမှုတစ်ခုတွင် ဘုမသိဘမသိ ပါဝင်ခဲ့ရသော စားပွဲထိုးတစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုဇာတ်ညွှန်းရေးဆရာ ကယ်ရှီဒိုနယ်လီနှင့် ဂျက်ကလင်းဒိုနယ်လီတို့က တာဝန်ယူရေးသားထားသည်။

လက်ရှိအချိန်တွင် Boris Is Dead ဇာတ်ကား ထုတ်လုပ်မှုလုပ်ငန်းကို စတင်နေပြီဖြစ်ကြောင်း သိရသည်။

Boris Is Dead ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**





# Rolling Loud ဟာသဇာတ်ကား၌ ကမ္ဘာကျော်မင်းသား အိုဝင်ဝီဆင် ပါဝင်သရုပ်ဆောင်မည်ဖြစ်

**နယူးယောက် ဒီဇင်ဘာ ၁၈**

Rolling Loud အမည်ရှိဟာသဇာတ်ကား၌ ကမ္ဘာကျော်မင်းသား အိုဝင်ဝီဆင် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

Rolling Loud ဇာတ်ကားတွင် မင်းသား အိုဝင်ဝီဆင်သည် လူငယ်မင်းသား မက်ရစ်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Rolling Loud ဇာတ်ကားတွင် မင်းသား အိုဝင်ဝီဆင်နှင့် မက်ရစ်တို့သည် Rolling Loud ဟစ်ဟော့ဂီတပွဲ၌ ကမောက်ကမဖြစ်စဉ်များ ကြုံခဲ့ရသည့် သားအဖနှစ်ဦးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂျရမီဂါရီလစ်က ကိုယ်တိုင်ဝတ္ထုဇာတ်ညွှန်းရေးပြီး ကိုယ်တိုင်တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

၎င်းဇာတ်ကား ရိုက်ကူးမှုကို ယခုသီတင်းပတ်အတွင်း ကျင်းပမည့် Rolling Loud ဟစ်ဟော့ဂီတပွဲ၌ စတင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Rolling Loud ဇာတ်ကားကို လာမည့်နှစ်အတွင်း ရုံတင်ရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**





# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing addresses Passing-out Parade of the 25th Intake of Defence Services Medical Academy


Senior General Min Aung Hlaing addresses the Passing-out Parade of the 25th Intake of Defence Services Medical Academy.

**Nay Pyi Taw December 18**

The Passing-out Parade of the 25th Intake of Defence Services Medical Academy was held at the parade ground of DSMA in Yangon this morning with an address by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing.

Also present at the ceremony together with the Senior General were wife Daw Kyu Kyu Hla, Commander-in-Chief (Navy) Admiral Zeya Kyawhtin Htein Win and wife, Commander-in-Chief (Air) General Zeya Kyawhtin Sithu Tun Aung and wife, senior military officers from Office of Commander-in-Chief and wives, Union ministers and wives, the Yangon Region chief minister and wife, the Yangon Command commander, the DSMA commandant, officials from Yangon Station, families and relatives of cadets and guests.

First, the Senior General took the salute of the cadet battalions, and inspected the graduation company. The cadet companies saluted the Senior General with slow-march past and quick-march past.

The Senior General presented Best Cadet Award to Cadet Kaung Myint Myat Tun, Excellent Award in Training to Cadet Thaw Zin Oo, and Excellent Award in Studies to Cadet Aung Ko Ko Htet.

In his graduation address, the Senior said DSMA is continuously training and generating medical officer doctors **with the aim of bringing about medical expert officers, who have physical and intellectual ability and who are required for Tatmadaw (Army, Navy and Air).** The Tatmadaw medical expert officers are effectively providing healthcare for national people, apart from military officers and other ranks and families. In addition, they are exerting brilliant efforts in the works for development of medical science for the nation and Tatmadaw. So, their deeds are honourable.

Skill and healthcare services of Tatmadaw medical officer doctors is of vital importance for the health and fitness of Tatmadaw members and is a basic requirement for strengthening the Tatmadaw as well as a support for enhancing national defence power. **Physical and mental health and fitness is a special requirement for progress of the fighting ability of every combat soldier. Hence, military doctors will have to provide adequate healthcare in every place and at any time, using their skill in medical science.**

Today is the age of science and technology. In this regard all are witnessing the daily progress of the field of medical science. On one hand, new and changing therapies and medical equipment are emerging, and on the other, bizarre and mysterious diseases are challenging the medical field. These challenges must be overcome through continuous studies for research on medical science and medical subjects and innovations. The country has already established the National Council for Science, Technology and Innovation, and it is now conducting innovation activities. The country is also setting up connections between new technologies and public healthcare services, health and human resources, medical science universities and conducting integrating multiple treatment techniques and finding new therapies through technological transfer centres and knowledge distribution centres. Starting from the medical sciences learned at the alma mater, they must continue to study advanced medical subjects to become medical scientists of the international level without losing sight of the even advancing technologies and medical sciences.

The SAC has outlined nine key objectives, including the second social goal: **"enhancing the nation's health and sports sectors to ensure longevity and health for all citizens."** To implement this objective, the medical personnel, in collaboration with the Ministry of Health, is actively working to improve public healthcare services. To keep pace with international medical forces, medical conferences, seminars, and workshops are being conducted, alongside experience-sharing sessions on military healthcare with foreign experts. Additionally, extensive research is being carried out in line with international standards to stay updated on advancements in medical sciences. He also emphasized that, upon reaching their respective areas of duty, **military doctors should excel in their roles, contributing to the development of the nation's health sector programs while fulfilling their primary responsibilities.**

He also emphasized that to become a modern and developed nation, a healthy and strong human resource is essential, making public healthcare critically important. **Regarding the health of the people, as the saying goes, "Nothing is more important than human life." Therefore, the military must ensure the provision of improved healthcare services, safeguarding the well-being and security of the population in all aspects of their daily lives.**


Dignitaries attending the Passing-out Parade of the 25th Intake of Defence Services Medical Academy.

Medical personnel must recognize that delivering free healthcare to the public, including medical support during natural disaster relief, is a form of public service with a clear responsibility. It serves as a means of defending the lives and well-being of the population.

*See Page 13*

# Graduation dinner of Intake 25 of DSMA held



**The graduation dinner of the Intake 25 of Defence Services Medical Academy in progress.**

**Nay Pyi Taw December 18**

The graduation dinner of the Intake 25 of Defence Services Medical Academy was held at the assembly hall of the convocation hall of the academy in Yangon this evening and Chairman of the State Administration Council Commander-in-Chief of Defence Services Senior General attended the dinner.

Also present together with the Senior General Min Aung Hlaing were his wife Daw Kyu Kyu Hla, Commander-in-Chief (Navy) Admiral Htein Win and wife, Commander-in-Chief (Air) General Tun Aung and wife, senior officers from the Office of the Commander-in-Chief of Defence Services and their wives, union ministers, the chief minister of Yangon Region, the commander of Yangon Command, the commandant of the DSMA, officers from Mingaladon station, parents and relatives of graduating cadets and guests.

First, the Senior General cordially greeted graduating officers one by one.

Then, the Senior General and party enjoyed the dinner with graduating officers and guests.

Afterward, the Senior General and party observed the performance of the military band of the DSMA and presented cash rewards for them.

Then, the Senior General and party enjoyed the music of the Myawady band under the Directorate of Public Relations and Psychologicla Warfare.

100



**Senior General Min Aung Hlaing enjoys the performance of the DSMA military band.**

*From Page 12*

In essence, they are fulfilling their duty to defend the nation. Therefore, upon arriving in their respective areas of duty, they must apply their medical knowledge in practice and work diligently and effectively for the benefit of the public.

Just as the development of human resources is essential for building a modern and developed nation, the long-term health of the population is a foundational element for human resource development. Ensuring an adequate number of qualified specialists, doctors, and healthcare workers is crucial to maintaining the longevity and well-being of the public.

In Myanmar society, doctors are highly respected due to their medical expertise, and military medical officers are also recognized as honorable figures who make sacrifices. Therefore, it is essential to uphold and maintain the dignity of being a military doctor, which has been earned through hard work and dedication. Additionally, as military doctors, they must be prepared to perform operational duties alongside infantry soldiers for the defense and security of the country when required. They should strive to become military leaders who are adept at following orders and applying their military skills.

When carrying out medical duties, they must apply their medical knowledge and treat patients **with kindness, a noble spirit, and deep compassion.** Just as they utilize their military knowledge during military and security operations, they must serve with a **"spirit of upholding and preserving military traditions through self-sacrifice."** He also encouraged cultivating a similar spirit and striving to become **"Brave and Victorious Military Physicians"**, capable of assuming future responsibilities in the medical force, responsibilities that both the state and the military rely on, serving as young military doctors and leaders who are both physically and mentally strong.

He urged them, as good medical scientists and officers possessing both physical and mental strength, for the military (Army, Navy, Air), to strive for the state, the military, and the ethnic people. To strive to become expert medical scientists by continuously studying and researching the evolving medical sciences. In line with the motto, **"To be healthy and strong to fight,"** the military personnel serving in the defense of the country must be healthy and strong and be able to fulfill their assigned duties with the help of their medical expertise. He also stated that everyone should **make every effort to enhance the honor of the DSMA, the medical corps, and the military, and to become "Brave and Victorious Military Physician" individuals who are loyal and respectful to the state and its citizens.**

Afterwards, the Senior General received a salute from the cadet companies and departed from the parade ground.

After the parade, the Senior General delivered an address to outstanding cadets and their parents at the parlour of the DSMA.

In his address, **the Senior General said he was proud of the cadets as much as their parents and it was the outcomes of efforts of ambitious self-restraints with perseverance, diligence and endurance during the entire training course**. As cadets were able to sustain their efforts to study academic disciplines at the academy after passing basic education high schools with high grades, they were outstanding and were required to keep the foundation of the momentum in the future journey of life without straying from their ambitions and goals. **As efforts would contribute to more successful lives, they were required to exert efforts and exercise self-restraints consistently not to stray from ambitions and goals.** To keep abreast of the times, they were required to read books, practice and share their knowledge. The Senior General urged them to contribute to the public interests not only with medical science but also with knowledge gained from reading books at places where they were assigned duties.

**As they appreciated the gratitude of parents and teachers who took care of and taught the cadets from childhood to the academy, the cadets are required to repay the gratitude of instructors of the academy, the Tatmadaw and the nation by leading the lives of good soldiers and doctors, improving the lives with self-appreciation and performing duties responsibly out of loyalty.** In conclusion, the Senior General urged them to try to build successful lives in the future, to be good leaders and ones who can carry out enormous tasks.. 100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်နိုင်ငံက အစောင့်လိုက်မောင်းသူမဲ့လေယာဉ်အသစ်တစ်မျိုးကို ထုတ်ဖော်ပြသ



တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံ၏ Loyal Wingman အစောင့်လိုက်မောင်းသူမဲ့လေယာဉ်နှင့်အပြိုင် အဆင့်မြင့် တိုက်လေယာဉ်များနှင့် ပူးတွဲတိုက်ခိုက်ရေးတာဝန်ထမ်းဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားသည့် အစောင့်လိုက်မောင်းသူမဲ့လေယာဉ်(UAS) အသစ်တစ်မျိုးကို ထုတ်ဖော်ပြသခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မကြာသေးမီက တရုတ်နိုင်ငံတောင်ပိုင်းရှိ Zhuhai လေကြောင်းပြပွဲတွင် ပြသခဲ့သည့် Feihong FH-97A မောင်းသူမဲ့လေယာဉ်သည် အသေးစားဒရုန်းများကို ဦးဆောင်နိုင်၍ အုပ်စုလိုက်တိုက်ပွဲဝင်နိုင်ခြင်းသို့မဟုတ် တရုတ်နိုင်ငံထုတ် J-20 အဆင့်မြင့် ကိုယ်ပျောက်တိုက်လေယာဉ်များအတွက် အစောင့်လိုက်ပါ၍ တွဲဖက်တိုက်ပွဲဝင်လုပ်ဆောင်နိုင်ခြင်း စသည့် ရည်မှန်းချက်တာဝန်များ ထမ်းဆောင်နိုင်မည်ဖြစ်သည်။

၎င်းသည် ဝေဟင်မှ ဝေဟင်ပစ်နှင့် ဝေဟင်မှ မြေပြင်ပစ် လက်နက်ခဲယမ်းများ သယ်ဆောင်တိုက်ပွဲဝင်နိုင်မည်ဖြစ်သည့်အတွက် အပြင်းအထန်ဆင်နွှဲရသော စစ်ဆင်ရေးများတွင် အချိန်ကြာမြင့်စွာ ပျံသန်း တိုက်ပွဲဝင်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း၊ FH-97A မောင်းသူမဲ့လေယာဉ်သည် စစ်လက်နက်များဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကထားဖော်ဆောင်နေသည့် အချက် လေးချက်နှင့် ကိုက်ညီကြောင်း ရှန်ဟိုင်းမြို့အခြေစိုက် စစ်ဘက်လေ့လာအကဲခတ်သူ Ni Lexiong က ပြောကြားခဲ့သည်။

လူလိုက်ပါမောင်းနှင်မည့် တိုက်လေယာဉ်များအတွက် အစောင့်လိုက်မောင်းသူမဲ့လေယာဉ် တာဝန်ထမ်းဆောင်နိုင်ခြင်းအပြင် Feihong မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်သည် ရေတပ်စစ်ဆင်ရေးများတွင် ပံ့ပိုးနိုင်ရန်အတွက် လေယာဉ်တင်သင်္ဘောများပေါ်မှလည်း ပစ်လွှတ်နိုင်မည်ဖြစ်သည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည် ထိုကဲ့သို့သော စွမ်းဆောင်ရည်များ ပိုင်ဆိုင်နိုင်မည့် မောင်းသူမဲ့ တိုက်ခိုက်ရေးလေယာဉ်ကို တိုက်ပွဲဝင်အသင့် ဖြန့်ကြက်အသုံးပြုနိုင်ရန် အနည်းဆုံးနောက်ထပ် ငါးနှစ်ခန့် အချိန်ယူရဦးမည်ဖြစ်ကြောင်း ကာကွယ်ရေးလေ့လာအကဲခတ်သူများက တွက်ချက်ခန့်မှန်းထားကြသည်။

"အနာဂတ်မှာ FH-97A မောင်းသူမဲ့လေယာဉ်ဟာ အလွန်အရေးကြီးပါလိမ့်မယ်။ စစ်ပွဲတွေရဲ့ အနာဂတ်ဟာ ဒရုန်းနဲ့ ဒရုန်းတိုက်ဖျက်ရေး နည်းပညာကြားမှာ အကြီးအကျယ် ပြိုင်ဆိုင်လာကြလိမ့်မယ်" ဟု Ni က သုံးသပ်ပြောကြားခဲ့ကြောင်း သိရသည်။

ပူးတွဲတိုက်ခိုက်ရေးတာဝန် ထမ်းဆောင်နိုင်မည့် မောင်းသူမဲ့လေယာဉ် ထုတ်လုပ်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် အစောင့်လိုက် မောင်းသူမဲ့လေယာဉ် (Loyal Wingman)ကို တီထွင်ထုတ်လုပ်အသုံးပြုနိုင်ရန် အမေရိကန်နိုင်ငံက အရှိန်မြှင့် ကြိုးပမ်းလုပ်ဆောင်နေချိန်တွင် တရုတ်နိုင်ငံသည် FH-97A မောင်းသူမဲ့လေယာဉ်ကို ထုတ်ဖော်ပြသနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

အမေရိကန် တပ်မတော်နှင့်အပြိုင် အမီလိုက်နိုင်စေရန်အတွက် တရုတ်နိုင်ငံ၏အစောင့်လိုက် မောင်းသူမဲ့လေယာဉ် (Loyal Wingman) တီထွင်ထုတ်လုပ်မှုတွင် တရုတ်နိုင်ငံရှိ ကာကွယ်ရေးစက်မှုလုပ်ငန်းရှင်များကို နေရာပေးလိမ့်မည်ဖြစ်ကြောင်း ဗြိတိန်အခြေစိုက် Royal United Services Institute အကြံပေးအဖွဲ့ တွဲဖက်သုတေသီတစ်ဦးဖြစ်သူ Peter Layton ၏ အဆိုအရ သိရသည်။

**China Develops Own 'Loyal Wingman' to Rival US ကို ဘာသာပြန်ဆိုထားပါသည်။**

## ဟူသီအဖွဲ့က တဲလ်အဗစ်မြို့တော်ကို ဟိုက်ပါဆောနစ်ဒုံးကျည်ဖြင့် ပစ်လွှတ်တိုက်ခိုက်ခဲ့

ယီမင်နိုင်ငံတွင် ဧရိယာအများစုကို ထိန်းချုပ်ထားသည့် ဟူသီအဖွဲ့သည် တဲလ်အဗစ်မြို့တော်ကို ပစ်မှတ်ထား၍ အသံထက်မြန်သော ဟိုက်ပါဆောနစ်ပဲ့ထိန်းဒုံးကျည်ဖြင့် အောင်မြင်စွာပစ်လွှတ်တိုက်ခိုက်နိုင်ခဲ့ကြောင်း RT သတင်းဌာနက ဒီဇင်ဘာ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ဟိုက်ပါဆောနစ်ဒုံးကျည်ပစ်ချခံခဲ့ရသော်လည်း အသေအပျောက်မရှိခဲ့ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။ ယီမင်နိုင်ငံရှိ ရှီယိုက်အာအုပ်စုဖြစ်သော ဟူသီအဖွဲ့သည် ပင်လယ်နီကို ပိတ်ဆို့ထားပြီး အစ္စရေးနိုင်ငံကို ပစ်မှတ်ထားကာ ဒုံးကျည်များနှင့်ဒရုန်းများအသုံးပြု၍ ကာလအတော်ကြာကတည်းက ပစ်လွှတ်တိုက်ခိုက်ခဲ့ကြောင်း၊ ဂါဇာကမ်းမြောင်ဒေသကို အနောက်ဂျေရုဆလင်၊ အစ္စရေးတို့၏ ထိုးစစ်ဆင်မှုများ ရပ်တန့်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ဟူသီစစ်ဘက် ပြောရေးဆိုခွင့်ရှိသူ Yahya Saree က တဲလ်အဗစ်မြို့တော်အနီးရှိ စစ်ရေးပစ်မှတ်တစ်ခုကို အသံထက်မြန်သော ဟိုက်ပါဆောနစ်ဒုံးကျည်တစ်စင်းဖြင့် အောင်မြင်စွာပစ်လွှတ်တိုက်ခိုက်နိုင်ခဲ့ပြီး စစ်ဆင်ရေးရည်မှန်းချက်အတိုင်း အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

သို့သော် အစ္စရေးလေပိုင်နက်ထဲမဝင်မီ ယီမင်မှပစ်လွှတ်လိုက်သော ဒုံးကျည်တစ်စင်း ပစ်ချခံရပြီး ဒုံးကျည်ပြုတ်ကျမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိမှုများမဖြစ်ပေါ်စေရန် လေကြောင်းတိုက်ခိုက်မှု သတိပေးချက်ဥသြသံများ ထုတ်ပြန်ခဲ့ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က တုံ့ပြန်ပြောကြားခဲ့သည်။ အစ္စရေးကာကွယ်ရေးတပ်ဖွဲ့၏ အဆိုအရ အဆိုပါဒုံးကျည်၏ အပျက်အစီးများကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်မှုမရှိဘဲ ဒုံးကျည်သည် အနောက်ဘက်ကမ်းဒေသတွင် ကျရောက်ခဲ့ကြောင်း သိရသည်။

ဟူသီအဖွဲ့သည် ၂၀၂၄ ခုနှစ် နိုဝင်ဘာလကတည်းက အစ္စရေးနိုင်ငံသို့ အနည်းဆုံး ဒရုန်းငါးစင်းနှင့် ပဲ့ထိန်းဒုံးကျည်ခြောက်စင်းအသုံးပြု၍ ပစ်လွှတ်တိုက်ခိုက်ခဲ့သည်။ ပြီးခဲ့သည့် သီတင်းပတ်က Yavne မြို့ရှိ အဆောက်အအုံတစ်ခုကို ဒရုန်းတစ်စင်းဝင်တိုက်ခဲ့ပြီး အဆောက်အအုံ ထိခိုက်ပျက်စီးမှုများရှိသော်လည်း အခြားထိခိုက်သေဆုံးမှုမရှိခဲ့ပေ။ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုသည် ဒုံးကျည်တိုက်ခိုက်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် ယီမင်နိုင်ငံကို လေကြောင်းတိုက်ခိုက်မှုများ ထပ်မံပြုလုပ်ရန် ပြင်ဆင်နေသည်ဟု သတင်းများထွက်ပေါ်နေသည်။ အစ္စရေးနိုင်ငံသည် ၂၀၂၄ ခုနှစ် ဇူလိုင်လနှင့် စက်တင်ဘာလတွင် ဟူသီသူပုန်များတည်ရှိရာ ယီမင်နိုင်ငံတွင်းရှိ စစ်ရေးပစ်မှတ်များကို ဗုံးကြဲတိုက်ခိုက်ခဲ့ပြီးဖြစ်သည်။



ဟူသီအဖွဲ့သည် ပင်လယ်နီအတွင်းသို့ ဝင်ရောက်ရန် သို့မဟုတ် ထွက်ခွာရန် ကြိုးစားနေသည့် အစ္စရေးသင်္ဘောများကို ပစ်မှတ်ထားကာ လက်တုံ့ပြန်တိုက်ခိုက်ခဲ့ပြီး နောက်ပိုင်းတွင် ၎င်းတို့၏ပစ်မှတ်စာရင်းတွင် အမေရိကန်၊ ဗြိတိန်နှင့် ဆက်နွှယ်နေသည့် သင်္ဘောများပါဝင်လာခဲ့သည်။ ဟူသီအဖွဲ့၏ လက်လွှတ်စပယ် ပစ်ခတ်တိုက်ခိုက် နှောင့်ယှက်နေမှုများသည် ကမ္ဘာလုံးဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးတွင် အကြီးအကျယ် ဒုက္ခရောက်ခဲ့ကြရကြောင်း သိရသည်။

**Houthis fire 'hypersonic' missile at Tel Aviv ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၂၂၁၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၂၂၁၄ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၂၂၅၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၂၂၁၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ပဲတီစိမ်းဧက ၂၂၅၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ဒီနေ့ထိ ၂၂၂၁၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်း တိုးချဲ့စိုက်ပျိုးဖို့နဲ့ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ပညာပေးတာတွေရှိပါတယ်"ဟု ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲတီစိမ်း အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်း၊ မျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်ထံမှ သိရသည်။

(၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ နိုဝင်ဘာလအတွင်း သွေးခုံး ပိဿာချိန် ၇၅၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ နိုဝင်ဘာလအတွင်း သွေးခုံးပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းလဲ့က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ဒေသထွက်ရေထွက်ကုန်များကို ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး အောက်တိုဘာလအတွင်းက သွေးခုံးပိဿာချိန် ၅၂၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ သွေးခုံးပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် သွေးခုံး ပိဿာချိန် ၁၀ လျှင် ငွေကျပ် ၉၅၀၀၀ ထိ ပေါက်စျေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ နိုဝင်ဘာလထဲမှာ ရန်ကုန်စျေးကွက်ကို သွေးခုံးတွေ တင်ပို့အား ကောင်းခဲ့ပါတယ်။ ဖျာပုံမြို့နယ်က ရေထွက်ကုန်တွေကို ရန်ကုန်စျေးကွက်ကိုပဲ တင်ပို့ရောင်းချခဲ့တာပါ။ ပြည်တွင်းမှာကို သွေးခုံးတွေက ဝယ်လိုအားများနေပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း သွေးခုံးပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ နိုဝင်ဘာလထဲမှာတော့ ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိ ဒီဇင်ဘာလထဲမှာလဲ သွေးခုံးတွေ အပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်စျေးကွက်က ဝယ်ယူမှုများနေပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းလဲ့က ပြောပြသည်။



ဖျာပုံမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ရေထွက်ကုန် သွေးခုံးများ တင်ပို့ ရောင်းချနိုင်သည့်အတွက် ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ အရောင်းအဝယ်ပြုလုပ်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းယန်းမြို့နယ် နမ့်မုတ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိုင်းယန်း ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်မုတ်ကျေးရွာ၌ ကျေးလက် ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် တာဝန်ရှိသူများက နမ့်မုတ်ကျေးရွာတွင် လမ်း အရှည် ၁ မိုင်၊ အကျယ် ၁၂ပေ ၊အမြင့်ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက အဆိုပါ ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ကျေးရွာသားများ၊ ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များ၊ တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့် အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းကို ယခုဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၃၃၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် Eastern Akhar Lay ကုမ္ပဏီက ယခုနှစ် ဇွန်လ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံး၏ ၈၀ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွန့်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်စျေးနှုန်းများ

၁၈-၁၂-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၀၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၂၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၅၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၆၅ |

**(သာ စက်သုံးဆီဆိုင်၏ စျေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းစျေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**ရှေ့ဖုံးမှအဆက်**

ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် မင်္ဂလာဒုံတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ဗိုလ်လောင်းတပ်ခွဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းကောင်းမြင့်မြတ်ထွန်း၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းသော်ဇင်ဦးနှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအောင်ကိုကိုထက်တို့ကို ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က သင်တန်းဆင်း မိန့်ခွန်းပြောကြားရာတွင် တပ်မတော်ဆေးတက္ကသိုလ်ကို **“တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင်အရာရှိကောင်းများ မွေးထုတ်ပေးရန်”**ဟူသည့် ရည်ရွယ်ချက်ဖြင့် တပ်မတော်အရာရှိ ဆရာဝန်ဆေးမှူးများကို စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်က မွေးထုတ်ပေးလိုက်သည့် တပ်မတော်သားဆေးသိပ္ပံပညာရှင်များသည် တပ်မတော်သားအရာရှိ၊ စစ်သည်၊ မိသားစုဝင်များသာမက တိုင်းရင်းသားပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနေသကဲ့သို့ နိုင်ငံတော်နှင့် တပ်မတော်အတွက် ဆေးသိပ္ပံပညာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင်လည်း အားသွန်ခွန်စိုက် လုပ်ကိုင်ဆောင်ရွက်နေကြသည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ်တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

တပ်မတော်အရာရှိ ဆရာဝန်ဆေးမှူးများ၏ ကျွမ်းကျင်မှုနှင့် ကျန်းမာရေးစောင့်ရှောက်ပေးမှုများသည် မိမိတို့တပ်မတော်သားများ၏ ကျန်းမာကြံ့ခိုင်ရေးအတွက် အလွန်အရေးကြီးသည့် တာဝန်တစ်ရပ်ဖြစ်ပြီး တပ်မတော်အင်အားတောင့်တင်းခိုင်မာရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးစွမ်းပကား မြင့်မားစေရေးအတွက်လည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုလျက်ရှိကြောင်း၊ **တိုက်ပွဲဝင်စစ်သည်တိုင်း တိုက်စွမ်းရည်မြင့်မားရေးအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေး အထူးလိုအပ်သောကြောင့် သင်ယူတတ်မြောက်ထားသည့် ဆေးပညာရပ်များကို အသုံးချပြီးနေရာဒေသမရွေး၊ အချိန်အခါမရွေး လုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးသွားကြရမည်ဖြစ်ကြောင်း။**

ယနေ့ခေတ်သည် သိပ္ပံနှင့်နည်းပညာခေတ်ဖြစ်သည်နှင့်အညီ ဆေးသိပ္ပံပညာရပ်နယ်ပယ်သည်လည်း တစ်နေ့တခြားတိုးတက်ပြောင်းလဲနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ဆန်းသစ်ပြောင်းလဲလာသည့် ကုထုံးနှင့်ဆေးဝါးကိရိယာအသစ်များ ပေါ်ပေါက်လာသကဲ့သို့ ထူးခြားဆန်းပြားသည့် ရောဂါဘယများကလည်း ဆေးပညာနယ်ပယ်ကို စိန်ခေါ်လျက်ရှိနေကြကြောင်း၊ ယင်းတို့ကို ရင်ဆိုင်ကျော်လွှားနိုင်ရေး ဆေးသိပ္ပံဆိုင်ရာ ပညာရပ်များနှင့်ပတ်သက်၍ သုတေသနပြုခြင်းအပါအဝင် တီထွင်ဆန်းသစ်မှုများကိုလည်း စဉ်ဆက်မပြတ် လေ့လာဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ လက်ရှိ မိမိတို့နိုင်ငံတွင်လည်း အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီကို ဖွဲ့စည်းထားပြီး ဆန်းသစ်တီထွင်မှုဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေကြောင်း၊ ကျန်းမာရေးကဏ္ဍဆိုင်ရာတွင် နည်းပညာအသစ်များနှင့် ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှု၊ ကျန်းမာရေးနှင့် လူသားအရင်းအမြစ်ချိတ်ဆက်မှု၊

**ပြောင်းလဲတိုးတက်လာသည့် နည်းပညာရပ်များ၊ ဆေးသိပ္ပံပညာရပ်များကို မျက်ခြည်မပြတ်စေဘဲ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ဆေးသိပ္ပံပညာရှင်များဖြစ်အောင် တပ်မတော်ဆေးတက္ကသိုလ်က သင်ကြားပေးလိုက်သည့် ဆေးပညာရပ်များမှတစ်ဆင့် အဆင့်မြင့်ဆေးပညာရပ်များကို ဆက်လက်ဆည်းပူးလေ့လာ ဆောင်ရွက်သွားကြရမည်ဖြစ်. . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုစဉ်။

ဆေးပညာဆိုင်ရာ တက္ကသိုလ်အဆင့်ချိတ်ဆက်မှုများမှတစ်ဆင့် ကုသမှုနည်းပညာများ ပေါင်းစည်းခြင်းနှင့် အဆင့်မြင့်ကုသနည်း ဖော်ထုတ်ခြင်းအစရှိသည်တို့ကို နည်းပညာလွှဲပြောင်းမှုစင်တာများနှင့် အသိပညာဖြန့်ဝေရေးစင်တာများမှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် **ပြောင်းလဲတိုးတက်လာသည့် နည်းပညာရပ်များ၊ ဆေးသိပ္ပံပညာရပ်များကို မျက်ခြည်မပြတ်စေဘဲ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့်ဆေးသိပ္ပံပညာရှင်များဖြစ်အောင် တပ်မတော်ဆေးတက္ကသိုလ်က သင်ကြားပေးလိုက်သည့် ဆေးပညာရပ်များမှတစ်ဆင့် အဆင့်မြင့်ဆေးပညာရပ်များကို ဆက်လက်ဆည်းပူးလေ့လာ ဆောင်ရွက်သွားကြရမည်** ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ဦးတည်ချက်(၉)ရပ်အနက် လူမှုရေးဦးတည်ချက် ဒုတိယအချက်ဖြစ်သည့် **“တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး”** ဟူသည့်အချက်ကို အကောင်အထည်ဖော်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ဆေးဝန်ထမ်းတပ်ဖွဲ့ကလည်း ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို အလေးထား မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာဆေးတပ်ဖွဲ့များနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ပြည်တွင်း၌ ဆေးသိပ္ပံညီလာခံများ၊ဆေးပညာနှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပေးပြီး နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်များနှင့် စစ်ဘက်ကျန်းမာရေးစောင့်ရှောက်မှုအတွေ့အကြုံဖလှယ်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ပြောင်းလဲတိုးတက်လာနေသည့် ဆေးပညာဘာသာရပ်များကို မျက်ခြည်မပြတ် လေ့လာနိုင်ရေးအတွက် သုတေသနလုပ်ငန်းများကိုလည်း နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် **တာဝန်ကျရာဒေသအသီးသီးကို ရောက်ရှိသည့်အခါ၌ ဆေးဝန်ထမ်းတပ်ဖွဲ့၏ မူလတာဝန်များအပြင် နိုင်ငံတော်၏ကျန်းမာရေးကဏ္ဍမြှင့်တင်ရေး လုပ်ငန်းစဉ်များကို အထောက်အကူပြုပေးနိုင်သည့် တပ်မတော်သား ဆရာဝန်သမားကောင်းများအဖြစ် တာဝန်ထမ်းဆောင်သွားကြရန်** မှာကြားလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၅)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းကောင်းမြင့်မြတ်ထွန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၅)မှ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းသော်ဇင်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုဖြစ်ရန်အတွက် ကျန်းမာကြံ့ခိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်သည်ဖြစ်သောကြောင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု(Public Health Care)သည် လွန်စွာအရေးကြီးကြောင်း၊ **ပြည်သူလူထု၏ ကျန်းမာရေးနှင့်ပတ်သက်ပြီး “လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိ”ဟူသည့်အတိုင်း မိမိတို့တပ်မတော်အနေဖြင့်လည်း ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပြည်သူများ၏ နေ့စဉ်လူမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရမည်ဖြစ်**ကြောင်း။

ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များအနေဖြင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးတွင် ပြည်သူလူထုကို ဆေးအကာအကွယ်ပေးရေး အပါအဝင် နိုင်ငံအနှံ့အပြား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနေခြင်းသည် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ကို တာဝန်သိသိဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး ပြည်သူလူထု၏ အသက်ခန္ဓာများကို ကာကွယ်စောင့်ရှောက်ပေးနေခြင်းဖြစ်သောကြောင့် တစ်နည်းအားဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်နေခြင်းဖြစ်သည်ကို သိရှိနားလည်ထားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တာဝန်ကျရာနယ်မြေ ဒေသအသီးသီးသို့ ရောက်ရှိချိန်တွင် မိမိတို့တတ်ကျွမ်းထားသည့် ဆေးပညာများကို လက်တွေ့အသုံးချပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အားတက်သရော အောင်မြင်စွာလုပ်ဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၅)မှ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအောင်ကိုကိုထက်အား ဆုပေးအပ်ချီးမြှင့်စဉ်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်တည်ဆောက်ရာတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးဆုံးဖြစ်သကဲ့သို့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထု သက်ရှည်ကျန်းမာရေးသည် အခြေခံအကျဆုံးဖြစ်ကြောင်း၊ ပြည်သူလူထုသက်ရှည်ကျန်းမာစေရေးအတွက် အရည်အချင်းပြည့်ဝသည့် ပါရဂူ၊ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပြည့်စုံလုံလောက်စွာရှိရန် အလွန်အရေးကြီးကြောင်း။

မြန်မာ့လူမှုပတ်ဝန်းကျင်တွင် ဆရာဝန်များကို သမားဂုဏ်အရတလေးတစားနေရာပေးလေ့ရှိသကဲ့သို့ **စာမျက်နှာ ၁၈ သို့**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့် ၎င်းတို့၏မိဘများကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

တပ်မတော်သားဆရာဝန် အရာရှိများကိုလည်း ကိုယ်ကျိုးစွန့်အနစ်နာခံသည့် ယောကျ်ားကောင်းများအဖြစ် အသိအမှတ်ပြုနေကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အပင်ပန်းခံကြိုးစားအားထုတ်ပြီး ရရှိလာခဲ့သည့် တပ်မတော်သားအရာရှိ ဆရာဝန်ဆေးမှူးဟူသည့်ဂုဏ်ပုဒ်ကို မထိခိုက်မပျက်စီးစေရေး အစစအရာရာကိုယ်တိုင်ထိန်းသိမ်းနေထိုင်သွားကြရန် လိုအပ်ကြောင်း၊ထို့ပြင် တပ်မတော်သား ဆရာဝန်များဖြစ်သည်နှင့်အညီ လိုအပ်လာပါက ခြေလျင်စစ်သည်များနှင့်အတူ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် စစ်ဆင်ရေးတာဝန်များကိုပါ ထမ်းဆောင်ကြရမည်ဖြစ်သဖြင့် အမိန့်နာခံမှုကောင်းပြီး စစ်ပညာများကို အသုံးချတတ်သည့် စစ်ခေါင်းဆောင်များဖြစ်အောင် ကြိုးစားကြရန်လိုကြောင်း။

ဆေးကုသရေး တာဝန်ထမ်းဆောင်ချိန်တွင် ဆေးပညာရပ်များကိုအသုံးချပြီး လူနာများအပေါ်တွင် **ကောင်းမြတ်သည့်စေတနာ၊ မွန်မြတ်သည့် စိတ်ထား၊ ပြည့်ဝသည့် အကြင်နာမေတ္တာတရားများနှင့်** တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သကဲ့သို့ စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်ချိန်တွင်လည်း သင်ကြားပေးလိုက်သည့် စစ်ပညာရပ်များကိုအသုံးချပြီး **“တပ်မတော်၏ အစဉ်အလာကို အသက်ပေးစောင့်ထိန်းလိုသည့် စိတ်ဓာတ်”**ဖြင့် တာဝန် ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ စိတ်ဓာတ်ကောင်းများမွေးမြူပြီး လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် တပ်မတော်သား ဆရာဝန်၊ ခေါင်းဆောင်ငယ်များအဖြစ် နိုင်ငံတော်နှင့်တပ်မတော်က အားကိုးအားထားပြုရသည့် ဆေးဝန်ထမ်းတပ်ဖွဲ့၏အနာဂတ်တာဝန်များကို ပခုံးပြောင်းတာဝန်ယူဆောင်ရွက်နိုင်မည့် **“သမားဇာနည်အောင်စစ်သည်”**များဖြစ်အောင် အထူးကြိုးစားသွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။

တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက် လက်ရုံးရည်၊နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင် အရာရှိကောင်းများအဖြစ် နိုင်ငံတော်၊တပ်မတော်နှင့် တိုင်းရင်းသားပြည်သူလူထုအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ပြောင်းလဲတိုးတက်နေသည့် ဆေးသိပ္ပံပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာဆည်းပူး သုတေသနပြုပြီး ကျွမ်းကျင်သည့် ဆေးသိပ္ပံပညာရှင်များဖြစ်အောင် ကြိုးစားသွားကြရန်၊ ဆေးဝန်ထမ်းတပ်ဖွဲ့၏ရည်မှန်းချက်ဖြစ်သော **“ကျန်းမာကြံ့ခိုင်တိုက်နိုင်ရန်”** ဟူသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်သားများ ကျန်းမာကြံ့ခိုင်ပြီး ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရေး မိမိတို့တတ်ကျွမ်းသည့် ဆေးပညာဖြင့် စောင့်ရှောက်ကာကွယ်သွားကြရန်၊ **တပ်မတော်ဆေးတက္ကသိုလ်၏ဂုဏ်၊ ဆေးဝန်ထမ်းတပ်ဖွဲ့၏ ဂုဏ်၊ တပ်မတော်၏ဂုဏ်ကို မြှင့်တင်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရှိသေသည့် “သမားဇာနည်အောင်စစ်သည်”များဖြစ်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရန်** မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြ အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်ဆေးတက္ကသိုလ် ကျောင်းဌာနချုပ်ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့် မိဘများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

## တာဝန်ကျရာဒေသအသီးသီးကို ရောက်ရှိသည့်အခါ၌ ဆေးဝန်ထမ်းတပ်ဖွဲ့၏ မူလတာဝန်များအပြင် နိုင်ငံတော်၏ကျန်းမာရေးကဏ္ဍမြှင့်တင်ရေး လုပ်ငန်းစဉ်များကို အထောက်အကူပြုပေးနိုင်သည့် တပ်မတော်သား ဆရာဝန်သမားကောင်းများအဖြစ် တာဝန်ထမ်းဆောင်သွားကြရန် မှာကြားလို. . .


ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများရရှိကြသည့်အတွက် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ **သင်တန်းကာလတစ်လျှောက်လုံး မျှော်မှန်းချက်၊ရည်မှန်းချက်ရှိစွာဖြင့် မလျှော့သော ဖွဲ့၊ လုံ့လ၊ ဝီရိယဖြင့် အစဉ်တစိုက်ကြိုးစားအားထုတ်ခဲ့ပြီး မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနှင့် နေထိုင်ခဲ့မှုအကျိုးရလဒ်ကို ခံစားရခြင်းပင်ဖြစ်**ကြောင်း၊ အခြေခံပညာအထက်တန်းပညာကို မြင့်မားသောရမှတ်များဖြင့် အောင်မြင်ခဲ့သည့် အခြေခံကောင်းများကို ယခုတက္ကသိုလ်ပညာရပ်များ ဆည်းပူးရာတွင်လည်း ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး ကြိုးစားခဲ့သောကြောင့် ထူးချွန်စွာ အောင်မြင်ခဲ့ပြီးဖြစ်သဖြင့် ရှေ့ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်တွင်လည်း မိမိတို့၏ရည်မှန်းချက်များ မပျောက်ပျက်၊ မယိမ်းယိုင်စေရေးအတွက် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ **ကြိုးစားအားထုတ်မှုရှိမှသာလျှင် ဘဝရပ်တည်မှုများမြင့်မားမည်ဖြစ်သဖြင့် မိမိတို့၏ရည်မှန်းချက် ပန်းတိုင်မပျောက်စေရေးအတွက် စဉ်ဆက်မပြတ်ဆက်လက်ကြိုးပမ်း အားထုတ်သွားရန်နှင့် မိမိကိုယ်ကို စောင့်ထိန်းနေထိုင်သွားကြရန်**လိုကြောင်း၊ ပြောင်းလဲတိုးတက်နေသည့် ခေတ်နှင့်အမီလိုက်နိုင်ရေးအတွက် စာပေဖတ်ရှုလေ့လာခြင်း၊ လက်တွေ့အသုံးချခြင်း၊ မျှဝေခြင်းများကိုဆောင်ရွက်သွားရန်လည်းလိုကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ရာ ဒေသများအလိုက်တွင် ပြည်သူလူထုကို ဆေးပညာဖြင့်သာ အကျိုးပြုရုံမကဘဲ မိမိတို့သိရှိထားသည့် စာပေဗဟုသုတများဖြင့် နည်းကောင်းလမ်းပြပေးခြင်းဖြင့်လည်း အကျိုးပြုသွားကြရန်လိုကြောင်း။

ငယ်စဉ်ကလေးဘဝမှ တက္ကသိုလ်ရောက်သည်အထိ **ကျွေးမွေးစောင့်ရှောက်သွန်သင်ပေးခဲ့သည့် ကြီးမားလှသည့်မိဘဆရာတို့၏ဂုဏ်ကျေးဇူးကို သိတတ်နားလည် ကျေးဇူးဆပ်ရမည်ဖြစ်သကဲ့သို့ အသိပညာများနှင့် အတတ်ပညာများကို သင်ကြားပေးလိုက်သည့် တပ်မတော်ဆေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ တပ်မတော်နှင့် နိုင်ငံတော်၏ ဂုဏ်ကျေးဇူး**ကိုလည်း စစ်သားကောင်းတစ်ဦး၊ ဆရာဝန်ကောင်းတစ်ဦး ပီသစွာနေထိုင်ကျင့်ကြံခြင်း၊ မိမိကိုယ်ကိုတန်ဖိုးထား၍ ဆက်လက် တိုးတက်အောင်နေထိုင်ခြင်း၊ သစ္စာရှိရှိဖြင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ခြင်းတို့ဖြင့် ကျေးဇူးဆပ်ရမည်ဖြစ်ကြောင်း၊ ရှေ့ဆက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်လုံး အောင်မြင်သူများဖြစ်စေရေး၊ ခေါင်းဆောင်ကောင်းများဖြစ်စေရေး၊ ကြီးမားသည့်တာဝန်များကိုလက်ဆင့်ကမ်းတာဝန်ပေးအပ်နိုင်ရေး မိမိဘဝကိုမိမိကြိုးစား တည်ဆောက်သွားကြရန် လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အားကောင်းသောလေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ၊ တမီးလ်နာဒူးမြောက်ပိုင်းနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့သို့ ရောက်ရှိနိုင်ကာ ထိုမှတစ်ဆင့် မြောက်ယွန်းယွန်းသို့ ဦးတည်ပြီး ၄၈ နာရီအတွင်း အင်ဒရာ




ပရာဒေ့ရှ် ကမ်းရိုးတန်းတစ်လျှောက် ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## ထူးခြားသည့် ညအပူချိန်များ (၁၈-၁၂-၂၀၂၄)

| | | | | |
|---|---|---|---|---|
| မြစ်ကြီးနား | ၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ဟားခါး | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော | ၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များက ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

☆ ကျောဖုံးမှအဆက်

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ်၊ရန်ကုန်တိုင်းစစ်ဌာန ချုပ် တိုင်းမှူး၊ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် မင်္ဂလာဒုံတပ်နယ်မှ တာဝန်ရှိသူများ၊ကျောင်းဆင်းဗိုလ်လောင်း များ၏မိဘဆွေမျိုးများနှင့် ဖိတ်ကြားထား သည့် ဧည့်သည်တော်များ တက်ရောက် ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က သင်တန်းဆင်းအရာရှိများကို တစ်ဦးချင်းရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် သင်တန်း ဆင်းအရာရှိများ၊ ညစာစားပွဲတက်ရောက် လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ဆေး တက္ကသိုလ် ဂုဏ်ပြုစစ်တီးဝိုင်းတပ်ဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်း ဆင်းအရာရှိများနှင့်အတူ ဘွဲ့နှင်းသဘင် ခန်းမဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ ကြောင်း သတင်းရရှိသည်။ (၅၀၁)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တပ်မတော်ဆေးတက္ကသိုလ် ဂုဏ်ပြုစစ်တီးဝိုင်းတပ်ဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးစဉ်။

## စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၅၄ / ၂၀၂၅**
၁၃၈၇ ခုနှစ် နတ်တော်လပြည့်ကျော် ၃ ရက်
(၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်)
**စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် စက်မှုဖွံ့ဖြိုးရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဗိုလ်ချုပ်ကြီးမြထွန်းဦး — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီးချုပ်နှင့်
ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးနှင့်
ဆက်သွယ်ရေးဝန်ကြီးဌာန

(ခ) ဒေါက်တာချာလီသန်း — ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
စက်မှုဝန်ကြီးဌာန

(ဂ) ဦးခင်မောင်ရီ — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဃ) ဦးညဏ်ထွန်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(င) ဦးကိုကိုလွင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
စွမ်းအင်ဝန်ကြီးဌာန

(စ) ဒေါက်တာမျိုးသိန်းကျော် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

(ဆ) ဦးမျိုးသန့် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဇ) ဗိုလ်ချုပ်တိုးရီ — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

(ဈ) ဒေါ်သန်းသန်းလင်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ည) ဒေါက်တာဝါဝါမောင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား
ဆက်သွယ်ရေးဝန်ကြီးဌာန

(ဋ) ဦးမြင့်စိုး — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး
ဝန်ကြီးဌာန

(ဌ) ဦးဝင်းရှိန် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
အလုပ်သမားဝန်ကြီးဌာန

(ဍ) ဦးမင်းမင်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်
ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဎ) ဗိုလ်ချုပ်ဇော်နိုင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဝန်ကြီးဌာန

(ဏ) ဦးအေးဝင်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ကုန်သည်များနှင့်စက်မှုလက်မှု
လုပ်ငန်းရှင်များအသင်းချုပ်

(တ) ဦးရင်မောင်ညွှန့် — အတွင်းရေးမှူး
ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန

၂။ စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သီးခြားထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၅၅ / ၂၀၂၅**
၁၃၈၇ ခုနှစ် နတ်တော်လပြည့်ကျော် ၃ ရက်
(၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်)
**လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဗိုလ်ချုပ်ကြီးတင်အောင်စန်း — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီးချုပ်နှင့်
ပြည်ထောင်စုဝန်ကြီး
နိုင်ငံတော်ဝန်ကြီးချုပ်ရုံး

(ခ) ဦးညဏ်ထွန်း — ဒုတိယဥက္ကဋ္ဌ(၁)
ပြည်ထောင်စုဝန်ကြီး
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ဂ) ဦးကိုကိုလွင် — ဒုတိယဥက္ကဋ္ဌ(၂)
ပြည်ထောင်စုဝန်ကြီး
စွမ်းအင်ဝန်ကြီးဌာန

(ဃ) ဒေါက်တာကံဇော် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား
ဆက်သွယ်ရေးဝန်ကြီးဌာန

(င) ဦးမင်းနောင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန

(စ) ဦးလှမိုး — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သမဝါယမနှင့်
ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဆ) ဦးခင်မောင်ရီ — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဇ) ဒေါက်တာချာလီသန်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
စက်မှုဝန်ကြီးဌာန

(ဈ) ဦးထွန်းအုံ — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး
ဝန်ကြီးဌာန

(ည) ဒေါက်တာမျိုးသိန်းကျော် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာ
ဝန်ကြီးဌာန

(ဋ) ဗိုလ်ချုပ်ကိုလေး — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ကာကွယ်ရေးဝန်ကြီးဌာန

(ဌ) ဗိုလ်ချုပ်တိုးရီ — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

(ဍ) ဦးမင်းထွဋ် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်
ဘဏ္ဍာရေးဝန်ကြီးဌာန

(ဎ) ဗိုလ်ချုပ်ဇော်နိုင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဝန်ကြီးဌာန

(ဏ) ဦးလှဝင်းဌေး — အဖွဲ့ဝင်
အတွင်းရေးမှူး
မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ

(တ) ဦးအေးကျော် — အတွင်းရေးမှူး
ဒုတိယဝန်ကြီး
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ထ) ဦးသန့်စင် — တွဲဖက်အတွင်းရေးမှူး
ဒုတိယဝန်ကြီး
စွမ်းအင်ဝန်ကြီးဌာန

၂။ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သီးခြားထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းဗိုလ်လောင်းများကို ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တပ်မတော် ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော် ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော် ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်စိုးညွှန့်နှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်၊ တပ်မတော်အရာရှိကြီးများနှင့်တပ်မတော် ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီကို ပြန်တမ်းဝင်ခန့်အပ်လွှာများပေးအပ်သည်။

ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်က အမှာစကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၅၀၁)

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင် ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီကို ပြန်တမ်းဝင်ခန့်အပ်လွှာများပေးအပ်စဉ်။**



# စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၅၆ / ၂၀၂၄**
၁၃၈၆ ခုနှစ် နတ်တော်လပြည့်ကျော် ၃ ရက်
(၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်)

**စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဗိုလ်ချုပ်ကြီးညိုစော ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်

(ခ) ဦးမင်းနောင် ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဂ) ဒေါက်တာကံဇော် အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဃ) ဦးလှမိုး အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(င) ဦးခင်မောင်ရီ အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(စ) ဒေါက်တာချာလီသန်း အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
စက်မှုဝန်ကြီးဌာန

(ဆ) ဦးထွန်းအုံ အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဇ) ဗိုလ်ချုပ်တိုးရီ အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန

(ဈ) ဦးမင်းထွဋ် အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ည) ဦးအေးကျော် အဖွဲ့ဝင်
ဒုတိယဝန်ကြီး
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ဋ) ဦးသန့်စင် အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန

(ဌ) ဦးဝင်းဖေ အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဍ) ဗိုလ်မှူးချုပ်တင်စိုး အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဝန်ကြီးဌာန

(ဎ) ဦးအေးဝင်း အဖွဲ့ဝင်
ဥက္ကဋ္ဌ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ဏ) ဒေါက်တာအောင်ကြီး အတွင်းရေးမှူး
ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(တ) ဒေါက်တာတင်ထွဋ် တွဲဖက်အတွင်းရေးမှူး
ဒုတိယဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၂။ စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သီးခြားထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# တပ်မတော်ဆေးတက္ကသိုလ်၏ (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တပ်မတော် ဆေးတက္ကသိုလ်၏ (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်စိုးညွန့်၊ တပ်မတော်ဆေးတက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ခင်အောင်ထွန်းနှင့်တပ်မတော်ဆေးတက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များစုံညီစွာတက်ရောက်ကြသည်။

အစီအစဉ်အရ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ပါမောက္ခချုပ်နှင့်ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမသို့ဝင်ရောက်၍ သတ်မှတ်နေရာများတွင် နေရာယူကြပြီးနောက် မြန်မာ့ဆိုင်းတူရိယာအဖွဲ့က နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကိုဖွင့်လှစ်သည်။ ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်ကျင်းပကြောင်း ကြေညာပြီး ဘွဲ့ယူမည့်သူများအား ကတိသစ္စာခံယူစေခြင်း၊မော်ကွန်းထိန်းက ဘွဲ့ယူမည့်သူများကို ပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့အား အစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က ဆေးပညာဘွဲ့နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရရှိသူတို့ကို ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။ ထို့နောက် ပါမောက္ခချုပ်က ဘွဲ့ရသူများကို ဘွဲ့များနှင့်လျော်ညီသော အဆောင်အယောင်အမှတ်လက္ခဏာဖြစ်သည့်ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီးနောက် အခမ်းအနားကိုရုပ်သိမ်းကြောင်း ကြေညာကာ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ပါမောက္ခချုပ်နှင့်ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းများရရှိသည့် ပညာရည်ထူးချွန်ဆုအဆင့်များ ဂုဏ်ထူးများသည် တပ်မတော်ဆေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ပါမောက္ခ၊ဌာနမှူးများနှင့်သာစစ်ဆေးခြင်းမဟုတ်ဘဲ ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ဆေးတက္ကသိုလ်(မန္တလေး)၊ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ ဆေးတက္ကသိုလ်(မကွေး)၊ ဆေးတက္ကသိုလ်(တောင်ကြီး) စသည့် တစ်နိုင်ငံလုံးရှိ ဆေးတက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့်စာစစ်ပုဂ္ဂိုလ်များ၏စစ်ဆေးချက်များနှင့်အညီ ချီးမြှင့်ခြင်းဖြစ်ကြောင်း၊တပ်မတော်ဆေးတက္ကသိုလ်၏သင်ရိုးညွှန်းတမ်းများကိုလည်း အခြားသောတက္ကသိုလ်များနှင့် ညှိနှိုင်းရေးဆွဲထားရှိပြီး ဆေးပညာသင်ကြားရေးဆိုင်ရာသင်ရိုးညွှန်းတမ်းအရ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ အထူးအောင်သတ်မှတ်ခြင်းနှင့်ဂုဏ်ထူးပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)




တပ်မတော်ဆေးတက္ကသိုလ်၏ (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပစဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၅၂ / ၂၀၂၄**
၁၃၈၆ ခုနှစ် နတ်တော်လပြည့်ကျော် ၃ ရက်
(၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်)

**ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဗိုလ်ချုပ်ကြီးတင်အောင်စန်းအား ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး နိုင်ငံတော်ဝန်ကြီးချုပ်ရုံးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၅၃ / ၂၀၂၄**
၁၃၈၆ ခုနှစ် နတ်တော်လပြည့်ကျော် ၃ ရက်
(၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်)

**ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဗိုလ်ချုပ်ကြီးမောင်မောင်အေးအား ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများ ကျင်းပ







**နေပြည်တော် ဒီဇင်ဘာ ၁၈**

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ပွဲစဉ်များ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာအားကစားကွင်းနှင့် အားကစားရုံများ၌ကျင်းပကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်နှင့်တိုင်းဒေသကြီး အဆင့်ရိုးရာခြင်းလုံးပြိုင်ပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C)ရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ် အောင်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အာကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ဘိလိယက်နှင့်စနူကာပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘိလိယက်ရုံ၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က Billiards Single ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က Billiards Double ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က Snooker 15 Red Single ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက Snooker 15 Red Double ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ပူးတွဲတတိယဆုရရှိကြသည့် မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ကရာတေးပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိကရာတေးရုံ၌ကျင်းပရာ မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသန့်ဇင်က အမျိုးသမီး ၆၁ ကီလို တစ်ဦးချင်းကုမိတဲ့ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်အသင်းတို့မှပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဦးဌေးအောင်က အမျိုးသား-၅၅ ကီလို တစ်ဦးချင်းကုမိတဲ့ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား-၇၅ ကီလို တစ်ဦးချင်းကုမိတဲ့ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးသက်ထွန်းက အမျိုးသမီး-၆၁ ကီလို တစ်ဦးချင်းကုမိတဲ့ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိကြသည့် ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား ၇၅ ကီလို တစ်ဦးချင်းကုမိတဲ့ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပူးတွဲတတိယဆုရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးဦးညွန့်ဝင်းအောင်က အမျိုးသမီး -၅၅ ကီလို တစ်ဦးချင်းကုမိတဲ့ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရခိုင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ကယားပြည်နယ်၊ ပူးတွဲတတိယဆုရရှိကြသည့် ရှမ်းပြည်နယ်နှင့်ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား -၆၇ ကီလို တစ်ဦးချင်းကုမိတဲ့ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ကယားပြည်နယ်၊ ပူးတွဲတတိယဆုရရှိကြသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ရခိုင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကယားပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးသိမ်းက အမျိုးသမီး ကီလို -၅၀ တစ်ဦးချင်းကုမိတဲ့ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား ကီလို -၆၀ တစ်ဦးချင်းကုမိတဲ့ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရခိုင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက အမျိုးသမီးတစ်ဦးချင်းခတပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကယားပြည်နယ်၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားတစ်ဦးချင်းခတပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ကယားပြည်နယ်နှင့် ပူးတွဲတတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အမျိုးသမီးအသင်းလိုက် ခတပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားအသင်းလိုက် ခတပြိုင်ပွဲတွင် ပထမဆုရရှိသည့်ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိကြသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များပေးအပ်ချီးမြှင့်ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ရွှေကြာပင်အားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ပြိုင်ပွဲကျင်းပရေးခုံသမာဓိအဖွဲ့ဝင် ဦးဘန်နီတင်အောင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြင့်စိုး၊ ဦးဇေယျာလင်း၊ ဗိုလ်မှူးကြီးရဲမိုး၊ နေပြည်တော်ကောင်စီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်တို့က နေရာအလိုက် အကောင်းဆုံးဆုရရှိကြသူများကို တစ်ဦးချင်းအကောင်းဆုံးဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးဦးစိုးကြည်က တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မြို့တော်ဝန် ဦးကျော်ဆန်းက ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ပြိုင်ပွဲဝင်များကို လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဝူရှူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ရွှေကြာပင်အားကစားကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က အမျိုးသမီး ထိုက်ချိချွမ် + ထိုက်ချိကျန့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က အမျိုးသားထိုက်ချိချွမ်+ထိုက်ချိကျန့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီးဒေါက်တာဝါဝါမောင်က အမျိုးသမီးသောင်းစု+ကွန့်စုပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က အမျိုးသား သောင်းစု + ကွန့်စု ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား ကျန့်စု + ချန်းစုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အမျိုးသမီး ၄၅ ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိကြသည့် ရှမ်းပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသမီး ၅၆ ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ပူးတွဲတတိယဆုရရှိကြသည့် ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားနည်းများအလိုက် ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားများကို ဒီဇင်ဘာ ၁၉ ရက်တွင် သက်ဆိုင်ရာ အားကစားရုံများနှင့် အားကစားကွင်းများ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များဆက်လက်ယှဉ်ပြိုင်









**နေပြည်တော် ဒီဇင်ဘာ ၁၈**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း၊ ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲတတိယလုပွဲစဉ်**များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံ၌ကျင်းပရာ **အမျိုးသားဘော်လီဘောပြိုင်ပွဲ**တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ **အမျိုးသမီးဘော်လီဘောပြိုင်ပွဲ**တွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်**များကို ပေါင်းလောင်းအားကစားကွင်းနှင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)၌ ယှဉ်ပြိုင်ကစားကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းက အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းကို သုံးဂိုး ဂိုးမရှိ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံအမျိုးသားဖူဆယ်ပြိုင်ပွဲဆီမီးဖိုင်နယ် ပွဲစဉ်**များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းဖူဆယ်ရုံ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းကို ရှစ်ဂိုး ခုနစ်ဂိုး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်**များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A)ရုံ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းကို နှစ်ပွဲပြတ်၊ စွမ်းအင်ဝန်ကြီးဌာနအသင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အသင်းကို နှစ်ပွဲပြတ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲ၊ အားကစားနှင့် လူငယ်ရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ အလုပ်သမားဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီးအသက် ၂၁ နှစ်အောက် အမျိုးသားဘော်လုံးပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲစဉ်**ကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်းလေ့ကျင့်ရေးကွင်း(၃)နှင့် ရွှေကြာပင် အားကစားကွင်းတို့၌လည်းကောင်း၊ **ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံးပြိုင်ပွဲဗိုလ်လုပွဲ**ကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(C)ရုံ၌ လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်၊ စနူကာပြိုင်ပွဲဘိလိယက်တစ်ဦးချင်းဗိုလ်လုပွဲစဉ်၊ ဘိလိယက်နှစ်ယောက်တွဲဗိုလ်လုပွဲစဉ်၊ စနူကာ 15-Red တစ်ဦးချင်းဗိုလ်လုပွဲစဉ်၊ စနူကာ 15-Red နှစ်ယောက်တွဲ ဗိုလ်လုပွဲစဉ်တို့ကို ဝဏ္ဏသိဒ္ဓိအားကစားကွင် ဘိလိယက်ရုံ၌လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ကရာတေးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များဖြစ်သည့် အမျိုးသမီး ၆၂ ကီလိုတန်းအောက်တစ်ဦးချင်း "ကုမိတဲ့" ပြိုင်ပွဲ၊ အမျိုးသား ၅၅ ကီလိုအောက် တစ်ဦးချင်း"ကုမိတဲ့" ပြိုင်ပွဲ၊ အမျိုးသား ၇၅ ကီလိုအောက် တစ်ဦးချင်း"ကုမိတဲ့" ပြိုင်ပွဲ၊ အမျိုးသမီး ၆၁ ကီလိုအောက် တစ်ဦးချင်း"ကုမိတဲ့" ပြိုင်ပွဲ၊ အမျိုးသား ၇၅ ကီလိုထက် တစ်ဦးချင်း"ကုမိတဲ့" ပြိုင်ပွဲ၊ အမျိုးသမီး ၅၅ ကီလိုအောက် တစ်ဦးချင်း"ကုမိတဲ့" ပြိုင်ပွဲ၊ အမျိုးသား ၆၇ ကီလိုအောက် တစ်ဦးချင်း"ကုမိတဲ့" ပြိုင်ပွဲ၊ အမျိုးသမီး ကီလို ၅၀ အောက် တစ်ဦးချင်းကုမိတဲ့ပြိုင်ပွဲ၊ အမျိုးသား ကီလို ၆၀ အောက်"ကုမိတဲ့" ပြိုင်ပွဲ၊ အမျိုးသမီး တစ်ဦးချင်း "ခတ"ပြိုင်ပွဲ၊ အမျိုးသား တစ်ဦးချင်း "ခတ"ပြိုင်ပွဲ၊ အမျိုးသား တစ်ဦးချင်းအသင်းလိုက် "ခတ"ပြိုင်ပွဲ၊ အမျိုးသမီးအသင်းလိုက် "ခတ" ပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း TC-1 ၌ လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို တာဝန်ရှိသူများဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲ**ကို ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ အမျိုးသားဆန်းဆို ၄၈ ကီလို၊ ၅၂ ကီလို၊ ၅၆ ကီလို၊ ကီလို ၆၀၊ ၆၅ ကီလို၊ ကီလို ၇၀ တန်းပြိုင်ပွဲများနှင့် အမျိုးသမီးဆန်းဆို ၄၈ ကီလို၊ ၅၂ ကီလို၊ ကီလို ၆၀ ပြိုင်ပွဲများကို ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင်ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဌာနချုပ်ရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်း ဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ -၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ၂၀၂၄ ဒီဇင်ဘာ ၁၈ ရက် စာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၃၃၀၀၀၀ ကျပ်

စာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ




# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ကျိုင်းတုံခရိုင်ရုံးဖွင့်ပွဲကျင်းပ



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်တာဝန်ရှိသူများက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ကျိုင်းတုံခရိုင်ရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ကျိုင်းတုံခရိုင်ရုံး ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ကျိုင်းတုံခရိုင်ရုံး၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုး၊ ပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များနှင့်ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ကျိုင်းတုံခရိုင်ရုံး ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများ အား ကျိုင်းတုံခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဦးစီးဌာနရုံးဖွင့်ပွဲ အထိမ်းအမှတ်အလံ ကို တာဝန်ရှိသူများက အသီးသီးပေးအပ် ကြသည်။


ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူ များက ကျိုင်းတုံခရိုင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ကမ္ဗည်းမော်ကွန်း ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံများရိုက်ကာ ကျိုင်းတုံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ယနေ့ ညနေ ၄ နာရီအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေစွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီး ရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းမှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ဒီဇင်ဘာ ၂၀ ရက်မှ ၂၃ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော် အပ်ပါသည်။ (မိုး/ဇလ)




# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၈**



မြန်မာနိုင်ငံ စာရေးဆရာအသင်းက ၁၃၈၆ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်(၃၇)ကြိမ်မြောက် သက်ကြီး စာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ အတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြရာ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့က အလှူငွေကျပ် သိန်း ၁၅၀၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက ငွေကျပ် သိန်း ၃၀၊ ဗိုလ်ချုပ်ငွေဦး(ငြိမ်း)ပြည်ထောင်စုဝန်ကြီး (ငြိမ်း)-ဒေါ်နီနီဝင်း မိသားစုက ငွေကျပ် ၂၇၆၀၀၀၀၊ ဒေါက်တာတင်ထွန်းဦး- ဒေါက်တာခင်မိုးမိုး (စွယ်စုံမီဒီယာဂရု) မိသားစုက ငွေကျပ် ၁၁ သိန်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှင့် ဒေါက်တာခင်ခင်ရီ(ရွှင်းဟုပ်ကုမ္ပဏီ) တို့က ငွေကျပ် ၁၀ သိန်းစီ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးက ငွေကျပ် သုံးသိန်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်စာရေးဆရာ အသင်းက ငွေကျပ် ၂၅၀၀၀၀၊ သဃ်္ဃန်း ကျွန်းမြို့နယ်စာရေးဆရာအသင်းက ငွေ ကျပ် ၁၅၀၀၀၀၊ မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်းနှင့် ဓနုဖြူမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် ၁၁၀၀၀၀ စီ၊ ဘဒ္ဒန္တပဏ္ဍာနန္ဒ(မြတ်ဘုန်း- တပ်ကုန်း)၊ ဦးတင်ကိုကို-ဒေါ်အေးအေးမူ (တော်ဝင်မြင်းမိုရ် ကုမ္ပဏီလီမိတက်)၊ ဆရာဝန်တင်ရွှေမိသားစု၊ ဆရာနိုင်မျိုး သစ္စာ(နမ္မတူ)၊ ဒေါ်မီမီကို(မီမီကို-အလှ ရပ်ဝန်း)၊ ဦးဇော်အောင်ချို(မိုးစွန်ကြယ် စာပေ)၊ ဦးသိမ်းထွန်း(စစ်ရဲအိမ်)၊ စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေး အသင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စာရေးဆရာအသင်း၊ တာမွေမြို့နယ် စာရေးဆရာအသင်း၊ ချောင်းဆုံမြို့နယ် စာရေးဆရာအသင်း၊ တောင်ငူမြို့နယ် စာရေးဆရာအသင်းနှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် စာရေးဆရာအသင်း တို့က ငွေကျပ် တစ်သိန်းစီ၊ ဒေါ်မြမြ (မြင်းခြံမြသိင်္ဂီ) စာရေးဆရာကျွန်းစဉ် မြေစောခက်၊ ခရမ်းမြို့နယ်စာရေးဆရာ အသင်း၊ သုံးခွမြို့နယ်စာရေးဆရာအသင်း၊ ဒဂုံမြို့နယ် စာရေးဆရာအသင်းနှင့် သံဖြူ ဇရပ်မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် ငါးသောင်းစီ၊ မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးထင်ကျော် မိုး(မြေလတ်ထင်ကျော်မိုး)၊ ဒေါက်တာ မြင့်ခိုင်(ဥက္ကါညို)၊ ဦးအုန်း(မောင်မောင် အုန်း-လယ်ဝေး)နှင့် ဒေါ်ယုယုမော် (ရတုမြေ)တို့က ငွေကျပ် သုံးသောင်းစီ၊ သင်းသင်းလှိုင်(တပ်ကုန်း)က ငွေကျပ် နှစ်သောင်း၊ ဉာဏ်လင်း(တပ်ကုန်း)၊ ဦးသိန်း ဝင်းမြင့်(မြကျောက်အေးချမ်း)၊ အောင် မြတ်နိုင်(တပ်ကုန်း)၊ ကြယ်စင်မင်း (တပ်ကုန်း)နှင့် မြပုလဲ(တပ်ကုန်း)တို့က ငွေကျပ် တစ်သောင်းစီ၊ အဂ္ဂမဟာမင်္ဂလ ဓမ္မဇောတိကဓဇဦးစိုးဝင်း (တက္ကသိုလ် စိုးယဉ်)က ငွေကျပ် ၅၂၆၃၀၀ တန်ဖိုးရှိ စာအုပ်များ အသီးသီးလှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင် နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)၊ အတွင်း ရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ- ကြို့ပင်ကောက်)နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာ အသင်း အမှတ်(၁၇၃/၁၇၅)ပန်းဆိုး တန်းလမ်း(အလယ်) ကျောက်တံတား မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။

# မတ္တရာမြို့နယ်အနောက်ခြမ်းရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေကြောင်း သတင်းတု၊ သတင်းမှားများဖြင့် လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မတ္တရာ မြို့နယ်အနောက်ခြမ်းရှိ မြွေပုသိမ်ကျေး ရွာ၊ မြွေကူးတိုးဆိပ်ကျေးရွာ၊ ဥဒိန်ကျေး ရွာ၊ ပုသိမ်ကျေးရွာနှင့် ဆင်ကုန်းကျေးရွာ တို့ကို ဒီဇင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့ တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ ဖျက်ဆီးပြီး ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်နေသည်ဟု သတင်းတု၊ သတင်း မှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ များက လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေ သည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ မတ္တရာမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ ၎င်းသတင်း မှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ ဝင်များအနေဖြင့် အဆိုပါကျေးရွာများ၏ အနီးဝန်းကျင်များတွင် PDF အမည်ခံ အကြမ်းဖက်သမားများ ဝင်ရောက်လှုပ် ရှားမှုမရှိစေရေး နယ်မြေလုံခြုံရေးဆောင် ရွက်လျက်ရှိရာ ကျေးရွာများကို မီးရှို့ ဖျက်ဆီးခြင်းနှင့် ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်ခြင်းမရှိကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင် အမြင်လွဲမှားစေရန်အတွက် မြေပြင် ဖြစ်စဉ်များနှင့်ကွဲလွဲနေသည့် သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်လှုံ့ဆော် ရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



# ဗာနေတူနိုင်ငံ ပို့ဗီလာမြို့တွင် ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၁၄ ဦးရှိလာ



**ပို့ဗီလာ ဒီဇင်ဘာ ၁၈**

ဗာနေတူနိုင်ငံ ပို့ဗီလာမြို့တွင် ဒီဇင်ဘာ ၁၇ ရက်က ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီး ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၁၄ ဦးထိ ရှိလာကြောင်း နိုင်ငံပိုင် သတင်းမီဒီယာက ဒီဇင်ဘာ ၁၇ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် အပျက်အစီးများကြား အသက်ရှင်လျက်ဖြင့် ပိတ်မိနေသူများရှိနေသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အလျင်အမြန်ဆောင်ရွက်နေကြောင်း၊ ပို့ဗီလာမြို့၏ ပင်မဆေးရုံတွင် ငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် လူနာဦးရေ ၂၀၀ ထက်မနည်း ဆေးကုသမှုခံယူနေကြောင်း ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

"ငလျင်လှုပ်ခတ်ပြီးနောက် အပျက်အစီးတွေကြားထဲ ပိတ်မိနေသူတွေကို အမြန်ဆုံးကယ်တင်နိုင်ဖို့ ကယ်ဆယ်ရေးအဖွဲ့တွေက ဆောင်ရွက်ပေးနေပါတယ်။ အရေးပေါ်အကူအညီ၊ အမိုးအကာနဲ့ ရေတွေလဲ အရေးတကြီးလိုအပ်နေပါတယ်။ ဖြည့်ဆည်းပေးဖို့ ကြိုးစားနေပါတယ်"ဟု နိုင်ငံတကာ ကြက်ခြေနီနှင့် လခြမ်းနီ အသင်းများအဖွဲ့ချုပ်မှ ပစိဖိတ်ဒေသဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ အကြီးအကဲ ကေတီဂရင်းဝုဒ်က ပြောကြားခဲ့သည်။

ဗာနေတူနိုင်ငံ၌ ယနေ့တွင်လည်း ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူရှိ နောက်ဆက်တွဲငလျင်တစ်ခု ထပ်မံလှုပ်ခတ်ခဲ့ကြောင်း ဘူမိသိပ္ပံ သုတေသနစင်တာ (GFZ) က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ဂျပန်နိုင်ငံတွင် လျှပ်စစ်ဓာတ်အား ၄၀ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်းကြားကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍမှ ဖြန့်ဖြူးနိုင်ရန် စီစဉ်နေ

**တိုကျို ဒီဇင်ဘာ ၁၈**

ဂျပန်နိုင်ငံသည် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍကို တိုးတက်အောင် ဆောင်ရွက်သွားရန်စီစဉ်နေပြီး နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား ၄၀ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်းကြားကိုပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍမှဖြန့်ဖြူးသွားနိုင်ရန် စီစဉ်နေကြောင်း Renewable Energy Institute က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

သန့်ရှင်းသည့်စွမ်းအင်လိုအပ်ချက် မြင့်မားလာသည်နှင့်အညီ ရုပ်ကြွင်းလောင်စာ နေရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့် အစားထိုး သွားနိုင်ရေးအတွက် တိကျသော မူဝါဒများကိုလည်း ချမှတ်သွားရန် စီစဉ်နေပြီဖြစ်ကြောင်း Renewable Energy Institute က ထုတ်ပြန်ခဲ့သည်။

"ရေးဆွဲနေတဲ့မူဝါဒအရ ဂျပန်နိုင်ငံရဲ့ အဓိကစွမ်းအင်အရင်းအမြစ်ဟာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍပဲ ဖြစ်လာပါလိမ့်မယ်"ဟု Renewable Energy Institute မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးစီမံချက်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နိုင်ငံဖြစ်ပြီး ၂၀၃၀ ပြည့်နှစ် အရောက်တွင် ၂၀၁၃ ခုနှစ်က ထုတ်လွှတ်ခဲ့သည့် ကာဗွန်ပမာဏ၏ ၄၆ ရာခိုင်နှုန်းထိ လျှော့ချသွားနိုင်ရေးအတွက်လည်း ပစ်မှတ်ထားဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်မှသာ ၂၀၅၀ ပြည့်နှစ် အရောက်တွင် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ရောက်ရှိရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း သိရသည်။



ထို့ကြောင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကို တိုးမြှင့်အကောင်အထည်ဖော်သွားရန် စီစဉ်လာပြီး လေအားလျှပ်စစ်နှင့်နေရောင်ခြည်စွမ်းအင်သုံးသည့် ဆိုလာစွမ်းအင်စနစ်တို့မှ လျှပ်စစ်စွမ်းအင်များ ထုတ်ယူနိုင်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Renewable Energy Institute က ထုတ်ပြန်ခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# မိုဇမ်ဘစ်နိုင်ငံတွင် ချီဒိုဆိုင်ကလုန်းမုန်တိုင်းကြောင့် နေအိမ် ၃၅၀၀၀ ကျော် ပျက်စီးကာ လူ ၃၄ ဦး သေဆုံး

**မာပူတို ဒီဇင်ဘာ ၁၈**

အာဖရိကတိုက် တောင်ဘက်ပိုင်းနိုင်ငံ တစ်နိုင်ငံဖြစ်သည့် မိုဇမ်ဘစ်နိုင်ငံတွင် ဒီဇင်ဘာ ၁၇ ရက်က ချီဒိုဟုအမည်ပေးထားသည့် ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းကြောင့် နေအိမ် ၃၅၀၀၀ ကျော် ပျက်စီးကာ သေဆုံးသူ ၃၄ ဦး ရှိခဲ့ကြောင်း National Institute of Risk and Disaster Management (INGD) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မုန်တိုင်းဒဏ်သင့် မိုဇမ်ဘစ်ပြည်သူများကို ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA) က ကယ်ဆယ်ရေးလုပ်ငန်းများကူညီဆောင်ရွက်ပေးနေပြီး မုန်တိုင်းကြောင့် စာသင်ကျောင်း ကိုးကျောင်းနှင့် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံ ၁၀ လုံး ပျက်စီးခဲ့ကြောင်း၊ မိုဇမ်ဘစ်နိုင်ငံ National Institute of Risk and Disaster Management (INGD)ကလည်း မုန်တိုင်းဒဏ်သင့် ပြည်သူများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးနေသကဲ့သို့ ယာယီကယ်ဆယ်ရေး စခန်းများတွင် နေရာချပေးထားကြောင်း သိရသည်။

"မုန်တိုင်းအန္တရာယ်ကြောင့် ပြည်သူတချို့ အသက်ဆုံးရှုံးခဲ့ရတယ်။ မိုဇမ်ဘစ်နိုင်ငံအတွက် ဝမ်းနည်းစရာကောင်းတဲ့ သတင်းပါ။ မုန်တိုင်းဒဏ်သင့်ပြည်သူတချို့ကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေပါတယ်။ OCHA နဲ့ပူးပေါင်းပြီး မုန်တိုင်းဒဏ်သင့် ပြည်သူတွေကို ကူညီပေးနေပါတယ်"ဟု National Institute of Risk and Disaster Management(INGD)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မုန်တိုင်းကြောင့် လျှပ်စစ်မီးလည်း ပြတ်တောက်နေပြီး နိုင်ငံပိုင် လျှပ်စစ်စွမ်းအင်ဖြန့်ဝေသည့် ကုမ္ပဏီဖြစ်သော Electricidade de Moçambique ၏ ထုတ်ပြန်ချက်အရ နေအိမ်ပေါင်း ၂၀၀၀၀၀ ကျော် လျှပ်စစ်မီးပြတ်တောက်နေကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားနေ

**ကင်ဘာရာ ဒီဇင်ဘာ ၁၈**

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး မိုးရေချိန်မြင့်မားသည့်အတွက် ရေကြီးရေလျှံမှုဖြစ်ပွားနေကြောင်း ဩစတြေးလျ မိုးလေဝသဗျူရိုက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးရေချိန် မြင့်မားသည့်အတွက် ကွင်းစလန်းပြည်နယ်ရှိ အကြီးဆုံးဆည်ဖြစ်သည့် ဝိုင်ဗန်ဟိုးဆည်တွင် ရေပမာဏ မြင့်တက်လာ၍ ဆည်ဖောက်ချရခြင်းလည်းဖြစ်ကြောင်း၊ ဝိုင်ဗန်ဟိုးဆည်မှ ဘရစ္စဘိန်းမြစ်အတွင်း ရေဖောက်ချခဲ့ခြင်းဖြစ်ပြီး ဘရစ္စဘိန်းမြစ်သည်လည်း မြစ်ရေလျှံတက်လာနိုင်ဖွယ်ရှိသည့် အခြေအနေဖြစ်နေကြောင်း၊ မိုးရေချိန်မှာ ၁၂၇ မီလီမီတာထိ မြင့်တက်နေသည့်အတွက် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ မိုးရေချိန်မှာ မီလီမီတာ ၂၅၀ ထိမြင့်တက်သွားနိုင်ပြီး ရေကြီးရေလျှံမှုအခြေအနေမှာလည်း ပိုမိုဆိုးရွားသွားဖွယ်ရှိနေကြောင်း သိရသည်။

"မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဝိုင်ဗန်ဟိုးဆည်မှာ ရေပမာဏက စိုးရိမ်မှတ်ကိုရောက်ရှိနေပါတယ်။ ဆည်ကျိုးပေါက်မှာ စိုးရိမ်ရတဲ့အတွက် ဆည်ဖောက်ချခဲ့ရတယ်။ ဘရစ္စဘိန်းမြစ်အတွင်း ဆည်ရေ ဖောက်ချခဲ့တဲ့အတွက် ဘရစ္စဘိန်းမြစ်ရေလျှံတက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ မိုးရေချိန်ဟာ ၁၂၇ မီလီမီတာထိ ရွာသွန်းနေပြီး မိုးရေချိန် မီလီမီတာ ၂၅၀ ထိ မြင့်တက်သွားနိုင်ပါတယ်"ဟု ဩစတြေးလျ မိုးလေဝသဗျူရိုမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုမှာ သိသိသာသာ မြင့်တက်လျက်ရှိပြီး ကွင်းစလန်းပြည်နယ်၌ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရစဉ် ဗစ်တိုးရီးယားပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်ကာ တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ဩစတြေးလျ မိုးလေဝသဗျူရိုက ထုတ်ပြန်ခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ပြင်သစ်နိုင်ငံ မာယိုတေးကျွန်းတွင် ဆိုင်ကလုန်းမုန်တိုင်းချီဒို တိုက်ခတ်ခဲ့ပြီး အစာရေစာပြတ်လပ်မှုနှင့် ရင်ဆိုင်နေရ

**ပဲရစ် ဒီဇင်ဘာ ၁၈**

ပြင်သစ်နိုင်ငံ မာယိုတေးကျွန်းတွင် ဆိုင်ကလုန်းမုန်တိုင်းချီဒို တိုက်ခတ်ခဲ့ပြီးနောက် အစာရေစာပြတ်လပ်မှုနှင့် ရင်ဆိုင်နေရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ဒီဇင်ဘာ ၁၇ ရက်တွင် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါ မုန်တိုင်းဒဏ်သင့်ဒေသတွင် ကူးစက်ရောဂါများ၊ အစာရေစာ ပြတ်လပ်မှုများနှင့် ရင်ဆိုင်နေရကြောင်း၊ ထို့ပြင် ချီဒိုဆိုင်ကလုန်းမုန်တိုင်းကြောင့် သေဆုံးသူ ၂၂ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၃၇၃ ဦးရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက အတည်ပြုခဲ့ပြီး ပျောက်ဆုံးနေသူများလည်းရှိသဖြင့် သေဆုံးသူဦးရေ မြင့်တက်လာနိုင်ကြောင်း ပြင်သစ်နိုင်ငံအာဏာပိုင်များက ပြောကြားခဲ့သည်။


လက်ရှိ အဆိုပါမုန်တိုင်းဒဏ်သင့်နေရာများတွင် အခြေခံစားကုန်ပစ္စည်းများ၊ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုများအရေးပေါ်လိုအပ်နေကြောင်း၊ အဆိုပါ သဘာဝဘေးဒဏ်သင့်ဒေသသို့ ပြင်သစ်သမ္မတ အန်မန်နျူရယ် မက်ခရွန်းသည် ဒီဇင်ဘာ ၁၉ ရက်တွင် သွားရောက်မည်ဖြစ်ကြောင်း သမ္မတရုံးက ကြေညာခဲ့သည်။

ဆေးဝါး၊ အစားအစာနှင့်ရေကို ဦးစားပေးဝေငှပေးနေသော်လည်း လုံလောက်မှုမရှိကြောင်း မာယိုတေးကျွန်း မြို့တော်ဝန် ဆိုမာလီယာက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ



ဝတ္ထုတိုကလျာ

# မေတ္တာဟင်း

ခင်မောင်မြင့်

(၁)

''အမေ့သားကြီးက အဲလိုပဲ။ သူ့မိန်းမနဲ့ရန်ဖြစ်လာတိုင်း အိမ်ပဲလာလာဒုက္ခပေးနေတယ်။ နောက်ပြီးတော့လဲ သူ့နေရာကို ပြန်သွားတာပါပဲ"ဟု အစ်မကြီးက ပြောလိုက်ရာ-

"ဟဲ့ ငါကအမေဟဲ့။ နင်တို့သံယောဇဉ်ပြတ်တိုင်း ငါမပြတ်နိုင်ဘူး။ သူ့ခမျာ ဒီမှာမလာရင် ဘယ်သွားနေရမှာလဲ။ နင့်အစ်ကိုအရင်း ခေါက်ခေါက်ကြီးပါအေ"

နံနက်စောစော အိပ်ရာကနိုးသည်နှင့် အမေနှင့်အစ်မကြီးတို့၏အသံကို ကြားနေရသည်။ ထုံးစံအတိုင်း အစ်ကိုကြီးအကြောင်း ပြောနေကြခြင်းဖြစ်မည်။ တစ်ခါတစ်ရံလာသည့် ကျွန်မတို့ကိုမှအားမနာဆူပူနေကြသည်။ ကျွန်မက သမီးအရင်းမို့ထားပါ။ ကျွန်မခင်ပွန်းကိုတော့ အားနာဖို့ကောင်းသည်။ သူလည်းပဲ နိုးနေပါပြီ။

''ငါ့ မိန်းမ ဘာမှဝင်ပြောမနေနဲ့။ သူတို့သားအမိချင်း ခဏနေပြီးသွားလိမ့်မယ်"

''အိုတော် ကျုပ်မပြောရင် သူတို့ဇာတ်လမ်းက တော်တော်နဲ့ဆုံးမှာ မဟုတ်တော့ဘူး"

ကျွန်မခင်ပွန်းကိုပြောပြီးသည်နှင့် အိပ်ရာကထလိုက်သည်။ ပြီးနောက် အစ်မကြီးရှိရာ မီးဖိုချောင်ဘက်သို့ ထွက်လာလိုက်သည်။

''မမကြီးရယ် အစ်မတို့ဟာက မနက်အစောကြီး ပူညံပူညံနဲ့။ ပတ်ဝန်းကျင်က ကြားလို့မှမကောင်းဘူး "

''ဟဲ့ အစ်မလဲ ဘယ်ပြောချင်မှာလဲ။ ညည်း အမေက သူ့သားဆို ဆတ်ဆတ်ထိမခံဘူး။ အစ်မကလဲ အဲဒါတွေမကြိုက်တာ"

''ပြောမနေပါနဲ့အေ။ အမေ့အကြောင်းလဲ မသိတာကျနေတာပဲ။ အလကား အိမ်ဆူတာပဲ အဖတ်တင်တယ်"

ကျွန်မလည်း ပြောပြီးသည်နှင့် မျက်နှာသစ်ရန် အိမ်ခေါင်းရင်းဘက်သို့ထွက်လာခဲ့သည်။ နောက်တွင် အစ်မကြီးက ပွစိပွစိလုပ်ကျန်ခဲ့သည်။ သည်နေ့ မြို့ပေါ်တက်ပြီးအဖေ့အတွက် သုံးလစာ ဆေးဝယ်ပေးရမည်။ အဖေ မျက်စိမမြင်ရသည်မှာလည်း အတော်ကြာခဲ့ပြီ။

(၂)

ကျွန်မတို့ရောက်နေသည်ဆို၍ မောင်အလတ်နှင့်မောင်အငယ်ဆုံးက အလုပ်မှခွင့်ယူပြီး ပြန်လာကြသည်။ တစ်ခါတစ်ရံမှသာ လာတတ်သည့် ကျွန်မတို့ကိုတွေ့ချင်ကြ၍ ဟုဆိုသည်။ ညီမတစ်ယောက်ကမူ နယ်စပ်မြို့လေးတစ်မြို့တွင် အလုပ်လုပ်နေရာက တကူးတက ပြန်လာသည်။ ကျွန်မတို့ကိုတွေ့ချင်တာထက် သူ့တူနှင့်တူမကို ပိုတွေ့ချင်၍ဖြစ်မည်။ ကျွန်မကလေးနှစ်ယောက်တွင် အကြီးကောင်ကို လသားအရွယ်ကတစ်ခါ သူမြင်ဖူးထားသော်လည်း အငယ်မကိုမူ တစ်ခါမျှမတွေ့ဘူးသေးပေ။

ထို့ကြောင့် လေယာဉ်တစ်တန်၊ ကားတစ်တန် စီး၍ပြန်လာရသောခရီးရှည်ကြီးကို ကားမူးတတ်သည့်ကြားက ပြန်လာခြင်းဖြစ်သည်။

ကျွန်မတို့မိသားစုလေးယောက် မြို့ပေါ်တွင် ဆေးဝယ်ပြီး နယ်စပ်မြို့ကပြန်လာနေသည့် ညီမကိုစောင့်နေလိုက်ကြသည်။ ကားရောက်ချိန်ကလည်း သိပ်မလိုတော့။ အိမ်တွင် သူ့လစာတစ်ခုသာ ဝင်ငွေရှိပြီး ယာလုပ်ငန်းကရသည့် သီးနှံများကိုရောင်းချကာ မိသားစုဝမ်းရေးကို ဖြေရှင်းကြရသည်။

အဖေမျက်စိကွယ်ပြီးနောက် ညီအစ်မတစ်တွေ နေ့စားအလုပ်ကိုတက်ညီလက်ညီလုပ်ခဲ့ကြသည်။ ထိုစဉ်က အိမ်စီးပွားရေး ယခုလောက်မဆိုး။ အိမ်သစ်တည်နိုင်ပြီး ငွေကြေးအနည်းငယ်ပင် စုမိဆောင်းမိကြသည်။ ယခု ယောကျ်ားလေးများအလုပ်လုပ်နိုင်မှ စားဖို့ပင် အနိုင်နိုင်ရုန်းကန်နေကြရသည်။

မမကြီးကတော့ ကျွန်မအိမ်ထောင်ကျသွားတာကို နှမြောမိသည်ဟုပြောသည်။

ကျွန်မရှိစဉ်က အိမ်အတွက် မန်နေဂျာလုပ်ရသည်။ ငွေကြေးကို စီမံရသည်။ မောင်ငယ်၊ ညီမငယ်များမှာ ကျွန်မဆိုလျှင် ကြောက်ကြသည်။ မမကြီးကိုတော့ ရှိသည်ဟုမထင်ကြ။ အမေလည်း ဘာမျှမပြောနိုင်။ အဖေဆိုလျှင် ပိုလို့ဝေးတော့သည်။

(၃)

''ဒီနေ့တော့ ဒီအိမ်ကလူတွေ ဗိုက်ခွေးနမ်းပြီဟေ့"

ကျွန်မတို့ထမင်းစားနေတုန်း တစ်ဖက်အိမ်က အန်တီဝိုင်း ရောက်လာသည်။ ထမင်းဝိုင်းဆီသို့ မလာဘဲ အိမ်ရှေ့ကွပ်ပျစ်တွင် ထိုင်ပြီးလှမ်းပြောခြင်းဖြစ်သည်။

''အန်တီဝိုင်း လာစားလှည့်ပါအုံး။ ဟင်းကတော့ ရှိထမင်း၊ ရှိဟင်းပေါ့"

''စားကြပါအေ။ ငါ စားပြီးလို့ထွက်လာတာ ရေတောင်မသောက်ခဲ့ရသေးပါဘူး"

တကယ်တော့ အန်တီဝိုင်းက မသိ၍ ဗိုက်ကိုခွေးနမ်းသည်ဟု ပြောခြင်းဖြစ်သည်။ ထမင်းဝိုင်းကို လာကြည့်လျှင် ဘယ်လိုတောင်ပြောမည်မသိ။

ကျွန်မခင်ပွန်းကတော့ စားရှာသည်။ သူ ဟင်းကြေးမများတတ်တာ တော်သေးသည်။ သို့မဟုတ်လျှင် သူ့အတွက်စိတ်မကောင်းဖြစ်နေရဦးမည်။ ကျွန်မအတွက်ကတော့ သည်ထမင်းဟင်းတွေက စားခဲ့ဖူးနေကျမို့ ပြဿနာမရှိ။ မောင်ငယ်တွေကတော့ ဘယ်လိုပြောကြမည်မသိ။

''ငါ့မောင်တို့ ထမင်းစားရင် တစ်ခါတည်းဝင်စားလိုက်ကြလေ။ မမတို့ စားပြီးပါပြီ"

အပြင်ကပြန်လာကြသည့် မောင်ငယ်နှစ်ယောက်ကို ကျွန်မပြောလိုက်သည်။

''ဟင်းတွေက လွမ်းစရာမရှိပါဘူးမမရာ။ နောက်ပြီးမှစားတော့မယ်။ အိမ်ကလူတွေက ဘာတွေချက်ကျွေးကြမှန်းမသိပါဘူး"

"ဟဲ့နင်တို့လုပ်စာအိမ်ကိုဘယ်နှစ်ပြားဖိုးစားရလို့ ပြောနေကြတာလဲ။ မစားချင်ရင်နေကြ။ ဟိုပြောဒီပြော မပြောကြနဲ့ "

မောင်ငယ်စကားကိုကြားသွားသည့် မမကြီးက ပြောလိုက်ခြင်းဖြစ်သည်။ ဟုတ်တော့လည်းဟုတ်သည်။ အလုပ်ကပြန်လာလို့မှ အိမ်အတွက် ငွေမအပ်နိုင်ကြသည့်သူတွေက ဟင်းမကောင်းတော့ ညည်းကြသည်။ မမကြီးမှာ ကြံဖန်ချက်ရှာ၏။ သို့သော် သည်စားအိုးကြီးကို သူလည်း ပြေလည်အောင် မဖန်တီးနိုင်။

သူ့သားသမီးတွေစုံတုန်း ဟင်းကောင်းကောင်းချက်ကျွေးချင်သည်ဟု အမေကတော့ပြောသည်။

(၄)

''ဟဲ့ မိမိုး ဒီမှာ ခိုနှစ်ကောင်။ အဲဒါလေးကို အမွှေးနုတ်ပြီး ကြော်ချက်ကလေးချက်အေ။ ငါ့သားတွေ သမီးတွေစားရအောင်လို့ "

" အမေကလဲ သူ့သားသမီးတွေကြိုက်လား၊ မကြိုက်လားမသိဘဲနဲ့။ ဘာလုပ်အောင် ဝယ်လာရသလဲ "

မမကြီးက ထုံးစံအတိုင်း အမေ့ကိုပြောသည်။

''ဟဲ့ အမေလဲ ကြက်သား၊ ဝက်သားဝယ်ချက်ကျွေးချင်တာပေါ့။ လူနဲ့ငွေနဲ့ချိန်ရသေးတယ်"

''အဲဒါဆိုလဲ ကိုယ့်ဘာသာကိုယ်ချက်ကျွေး။ သမီးကတော့ မချက်နိုင်ဘူး"

''ဟဲ့ မမကြီး ဘယ့်နှယ် အမေ့ကိုချက်ခိုင်းနေရသလဲ။ နေပါစေ။ ညီမဘာသာ ညီမ ချက်လိုက်ပါ့မယ် "

အမေ့ကို ဟင်းချက်ခိုင်းနေ၍ ကျွန်မကပင် ကြားထဲက ဝင်ပြောလိုက်ရသည်။

''နေပါသမီးရယ်။ အမေ့သားသမီးတွေကို အမေကိုယ်တိုင် ချက်ကျွေးမှာပါ "

အမေသည် ပြောရင်းဖြင့် ခိုအမွေးများကို နုတ်နေသည်။ ကျွန်မလည်း ဘာမျှမပြောတော့။ မမကြီးလည်း နွားစာရိတ်ထွက်သွားလေသည်။

"ကိုင်းဟင်းကျက်ပြီနော်၊ ထမင်းစားချင်စားလို့ရပြီ"

အမေသည် မီးဖိုချောင်ဘက်မှ ချွေးတရွှဲရွှဲဖြင့် ထွက်လာသည်။ အမေ့ကိုကြည့်ပြီး ကျွန်မစိတ် မကောင်းဖြစ်ရသည်။ တကယ်ဆိုလျှင် သမီးတွေ သုံးလေးယောက်ရှိတာ မီးဖိုချောင်ကို အမေဝင်စရာမလိုတော့။ ညီမတွေမှာ တစ်ယောက်မှ အဖြစ်မရှိကြ။

''ဟင်းကလဲ ဘာတွေချက်ထားမှန်း မသိပါဘူးကွာ။ ဒီအိမ်မှာ အဲဒါကြောင့်မနေချင်တာ "

မောင်ငယ်က ဟင်းအိုးကို ဖွင့်ကြည့်ပြီး ပြောသည်။

" ဟဲ့ အဲဒါ ခိုသားချက်တဲ့။ မင်းတို့ကိုစားစေချင်လို့ အမေကိုယ်တိုင် ချက်ထားရှာတာ။ မစားချင်ရင် အသာနေ။ ဟိုပြောဒီပြောမပြောနဲ့"

ကျွန်မလည်း အမေကြားမည်စိုး၍ မောင်ငယ်ကို တိုးတိုးပြောရသည်။

" အုတ်ကွင်းပဲ သွားစားတော့မယ် "

မောင်ငယ်သည်ပြောပြီး ဦးလေး၏အုတ်ကွင်းသို့ထွက်သွားသည်။

(၅)

အမေဟင်းချက်ကျွေးသည့်နေ့က အမေပျော်နေသည်။ သူ့သားသမီးတွေ သူချက်ကျွေးသည့် ဟင်းကို ကုန်အောင်စားကြ၍ဟုပြောသည်။ တကယ်တော့ အမေ့ဟင်းကို ဘယ်သူမှမစားကြ။ ကျွန်မသည်ပင် မြည်းမကြည့်ခဲ့။

ကျွန်မခင်ပွန်းကတော့ စားသည်။ သူကခိုသားဟင်းကို ဟင်းတစ်ဖတ် တစ်ကိုက်ဖြင့် ဟင်းမကုန်ကုန်အောင် စားခြင်းဖြစ်သည်ဟု ပြောသည်။ ခိုသားမှာ ရင့်နေပြီး ဝါးမရအောင် မာသည်ဟုပြောသည်။ သို့သော် အပြုံးမပျက် သူစားခဲ့သည်။ ကျွန်မကသူ့ကို မေးကြည့်သည်။

''ဒီလောက်မာပြီးစားမရတာကို ဘာလို့ကုန်အောင်စားခဲ့ရသလဲ ငါ့ယောကျ်ားရယ်"

ကျွန်မခင်ပွန်းက ပြုံးပြီးပြန်ပြောသည်။

''အဲဒီဟင်းထဲမှာ အမေ့မေတ္တာတွေထည့်ချက်ထားတယ်လေ"

ကျွန်မခင်ပွန်းစကားကြောင့် ကျွန်မသည်ပင် တုန်လှုပ်သွားမိသည်။ သားသမီးအရင်းအချာများဖြစ်ကြသည့် ကျွန်မတို့တစ်တွေက အမေ့ဟင်းကို မြည်း၍မကြည့်ခဲ့ကြဘဲ သမက်လုပ်သူတစ်ယောက်သာ စားခဲ့သည်ကို အမေသိလျှင် ဘယ်လိုနေမည်မသိ။ အမေ့ကို သနားစိတ်နှင့်အတူ ကျွန်မပါးမှာ မျက်ရည်တို့ စီးကျလာသည်။

# ကန့်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၈၄၈၆၆ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ပုသိမ် ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါး ၈၄၈၆၆ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၃၉၇၁ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သောစပါးများကို ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ စပါး ၈၄၈၆၆ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရိတ်သိမ်းပြီးစပါးတစ်ဧကလျှင် ၁၀၇ ဒသမ ၅ တင်းထိ ထွက်ရှိကြောင်း သိရသည်။

"မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးစိုက်ပျိုးရာသီ စပါးတွေကို အခက်အခဲမရှိစိုက်နိုင်ဖို့ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့နဲ့မြေဆီလွှာပြုပြင်တဲ့ လုပ်ငန်းတွေကို ကွင်းသရုပ်ပြတာတွေ ဆောင်ရွက်ပေးခဲ့သလို၊ ဓာတ်မြေဩဇာအသုံးပြုနည်းစနစ်များ မှန်ကန်စေဖို့ကိုလဲ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ အခုနှစ် စပါးစိုက်ပျိုးရာသီမှာ အရည်အသွေးနဲ့ ဈေးကွက်ဝင် စပါးအမျိုးအစားတွေကို အဓိကစိုက်ပျိုးခဲ့ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးစပါးများရာနှုန်းပြည့် အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်အသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်ဌာနများက ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် ထနှောင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဒီဇင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထနှောင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာလ ၁၇ရက်က အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ကတက်ရောက်လာသူများကို အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံ အဆင့်ဆင့်၊ စီမံကိန်း လက်စွဲစာစောင်ပါ ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေအရင်းအတိုးပေးဆပ်ရမည့်ကာလ



နှင့်ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ရန်ပုံငွေကျပ် ၄၃ ဒသမ ၅၅သန်း မြစိမ်းရောင်ကျေးရွာစီမံကိန်း အလုပ်အဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ထနှောင်းကုန်းကျေးရွာ၌မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြို့နယ်တာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ကိုင်လုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူအသင်းသူ၊ အသင်းသား စုစုပေါင်း ၁၉၈ ဦးကို ငွေကျပ် ၄၃ ဒသမ ၅၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**သန်းသန်းစိုး**

# မော်လမြိုင်မြို့နယ် ရိုးဂိုး(ရွာဟောင်း)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မော်လမြိုင် ဒီဇင်ဘာ ၁၈**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရိုးဂိုး(ရွာဟောင်း)ကျေးရွာ၌ ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ရိုးဂိုး(ရွာဟောင်း)ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းအတိုင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ရိုးဂိုး(ရွာဟောင်း)ကျေးရွာကုန်ထုတ်လမ်း အရှည်ပေ ၄၄၉၅၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၁၉၂ ဒသမ ၄ သန်း ဖြင့် တင်ဒါ အောင်မြင်သည့် ငွေမိုးကုမ္ပဏီက နိုဝင်ဘာလ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦးထံမှ သိရသည်။

**သုတ**

## အသက်ရှည်ရာ အနာမဲ့ရေး

\- ခေါင်း ခါး ခြေ လက်အစ
ဝမ်းတွင်းက ကလီစာ၊
မိမွေးရာ ဖမွေးတိုင်းကို
ထွားကျိုင်းသန်မာ၊
ချို့ယွင်းချက် မရှိရာ
ကျန်းမာစွာ နေထိုင်ရေး၊
စိတ်သွားရာ ရောက်မည်ပ
သောကကင်းဝေး။

\- အစာသည် အိမ်သုံးဆေးမို့
တွေးချင့်လို့ ဆင်ခြင်ပါ၊
လွန်ကဲလျှင် ဘေးဖြစ်တတ်
မှတ်ရမည်သာ၊
ကွမ်းဆေးလိပ် အရက်သေစာ
ရှောင်ကြဉ်ပါ သတိရှိ၊
စိတ်နှင့်ကိုယ် ဆိုးကျိုးဖြစ်မယ်
မူးယစ်စေ၏။

\- အသက်အရွယ် ငယ်ပါဘိ
ကြီးသော်ရှိ မဆိုသာ၊
လူတိုင်းပင် ကျန်းမာရေးကို
အလေးထားရာ၊
ကိုယ်ကာယ လေ့ကျင့်ပါ
စားသောက်ကာ နေထိုင်ပြု၊
စံနှုန်းမှန် သတိချပ်သော်
ထူးမြတ်တဲ့ ဆု။

\- အတိတ်ကံ အကြောင်းပြု
ဖြစ်တည်မှု ထိုရောဂါ၊
ဝဋ်ကြွေးနှယ် ခံစားရတော့
ကုသခက်ရှာ၊
ကိုယ့်အသက် ကိုယ့်ခန္ဓာ
ကျန်းမာစွာ နေနိုင်ဖို့၊
ဉာဏ်ကိုလွှာ လုံ့လသုံးကွယ်
ရွှင်ပြုံးပျော်စို့။ ။

**စန်းထက်(ဖန်ခါးမြေ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➢ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

**ခရီးသွားဆောင်းပါး**

# ဘုရားစုံဖူး မြို့ကော့မှူး

**သက်နိုင်(ပြင်ဦးလွင်)**

ငွေဆောင်ပင်လယ်ကမ်းခြေခရီးစဉ်မှာ မိမိတို့ခရီးဖော်အဖွဲ့တွေက တွံတေးမြို့ကို ရောက်ရှိနေပြီး တွံတေးမြို့ရဲ့အထင်ကရနဲ့ သမိုင်းဝင်နေရာတွေကို လေ့လာလည်ပတ်နေကြပါပြီ။ ပထမဆုံးအနေနဲ့ ရွှေဆံတော်ဘုရား၊ ဖောင်းတော်ချုပ်ဘုရားတွေရှိရာကို သွားရောက်ဖူးမြော်အပြီး မင်္ဂလာကန်ပေါ်စေတီရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ မြို့ခံစာရေးဆရာဖြစ်သူရဲ့ ဦးဆောင်လမ်းပြခေါ်ယူမှုနဲ့ မကြာခင် မင်္ဂလာကန်ပေါ်စေတီတော်ရှိရာကို ရောက်လာခဲ့ကြတယ်။ မင်္ဂလာကန်ပေါ်စေတီတော်က အမည်မှည့်ခေါ်ထားတဲ့အတိုင်း အလွန်ကြီးမားတဲ့ရေကန်ကြီးတစ်ခုရဲ့ အလယ်မှာတည်ရှိနေတယ်။ စေတီတော်ရှိနေတဲ့ ရေလယ်ကို အမိုးပါအုတ်စောင်းတန်းရှည်အတိုင်း သွားရောက်ကြရတယ်။ ဒါကြောင့် တွံတေးမြို့က မင်္ဂလာကန်ပေါ်စေတီတော်ပုံစံက ကျိုက္ခမီရေလယ် ဘုရားပုံသဏ္ဍာန်နဲ့ ခပ်ဆင်ဆင်တူညီနေတာကို သတိထားလိုက်မိတယ်။

ရေထဲမှာ တည်ဆောက်ထားတဲ့စောင်းတန်းက အတော်အတန်ရှည်လျားပါတယ်။ ဒ့ါပြင် စောင်းတန်းအနီးဝန်းကျင်မှာ များပြားလှတဲ့ငါးကြီးတွေရှိနေကြတယ်။ မကြာသေးမီ တစ်နာရီလောက်အကြာက ရောက်ရှိခဲ့တဲ့ ရွှေဆံတော်ဘုရား ငါးကန်ထဲက ငါးတွေရော၊ အခုမင်္ဂလာကန်ပေါ်စေတီမှာ တွေ့မြင်နေရတဲ့ငါးတွေရော ကန်နှစ်ခုစလုံးက ငါးတွေက မိမိတို့ရောက်ရှိတွေ့မြင်ဖူးခဲ့သမျှ ငါးကန်တွေထဲက ငါးတွေထက် ပိုမိုများပြား၊ ပိုမိုကြီးမားကြတယ်လို့ ထင်မှတ်နေရတယ်။ တွံတေးမြို့နယ်တစ်ခုလုံးမှာ မွေးမြူရေးငါးကန်တွေ လက်ညှိုးထိုးမလွဲရအောင် နေရာတိုင်းမှာ ပေါများစွာတည်ရှိနေတာကြောင့် ငါးတွေလဲ အလွန်များပြားနေသလို အခုတွေ့မြင်နေရတဲ့ကန်တွေအတွင်းမှာလဲ ငါးတွေပေါများနိုင်ပါတယ်။ မိမိတို့ရောက်ရှိနေတဲ့ မင်္ဂလာကန်ပေါ်စေတီတော်က ရေလယ်မှာရှိနေတာဖြစ်လို့ ပတ်ဝန်းကျင်အနီးတစ်ဝိုက်မှာ လေ့လာကြည့်ရှုစရာတွေမရှိတော့ဘဲ ဘုရားဖူးရုံ သက်သက်သာဖြစ်နေပါတယ်။ ဒါကြောင့် ရေလယ်ဘုရားရှိရာကို အသွား၊ အပြန် စောင်းတန်းပေါ်ကနေ လမ်းလျှောက်ကြရင်း ရေကန်ကြီးနဲ့ငါးတွေကိုသာ ကြည့်ရှုနေကြရတယ်။

မင်္ဂလာကန်ပေါ်စေတီတော်က အပြန်မှာ ကျိုက်ဖူးကျိုက်ပါဘုရားကို ဆက်လက်သွားရောက်ကြတယ်။ ဒါပေမဲ့ မြို့ခံစာရေးဆရာက ဦးဆောင်လမ်းပြပြီး တည့်တည့်သွား၊ ဘယ်ချိုး၊ ညာကွေ့ စသဖြင့် လမ်းညွှန်ပြောပြတဲ့အတိုင်း မောင်းနှင်နေရတာကြောင့် ဘယ်နေရာတွေကိုရောက်လို့ ရောက်နေမှန်း မသိတော့ပါဘူး။ ဒီလိုနဲ့ ကျိုက်ဖူးကျိုက်ပါဘုရားကို ရောက်လာခဲ့ကြတယ်။ နောက်တစ်ခေါက် ပြန်သွားပါဆိုရင် မသွားတတ်တော့တာ သေချာပါတယ်။ ကျိုက်ဖူးကျိုက်ပါဘုရားက ရှေးဟောင်းစေတီတော်ကြီးနှစ်ဆူနဲ့ မုံရွာမြို့က ဗောဓိတထောင်ဘုရားလို၊ မန္တလေးမြို့ စွယ်တော်ဘုရားဝင်းအတွင်းက ဘုရားတွေလို ထောင်နဲ့ချီပြီး များပြားလှတဲ့ ဗုဒ္ဓရုပ်ပွားတော်တွေက ကံ့ကော်ပင်တစ်ပင်ချင်းစီအောက်မှာ စီတန်းရှိနေကြတာကို တွေ့မြင်ဖူးမြော်နေရတယ်။ ရှေးဟောင်းစေတီကြီးနှစ်ဆူကတော့ ညီနောင်စေတီလို့ မြို့ခံစာရေးဆရာ မိတ်ဆွေက ရှင်းပြတယ်။ ကျိုက်ဖူးကျိုက်ပါဘုရားမှာ အချိန်အနည်းငယ်လောက်ပေးပြီး ဖူးမြော်လေ့လာပြီးကြတာနဲ့ ကော့မှူးမြို့ရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ အချိန်က မနက် ၁၁ နာရီထိုးခါနီးနေပါပြီ။ နေ့လယ်စာ ထမင်းကိုတော့ ကော့မှူးမြို့ရောက်မှ စားကြဖို့ စဉ်းစားဆုံးဖြတ်ထားလိုက်ကြတယ်။

ကော့မှူးမြို့ကိုသွားဖို့အတွက် တွံတေးမြို့ကနေ ကံဘဲ့လမ်းဆုံထိ ငါးမိုင်ခုနှစ်ဖာလုံခရီးကို ပြန်လည်မောင်းနှင်လာခဲ့ရတယ်။ ကံဘဲ့နဲ့ကော့မှူးမြို့က ၁၂ မိုင်တိတိသာ ဝေးကွာနေတယ်။ ကော့မှူးမြို့ရှိရာကို စတင်မောင်းနှင်လာတဲ့ခရီးမှာလဲ လမ်းတစ်လျှောက်ဖြတ်သန်းမောင်းနှင်လာတဲ့အခါ အိမ်ရှေ့က ချောင်းမြောင်းကလေးတွေထဲမှာ လှေကလေးတွေတန်းစီပြီးရှိနေတာကို သတိထားမိနေတယ်။ ဒ့ါပြင် အိမ်တိုင်း၊ အိမ်တိုင်းမှာ ချောင်းကူး၊ မြောင်းကူးတံတားလေးတွေရှိနေကြတယ်။ တံတားတွေက ချောင်း၊ မြောင်းအတွင်းမှာ သွားလာကြမဲ့လှေတွေ လွတ်လွတ်ကင်းကင်း အဆင်ပြေပြေ လှော်ခတ်သွားလာနိုင်အောင် ခပ်မြင့်မြင့်ဆောက်လုပ်ထားကြတယ်။

မိမိနဲ့အတူ ခရီးဖော်တွေအားလုံး မြင်တွေ့သဘောကျနေကြရတာက တံတားလေးတွေမှာ အိမ်ခြံဝင်းတံခါးလို တံခါးလေးတွေကိုယ်စီပြုလုပ်တပ်ဆင်ထားကြတာကိုပါ။ အချို့တံခါးတွေက သော့ခတ်ထားကြတယ်။ အိမ်ခြံဝင်းမှာ အုတ်တံတိုင်းတွေ၊ ခြံစည်းရိုးတွေမလိုဘဲ တံတားပေါ်က တံခါးကို ပိတ်ထားလိုက်ရုံနဲ့ ခြံဝင်းအတွင်း၊ အိမ်အတွင်းတွေကို လွယ်လွယ်ကူကူဝင်လို့၊ ထွက်လို့မရနိုင်တော့ပါဘူး။ မဖြစ်မနေ သွားလာဝင်ထွက်ကြရမယ်ဆိုရင်လဲ ချောင်း၊ မြောင်းအတွင်း ရေတွေထဲကနေ ခက်ခက်ခဲခဲ သွားလာကြရတော့မှာပါ။

ကံဘဲ့-ကော့မှူး ၁၂ မိုင်ဆိုတဲ့ခရီးက လမ်းကောင်း၊ လမ်းရှင်းတာကြောင့် ကော့မှူးမြို့အဝင်ကို တစ်ခဏအတွင်းရောက်ရှိလာကြတယ်။ မြို့အဝင်ကို ရောက်တာနဲ့ ကြိုတင်ဆက်သွယ်ထားတဲ့ မြို့ခံစာရေးဆရာခင်ဇော်(ကော့မှူး) ပြောတဲ့အတိုင်း ဈေးအရှေ့ကိုရောက်အောင် မောင်းလာတဲ့အခါ ဆရာခင်ဇော်(ကော့မှူး)ကို အဆင်သင့်တွေ့ရှိရပြီး နှုတ်ဆက်စကားပြောဆိုကြရင်း သူ့အိမ်ရှိရာကို ခဏတာ ဝင်ရောက်လည်ပတ်ကြရတယ်။ ကော့မှူးက ဒလ-တွံတေး-ကွမ်းခြံကုန်း-ဒေးဒရဲ-ဘိုကလေး-ဖျာပုံမြို့တွေရှိရာကို သွားရောက်တဲ့လမ်းပေါ်မှာ တည်ရှိနေပြီး သာမန်မြို့ငယ်လေးတစ်မြို့ပါ။ မြို့ခံစာရေးဆရာရဲ့အိမ်က ဈေးအနီးမြို့တွင်းမှာရှိနေပေမဲ့ အိမ်ရှိရာကို သွားရောက်ကြရတဲ့အခါ မြေလမ်းလေးတွေ၊ ကွန်ကရစ်လမ်းကျဉ်းလေးတွေအတိုင်း မောင်းနှင်သွားခဲ့ရတယ်။ ဒါပေမဲ့ နေရာတိုင်းမှာ သီးပင်၊ စားပင်တွေနဲ့ အုပ်အုပ်ဆိုင်းဆိုင်းဖြစ်နေတာကို တွေ့မြင်နေရတယ်။ ထူးထူးခြားခြားအဖြစ် ရွှေဝါရောင်အုန်းသီးတွေ သီးနေတဲ့အုန်းပင်တွေကိုပါ။ ရွှေအုန်းသီး၊ ရွှေအုန်းပင်တွေဖြစ်ကြောင်း သိလိုက်ရတယ်။ မြို့ခံစာရေးဆရာအိမ်ကို ဝင်ရောက်လည်ပတ်ပြီးတာနဲ့ နေ့လယ်စာ ထမင်းစားကြဖို့ ဈေးရှိရာကို ပြန်လည်ထွက်ခွာလာခဲ့ရတယ်။ အချိန်က မွန်းတည့် ၁၂ နာရီကျော်နေပါပြီ။




ကော့မှူးဈေးမှာ သေးငယ်ကျဉ်းမြောင်းတဲ့ မြန်မာထမင်းဆိုင်လေးတွေသာရှိနေပြီး စားရသောက်ရ ထိုင်ရပြုရတာ အဆင်မပြေတာကြောင့် သင့်တင့်ကောင်းမွန်တဲ့ ဆိုင်တစ်ဆိုင်ကို မြို့ခံစာရေးဆရာက လိုက်လံရှာဖွေပို့ဆောင်ပေးလို့ အဆင်ပြေသွားခဲ့ရတယ်။ ကော့မှူးမြို့မှာ ထမင်းဆိုင်၊ စားသောက်ဆိုင် အရေအတွက်ကလဲ အလွန်နည်းပါးနေတာကို သတိထားမိလိုက်တယ်။ ဒါပေမဲ့ ဒလမြို့မှာ စားသောက်ခဲ့ရသလို ဈေးနှုန်းတွေက အလွန်သက်သာနေတယ်။ ဒေသလက်ရာ ဟင်းလေးတွေနဲ့ စားသောက်လို့လဲ ကောင်းခဲ့တယ်။ ခရီးတွေသွားလာထွက်ခွာကြတဲ့အခါ အလျှဉ်းသင့်တဲ့ဆိုင်၊ အဆင်ပြေတဲ့ ဆိုင်တွေမှာ အချိန်လုပြီး ဝင်ရောက်စားသောက်ရတာကြောင့် တစ်ခါတလေ ကောင်းမွန်အဆင်ပြေနေနိုင်သလို တစ်ခါတလေကျပြန်တော့လဲ အခက်အခဲတွေနဲ့ ကြုံတွေ့ကြရတယ်။

ထမင်းစားသောက်ပြီးတာနဲ့ မြို့ခံစာရေးဆရာက ကျိုက်ကော့မှူးစေတီကို လိုက်လံပို့ဆောင်ပေးတယ်။ စေတီတော်ကြီးက ရှေးဟောင်းစေတီတော်ကြီးတစ်ဆူဖြစ်နေသလို ရှေးခေတ်အနုပညာလက်ရာတွေကိုလဲ တွေ့မြင်နေရသေးတယ်။ ကျိုက်ကော့မှူးစေတီတော်ကနေအပြန်မှာ ကျိုက်မွန်ထိုစေတီရှိရာကို ဆက်လက်သွားရောက်ဖူးမြော်ကြရတယ်။ ကျိုက်မွန်ထိုစေတီကလဲ ရှေးဟောင်းစေတီကြီးတစ်ဆူပါ။ ဘုရားစေတီတော်သမိုင်းတွေအရ ကော့မှူးမြို့အနီးမှာ လယ်ခိုက်မြို့ဆိုတဲ့ ရှေးဟောင်းမြို့ကြီးတစ်မြို့ အထင်အရှားတည်ရှိနေခဲ့တယ်။ လယ်ခိုက်က မွန်ခံတပ်ဟောင်းမြို့တစ်မြို့ဖြစ်ခဲ့ပြီး အခုအချိန်ထိ အချို့နေရာတွေမှာ မြို့ရိုးပျက်တွေကျန်ရှိနေသေးတယ်။ အင်း၀-ဟံသာ၀တီ နှစ်လေးဆယ်တိုက်ပွဲက လယ်ခိုက်မြို့မှာ ဖြစ်ပွားခဲ့ရတာကြောင့် လယ်ခိုက်မြို့ကြီးလဲ ပျက်စီးသွားခဲ့ရတယ်။ ဒါပေမဲ့ လယ်ခိုက်မြို့ဟောင်းမှာရှိနေတဲ့ ကျိုက်မွန်ထိုစေတီကြီးကိုတော့ ယနေ့ထက်တိုင် တွေ့မြင်ဖူးမြော်နေကြရပါသေးတယ်။

ကျိုက်မွန်ထိုစေတီတော်ကြီးကို ဖူးမြော်အပြီးမှာ မြို့ခံစာရေးဆရာက ဆံတော်ကြိုးစေတီတော်ကြီးရှိရာကို ထပ်မံပို့ဆောင်ပေးပြန်တယ်။ မြို့ခံအိမ်ရှင်က လာရောက်ကြတဲ့ဧည့်သည်တွေကို ဧည့်ဝတ်ကျေပွန်တာဖြစ်ပြီး ရောက်တုန်းရောက်ခိုက်၊ လာတုန်းလာခိုက် မရောက်ဖူးသေးတဲ့နေရာတွေကို ရောက်ဖူးရအောင်၊ မဖူးရသေးတဲ့ဘုရားစေတီတွေကို ဖူးမြော်ကြရအောင် စေတနာနဲ့ပါ။ ဒါပေမဲ့ မိမိတို့အဖွဲ့က မနက်စောစောကတည်းက တွံတေးမြို့မှာရှိတဲ့ ဘုရားစေတီတွေ စုံစုံလင်လင်ကို ဖူးမြော်လာကြပြီးတာကတစ်ကြောင်း၊ ရှေ့ခရီးကို ဆက်ချင်တာကတစ်ကြောင်း ထမင်းစားသောက်အပြီး နေ့ခင်းနေ့လယ် နေပူပူမှာ ရှိသမျှဘုရားစေတီတွေကို တစ်ဆူပြီးတစ်ဆူ လိုက်ဖူးမြော်နေကြရတာကြောင့် အချိန်တွေကြာ၊ ဘုရားတွေစုံလာရတော့တယ်။ ဒါကြောင့်လဲ ရှေးဟောင်းသမိုင်းဝင် ဆံတော်ကြိုးစေတီတော်ကြီးကို မြန်မြန်ဖူးပြီး မြန်မြန်ပြန်ထွက်လာခဲ့ကြသလို မြို့ခံစာရေးဆရာကိုလဲ ဘုရားစေတီတော်တွေကို ဒီလောက်ထိ စုံစုံလင်လင် ဖူးမြော်နေခဲ့ရတာကို ကျေနပ်နေရပါပြီ။ လိုက်လံပို့ဆောင်ပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်လို့ပြောဆိုပြီး ရှေ့ခရီးကို ဆက်လက်ထွက်ခွာချင်နေပေမဲ့ မြို့ခံစာရေးဆရာက ဆယ်အိမ်တန်းပင်လယ်ကမ်းခြေကို လိုက်လံပို့ဆောင်ပေးအုံးမှာဖြစ်ကြောင်းနဲ့ လမ်းမှာရှိတဲ့ လင်းလွန်းတစ်ထောင်ဘုရား၊ ကျိုက်တဂိုးနွတ် ခေါ် ဒေးစွန်ပါစေတီတွေရှိရာကို ဝင်ရောက်ဖူးမြော်သွားကြပါတယ်။

မြို့ခံစာရေးဆရာပြောတဲ့ခရီးစဉ်အနေအထားအရ ကော့မှူးမြို့ကို ကျော်လွန်လာခဲ့ရပြီး ကွမ်းခြံကုန်းမြို့နယ်အတွင်းကို ဝင်ရောက်လာကြရတယ်။ ကော့မှူးဆိုတာက မွန်ဘာသာအသံထွက် ကော့မုကနေ ဆင်းသက်လာခဲ့ပြီး ကော့က ကုန်း၊ မုက အငူစွန်းဖြစ်တာကြောင့် မြန်မာဘာသာနဲ့ အငူစွန်းကုန်းဆိုပြီး အဓိပ္ပာယ်ရနေပါတယ်။ ရှေးတုန်းက ရွာလေးတစ်ရွာသာဖြစ်နေခဲ့ပြီး ကော့မှူးချောင်ရွာလို့လဲခေါ်ဆိုကြပါတယ်။ ရှေးအခါကတည်းက ကော့မှူးဒေသထွက် တညင်းသီးက နာမည်ကျော်ကြားတယ်လို့ဆိုကြပါတယ်။ ကွမ်းခြံကုန်းမြို့ကတော့ ကိုလိုနီခေတ်ဦးကာလတုန်းက ကျေးရွာငယ်လေးတစ်ရွာသာဖြစ်ခဲ့တယ်။ အဲဒီနောက် ကွမ်းခြံကုန်းရွာနဲ့ တော်ပလွဲရွာတွေကို ပေါင်းစပ်ပြီး ကွမ်းခြံကုန်းမြို့ကို တည်ထောင်ခဲ့တယ်။ ကွမ်းခြံကုန်းနဲ့မလှမ်းမကမ်းမှာ ကျော်ကြားထင်ရှားတဲ့ရွာတစ်ရွာကတော့ ထန်းမနိုင်ဆိုတဲ့ မွန်တိုင်းရင်းသားရွာဖြစ်ပြီး ဆားချက်လုပ်ငန်းကနာမည်ကြီးပါတယ်။ ဆားကို အိုးတွေနဲ့ချက်လုပ်ကြတာပါ။ ဆားချက်တဲ့အိုးတွေကို ကွမ်းခြံကုန်းက ထုတ်လုပ်ရရှိတယ်လို့ဆိုပါတယ်။ အခုအချိန်ထိ ကွမ်းခြံကုန်းမြို့နယ်အတွင်း ထန်းမနိုင်၊ မဝန်း၊ ပိန္နဲကုန်း၊ ဘိုဒင် စတဲ့ရွာတွေမှာ ဆားဖိုတွေ၊ ဆားလုပ်ငန်းတွေကို တွေ့မြင်နေရပါသေးတယ်။

ကော့မှူးနဲ့ ကွမ်းခြံကုန်းက ၁၀ မိုင်ခရီးသာ ကွာဝေးတာကြောင့် ခဏတာအတွင်းမှာရောက်လာခဲ့ကြတယ်။ ရန်ကုန်မြို့တစ်ဖက်ကမ်း ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်း စတဲ့မြို့တွေမှာ ဆိုက်တွဲတွေက အလွန်များပြားလွန်းနေပါတယ်။ ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူကြီးအကုန်လုံးက ဆိုက်တွဲတွေကို မောင်းနှင်နေကြတယ်။ ဆိုက်တွဲတွေပေါ်မှာလဲ တောင်းကြီး၊ တောင်းငယ်တွေနဲ့ ကုန်ပစ္စည်းတွေပြည့်နေသလို အချို့ဆိုက်တွဲတွေမှာ လူအပြည့်တင်ဆောင်မောင်းနှင်နေကြတာကို တွေ့မြင်နေရတယ်။ ဒီတော့မှ ဒလ-ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲ စတဲ့မြို့တွေက တစ်မြို့နဲ့တစ်မြို့ ၁၀ မိုင်ပတ်ဝန်းကျင်လောက်သာ ကွာဝေးကြပြီး ခရီးသည်တင်လိုင်းကားတွေ ပြေးဆွဲမှုကလဲ နည်းပါးနေတာကြောင့် ဘယ်သွားသွား၊ ဘာပို့ပို့၊ ဘာသယ်သယ် ဆိုက်တွဲတွေကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြရတာဖြစ်ကြောင်း သိလိုက်ရတော့တယ်။

လက်ရှိအချိန်မှာ ကွမ်းခြံကုန်းမြို့ကို ရောက်ရှိလာခဲ့ကြပြန်ပါပြီ။ ကွမ်းခြံကုန်းမရောက်ခင် ကော့မှူးမြို့မှာတော့ ဘုရားစေတီတွေ စုံစုံလင်လင် ဖူးမြော်လာခဲ့ကြရပြီးပါပြီ။ အခုကွမ်းခြံကုန်းမြို့မှာလဲ မဟာတိလောကမှန်ကူကြေးသွန်းဘုရားကြီး၊ ကိုးဆူဘုရားကြီး၊ လင်းလွန်းတစ်ထောင်ဘုရား စတာတွေကို လိုက်လံဖူးမြော်လေ့လာလိုက်ကြပါအုံးမယ်။

# မြောက်ကိုရီးယားနိုင်ငံတွင် ကင်ဂျုံအန်အစိုးရရပ်တည်နိုင်ရေးကြိုးပမ်းမှုများ

မြောက်ကိုရီးယားနိုင်ငံသည် ၁၉၉၀ ပြည့်လွန်နှစ်များတွင် သဘာဝဘေးအန္တရာယ်များကြောင့် စီးပွားရေးအကျပ်အတည်းနှင့် ဆင်းရဲမှုများဖြစ်ပေါ်ခဲ့သဖြင့် လူသန်းပေါင်းများစွာ သေဆုံးခဲ့မှုနှင့်အတူ နိုင်ငံတကာမျက်နှာစာတွင် လူသိများလာခဲ့သည်။ အဆိုပါကာလကို ခက်ခဲကြမ်းတမ်းသောကာလအဖြစ် လူသိများခဲ့ပြီး တိုင်းပြည်၏သမိုင်းတစ်လျှောက်တွင် ကြုံတွေ့ခဲ့ရသော ပျက်စီးဆုံးရှုံးမှုဖြစ်စဉ်များအနက် အဆိုးရွားဆုံးအကျပ်အတည်းအဖြစ် ရည်ညွှန်းပြောဆိုခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံမှ ဘက်ပြောင်းလဲသူများသည် တိုင်းပြည်၏ လက်ရှိစီးပွားရေးအခြေအနေကို ၁၉၉၀ ပြည့်လွန်ကာလများက ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်နှိုင်းယှဉ်ပြီး မြောက်ကိုရီးယားပြည်သူများသည် အကျပ်အတည်းများနှင့်ကြုံတွေ့နေရကြောင်း ပြောဆိုလျက်ရှိသည်။

၂၀၁၇ခုနှစ်တွင် ချမှတ်ခဲ့သော ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏စီးပွားရေး ပိတ်ဆို့ရေးဆုံးဖြတ်ချက်များနှင့် ကိုဗစ်-၁၉ ရောဂါကြောင့်၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာကြီးနှင့်အဆက်အသွယ်ဖြတ်ခဲ့သဖြင့် မြောက်ကိုရီးယားနိုင်ငံသည် စီးပွားရေးပိုမိုကျပ်တည်းလာရခြင်းဖြစ်သည်။ နိုင်ငံ၏နယ်စပ်ဝင်ထွက်ပေါက်များကို သုံးနှစ်ခန့်ပိတ်ဆို့ထားခဲ့ခြင်းသည် ပို့ကုန် ၉၇ ရာခိုင်နှုန်းခန့် ရပ်ဆိုင်းမှုဖြစ်ပေါ်စေခဲ့ပြီး၂၀၁၆ ခုနှစ်တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံရှိခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၈၉ သန်းနှင့် ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈၁ သန်းထိ ကျဆင်းလာခဲ့သည်။ ပြည်ပပို့ကုန်ကျဆင်းလာခြင်းသည် အစိုးရ၏ အခွန်ငွေသိသိသာသာ လျော့နည်းလာစေခဲ့ပြီး နိုင်ငံခြားငွေကြေးအရန်ပမာဏသည်လည်း အချိန်နှင့်အမျှ လုံးပါးပါးလာလျက်ရှိသည်။

တစ်ချိန်တည်းမှာပင် သွင်းကုန်တန်ဖိုးသည် ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ဘီလီယံရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၇၇၃ သန်းနှင့် ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၇၃ သန်းထိ ကျဆင်းလာခဲ့သည်။ ကုန်ကြမ်းပစ္စည်းနှင့် အချောသပ်ထုတ်ကုန်နှစ်မျိုးစလုံး တင်သွင်းမှုကျဆင်းလာခြင်းသည် တိုင်းပြည်အတွင်း ကုန်ထုတ်လုပ်မှုနှင့်စီးပွားရေးလုပ်ငန်းများအပေါ် ဖိအားများဖြစ်လာခဲ့သည်။

၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံခြားငွေကြေးအရန်ပမာဏသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံခန့်သာရှိခဲ့ပြီး ကုန်သွယ်မှုလိုငွေပြမှုကြောင့် ပိုမိုလျော့နည်းကျဆင်းလာဖွယ်ရာရှိနေသည်။ ထို့ကြောင့် ကင်ဂျုံအန်အစိုးရသည် အခွန်ငွေတိုးမြှင့်ရရှိရေးအတွက် မတတ်သာသည့်အဆုံး၌ အခြားနည်းလမ်းများကို ရွေးချယ်ခဲ့ရတော့သည်။

ထို့ပြင် မြောက်ကိုရီးယားနိုင်ငံသည် ဓာတ်မြေဩဇာများနှင့် စိုက်ပျိုးရေးသုံးအထောက်အကူပစ္စည်းများ တင်သွင်းနိုင်ခြင်းမရှိသောကြောင့် ကာလရှည်စားနပ်ရိက္ခာပြတ်လပ်မှုများနှင့် ရင်ဆိုင်ရသည်။ မြောက်ကိုရီးယားနိုင်ငံသည် နှစ်စဉ်စားနပ်ရိက္ခာတန်ချိန်၅ဒသမ၅သန်းခန့် လိုအပ်သော်လည်း၂၀၁၆ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း စားနပ်ရိက္ခာ ၄ ဒသမ ၆ သန်းခန့်သာ ပျမ်းမျှထုတ်လုပ်နိုင်ခဲ့သဖြင့် နှစ်စဉ်ပြည်သူတစ်သန်းခန့်သည် ကာလရှည်စားနပ်ရိက္ခာပြတ်လပ်မှုနှင့်ရင်ဆိုင်နေရကြောင်း ပြန်လည်ပေါင်းစည်းရေးဆိုင်ရာ ကိုရီးယားအင်စတီကျူက ခန့်မှန်းထားရှိသည်။

ထို့ပြင် ပြီးခဲ့သောနှစ်အတွင်း မြောက်ကိုရီးယားနိုင်ငံ၌ ငွေကြေးလဲလှယ်မှုနှုန်းသည် သိသိသာသာ ကျဆင်းလာခဲ့ရာ၂၀၂၄ ခုနှစ် ဧပြီလတွင် အမေရိကန်တစ်ဒေါ်လာလျှင် မြောက်ကိုရီးယား ဝမ် ၈၀၀၀ ရှိခဲ့ရာမှ လက်ရှိအချိန်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ဝမ် ၃၀၀၀၀ ထိ ပြုတ်ကျလာခဲ့သဖြင့် တိုင်းပြည်ငွေကြေးတန်ဖိုးသည် ဆိုးဆိုးရွားရွားကျဆင်းလာလျက်ရှိသည်။ တစ်ချိန်တည်းမှာပင် ဆန်စပါးဈေးနှုန်းသည် ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် အလွန်အမင်း မြင့်တက်လာခဲ့ရာ လက်ရှိအချိန်တွင် ပြုံယမ်းမြို့၌ ဆန်တစ်ကီလိုဂရမ်လျှင် ဝမ် ၆၃၀၀ ပေးနေရပြီး အခြားသောနေရာများတွင်လည်း အလားတူဈေးတက်မည့်အလားအလာရှိနေသည်။



ကင်ဂျုံအန်အစိုးရအနေဖြင့် စီးပွားရေးအကျပ်အတည်းကို မည်သို့မည်ပုံရှောင်လွှဲသွားမလဲဆိုသော မေးခွန်းများလည်း ထွက်ပေါ်လျက်ရှိသည်။ မြောက်ကိုရီးယားနိုင်ငံ၏ စီးပွားရေးသည် ပြည်သူများထံမှ ယူသော စီးပွာရေးစနစ်ဖြစ်ပြီး နည်းလမ်းသုံးသွယ်ဖြင့် ရုပ်လုံးပေါ်လာလေ့ရှိသည်။ ပထမနည်းလမ်းမှာ အစိုးရသည် ပြည်သူတစ်ဦးချင်းစီကို တော်လှန်ရေးရန်ပုံငွေထည့်ဝင်ခိုင်းခြင်းဖြစ်ပြီး ၎င်းငွေကြေးသည် နိုင်ငံတော်လှုပ်ရှားဆောင်ရွက်မှုများအတွက် ရန်ပုံငွေတိုက်ရိုက်ရောက်ရှိသွားသည်။

ဒုတိယနည်းလမ်းမှာ မြောက်ကိုရီးယားနိုင်ငံသည် နိုင်ငံသားများကို အခမဲ့အလုပ်လုပ်ခိုင်းခြင်း၊ သို့မဟုတ် လွန်စွာချိုသာသောလုပ်အားခဖြင့် အလုပ်လုပ်ခိုင်းခြင်းဖြစ်သည့်အတွက် အလုပ်သမားများသည် အသက်မွေးကျောင်းလုပ်ငန်းတစ်ခုကို ရေရှည်ထိန်းသိမ်းထားရန် အလွန်အမင်းအခက်အခဲဖြစ်ပေါ်စေလျက်ရှိသည်။ လုပ်အားအမြတ်ထုတ်ယူခြင်းသည် ၂၀၁၇ ခုနှစ်တွင် စီးပွားရေးပိတ်ဆို့မှုများချမှတ်ခံရပြီးနောက်ပိုင်း ပိုမိုပြင်းထန်လာလျက်ရှိသည်။ အထူးသဖြင့် ကိုဗစ်-၁၉ ရောဂါ အလွန်ကာလတွင် တိုင်းပြည်၏စီးပွားရေးအခြေအနေသည် ပိုမိုဆိုးရွားလာလျက်ရှိသည်။ အခြေခံပညာမူလတန်းမှသည် တက္ကသိုလ်ထိ ကျောင်းသူ၊ ကျောင်းသားများသည် ပြည်သူ့အကျိုးပြု ကူညီဆောင်ရွက်မှုကာလတစ်စိတ်တစ်ဒေသအနေဖြင့် အစိုးရ၏လယ်ယာများတွင် အခမဲ့စပါးစိုက်ပျိုးကြရသည်။

မကြာသေးမီက နိုင်ငံရေးဘက်ပြောင်းလာသူ မြောက်ကိုရီးယားသံတမန်ဟောင်း Ri Il Gyu ၏ အဆိုအရ ၎င်းအနေဖြင့် မြောက်ကိုရီးယားတွင် အလုပ်လုပ်စဉ်က တစ်လလျှင် အမေရိကန်ဒေါ်လာ သုည ဒသမ ၃ ဘီလီယံသာ ရရှိသည်ဟုဆိုသည်။ နိုင်ငံ့ဝန်ထမ်းများသည် အစိုးရအတွက် ရန်ပုံငွေစုဆောင်းပေးရန် အခမဲ့အလုပ်လုပ်ကြရလေ့ရှိသည်။ ထိုသို့ လုပ်အားအမြတ်ထုတ်ယူခြင်းသည် ကင်ဂျုံအန်အစိုးရအတွက် လျှို့ဝှက်စည်းကြပ်ခွန်နှင့် အခွန်ငွေရရှိရေးအတွက် အခြားသောအရင်းအမြစ်ရှာဖွေမှုပင်ဖြစ်သည်။

တတိယနည်းလမ်းမှာ လုပ်အားအမြတ်ထုတ်ယူခြင်းသည် ပြည်ပတွင် အလုပ်လုပ်ကိုင်နေသော မြောက်ကိုရီးယား အလုပ်သမားများထံမှလည်း တွေ့ရှိရသည်။ ၎င်းတို့အနေဖြင့် ၂၀၁၇ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၉ ဘီလီယံ ရှာဖွေနိုင်ခဲ့ကြောင်း အမျိုးသားလုံခြုံရေးမဟာဗျူဟာဆိုင်ရာအင်စတီကျူအရ သိရှိရသည်။ ၂၀၂၃ ခုနှစ်တွင် မြောက်ကိုရီးယားအလုပ်သမား ၁၀၀၀၀၀ ခန့်သည် ပြည်ပတွင် အလုပ်လုပ်ကိုင်ခဲ့သောကြောင့် မြောက်ကိုရီးယားအစိုးရအတွက် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့် ရှာဖွေပေးခဲ့ကြောင်း ကုလသမဂ္ဂအစီရင်ခံစာအရ သိရသည်။ ၎င်းလုပ်သားများသည် ဝင်ငွေအနည်းငယ်ကိုသာလျှင် ကိုယ်ပိုင်ထိန်းသိမ်းထားနိုင်ပြီး အများစုကို မြောက်ကိုရီးယားအစိုးရအေဂျင်စီများက သိမ်းဆည်းထားရှိသည်။

မြောက်ကိုရီးယားနိုင်ငံသည် နိုင်ငံ ၄၀ ကျော်တွင် ပြည်ပအလုပ်အကိုင်စာချုပ်များ ဆက်လက်ထိန်းသိမ်းထားခြင်းအားဖြင့် ကုလသမဂ္ဂပိတ်ဆို့မှုများကို ဆက်လက်ရှောင်တိမ်းလျက်ရှိသည်။ ခြုံငုံကြည့်မည်ဆိုလျှင် မြောက်ကိုရီးယား၏ စီးပွားရေးအခြေအနေသည် ပိုမိုဆိုးရွားလာလျက်ရှိသည်။ မြောက်ကိုရီးယားနိုင်ငံသည် ငွေကြေးဖောင်းပွမှုရှောင်ရှားနိုင်ရေးအတွက် ရန်ပုံငွေရရှိရန် လုပ်အားအမြတ်ထုတ်ယူအသုံးချမှုအပေါ် တိုးမြှင့်မှီခိုလာလျက်ရှိသည်။ အတင်းအကျပ် ငွေကြေးထည့်ဝင်ခိုင်းခြင်းနှင့် ပြည်တွင်း၊ ပြည်ပရှိ အလုပ်သမားများထံမှ လုပ်အားအမြတ်ထုတ်ယူခြင်းသည် မြောက်ကိုရီးယားစီးပွားရေးရေရှည်ခံမည့်အင်အားစုပင်ဖြစ်သည်။

ကင်ဂျုံအန်သည် အာဏာဆက်လက်စွဲကိုင်ထားရှိရေးအတွက် ဖခင်ဖြစ်သူ ကင်ဂျွန်အီအသုံးပြုခဲ့သည့် နည်းလမ်းများအတိုင်း လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် မြောက်ကိုရီးယားအစိုးရသည် အခွန်ငွေနှင့် နိုင်ငံခြားငွေရရှိရန် တရားမဝင်ငွေကြေးရှာဖွေမှုအပေါ် အလွန်အမင်းမှီခိုရလျက်ရှိသည်။ မူးယစ်ဆေးဝါးနှင့် တရားမဝင် ငွေကြေးရောင်းချခြင်း၊ အခြားသောတရားမဝင်ကုန်စည်များ၊ လက်နက်ကုန်သွယ်မှုများနှင့်အတူ ခရစ်တိုငွေကြေးခိုးယူမှုနှင့် အခြားသောဆိုက်ဘာရာဇဝတ်မှုများသည် မြောက်ကိုရီးယားအစိုးရကို ဘဏ္ဍာရေးကန့်သတ်ချက်များမှရှောင်ရှားစေနိုင်မည်ဖြစ်သည်။မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ဝင်ငွေအများစုကိုနျူကလီးယားလက်နက်နှင့် ပဲ့ထိန်းဒုံးကျည်အစီအစဉ်များအတွက် အသုံးပြုလျက်ရှိသည်။

ခရစ်တိုငွေကြေးသည် စဉ်ဆက်မပြတ်ရန်ပုံငွေရရှိရန်အထောက်အကူပြုလျက်ရှိသည်။ ၂၀၂၄ ခုနှစ် ခရစ်တိုရာဇဝတ်မှုအစီရင်ခံစာအရ ၂၀၁၆ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း မြောက်ကိုရီးယားဟက်ကာများသည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၅ ဘီလီယံရရှိခဲ့ကြောင်း၊ အမျိုးသားလုံခြုံရေးမဟာဗျူဟာဆိုင်ရာအင်စတီကျူ၏အဆိုအရ ခရစ်တိုငွေကြေးခိုးယူမှုမှ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၅ ဘီလီယံထိရရှိခဲ့သည်ဟုဆိုသည်။ ကန့်သတ်မှုများရှိနေသည့်ပတ်ဝန်းကျင်၌ပင်လျှင် ခရစ်တိုငွေကြေးမှ တရားမဝင် ဝင်ငွေဆက်လက်ရှာဖွေနိုင်လျက်ရှိသည်။

မြောက်ကိုရီးယားအစိုးရသည် စီးပွားရေးအကျပ်အတည်းများရှိနေသော်လည်း ပြည်သူများအပေါ် ဖိနှိပ်မှုများဆက်လက်လုပ်ဆောင်ခဲ့ကြောင်း သတင်းမီဒီယာများ၌ ဖော်ပြခဲ့သည်။ စစ်ရေးအသင့်ပြင်မှုအမြဲတမ်းပြုလုပ်ခြင်း၊ ဘုံရန်သူအတွက် စည်းလုံးညီညွတ်မှုရှိရန်ပြည်သူများကို စည်းရုံးနှိုးဆော်ခြင်းအပါအဝင် ရန်လိုသောနိုင်ငံခြားရေးမူဝါဒကို ရှင်းလင်းပြတ်သားစွာစွဲကိုင်ထားရှိသည်။ ထို့ပြင် ကင်ဂျုံအန်အစိုးရသည် စစ်ဘက်အဆင့်မြှင့်တင်မှုကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး နျူကလီးယားအစီအစဉ်တိုးတက်မှုကို ၎င်းအတွက် မဟာအောင်မြင်မှုအဖြစ် ရှုမြင်ထားရှိသည်။ ကင်ဂျုံအန်အနေဖြင့် ၎င်း၏အုပ်ချုပ်စိုးမိုးမှုကို ညွှန့်ပေါင်းစနစ်ဖြင့် ခိုင်မာအောင်တည်ဆောက်ထားရှိသည်။ အစိုးရတည်မြဲရေးအတွက် အခွင့်ထူးခံလူတန်းစားများကို အခွန်ငွေနှင့်အခြားသောအထောက်အပံ့များပေးထားသည်။

မြောက်ကိုရီးယားအစိုးရသည် ပိတ်ဆို့မှုများခံရပြီး အထီးကျန်နိုင်ငံဖြစ်နေသော်လည်း ဆက်လက်ရပ်တည်နိုင်အောင် ဆောင်ရွက်လျက်ရှိသည်။ ၎င်းအစိုးရ ရပ်တည်ရေးနည်းလမ်းများသည် နိုင်ငံသားများထံမှ လုပ်အားအမြတ်ထုတ်ခြင်းနှင့် ဖိနှိပ်ခြင်းတို့ဖြစ်သော်လည်း စီးပွားရေးပိုမိုကျပ်တည်းလာခဲ့သည်။ အမြတ်ထုတ်အသုံးချခြင်းကဲ့သို့သော မြောက်ကိုရီးယားနိုင်ငံ၏ စီးပွားရေးစနစ်သည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အဟန့်အတားဖြစ်စေလျက်ရှိသည်။ အကြောင်းမှုကား စီးပွားရေးအကျိုးအမြတ်များသည် အုပ်ချုပ်သူလူနည်းစုသာ ခံစားရပြီး ပြည်သူများအတွက် မျှဝေမှုမရှိသောကြောင့်ပင်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးကျဆင်းမှုအတွက် ပြည်သူများကို အပြစ်မတင်သင့်ကြောင့် နိုင်ငံရေးလေ့လာသူများက သုံးသပ်ပြောဆိုလျက်ရှိသည်။ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် စစ်မှန်သောစီးပွားရေးတိုးတက်အောင်မြင်မှုရရှိလိုလျှင် ပြည်သူများထံမှ အမြတ်ထုတ်အသုံးချသည့်စနစ်ထက် အားလုံးအကျိုးဝင်သောစနစ်တစ်ခုဖြင့် အစားထိုးသွားရန် လိုအပ်ပေသည်။ ထိုသို့လုပ်ဆောင်ခြင်းမရှိလျှင် မြောက်ကိုရီးယားနိုင်ငံသည် နိုင်ငံတကာစင်မြင့်တွင် ခြိမ်းခြောက်မှုများ တိုးမြှင့်ဖြစ်ပေါ်လာသည့်တိုင်အောင် အစိုးရအဖွဲ့သည် ပြိုလဲလုနီးပါးအခြေအနေတွင်ရှိနေပြီး ကင်ဂျုံအန်အနေဖြင့်လည်း မသေချာမရေရာသည့် အချိန်ကာလကို ဖြတ်သန်းသွားရဖွယ်ရှိနေပေသည်။

**ကိုးကား**

**– How the Kim Regime Managed to Survive in North Korea (So Far) By The Diplomat.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
**ဒေါ်တင်တင်ညွန့်**
**အသက်(၇၇)နှစ်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သီရိပျံချီဦးကိုကို၏ချစ်လှစွာသောဇနီး ဒေါ်တင်တင်ညွန့် (၇၇)နှစ်သည် ၁၈-၁၂-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၀၂:၀၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
**ဒေါ်တင်တင်ညွန့်**
**အသက်(၇၇)နှစ်**

နေပြည်တော်နေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သီရိပျံချီဦးကိုကို၏ဇနီး ဒေါ်တင်တင်ညွန့်သည် ၁၈-၁၂-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦးနှင့်ဇနီး ဒေါ်ကြည်နွယ်ဦး
ဗိုလ်မှူးချုပ်ထွန်းနိုင်ဦးနှင့်ဇနီး ဒေါ်စိုးစိုးအေး
တို့မိသားစု

**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ဆေးလိပ်သောက်ခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သော ကြောင့် ရှောင်ကြဉ်သင့်သည်။




**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။






# ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲဧက ၃၉၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကောလင်း ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲဧက ၃၉၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၃၉၈၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကောလင်းမြို့နယ်တွင် ၃၇၁၂ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၂၄၈ ဧက စုစုပေါင်း ဧက ၃၉၆၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ မတ်ပဲ ၃၉၈၂ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၉၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကို မြေပြင်ကွင်းဆင်းဆောင်ရွက်နေပါတယ်"ဟု ကောလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှု အနေဖြင့် ကောလင်းမြို့နယ်တွင် ဧက ၃၆၅၀၊ ဝန်းသိုမြို့နယ်တွင် ၁၀ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၃၂၂ ဧက စုစုပေါင်း ၃၉၈၂ ဧက ဖြစ်ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းတို့ကို အသိပညာပေးလျက်ရှိကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# သံဖြူဇရပ်မြို့နယ် ကွမ်သတ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**သံဖြူဇရပ် ဒီဇင်ဘာ ၁၈**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကွမ်သတ်ကျေးရွာ၌ ပြည်နယ်ရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁၇ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်ဝေနှင်းနှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာ ကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး၊ သတ်မှတ် အတိုင်းအတာပြည့်မီရေး အလေးထား ဆောင်ရွက်ပေးမည့် အခြေအနေများကို ဆွေးနွေးပြောကြားခဲ့ကြောင်းသိရသည်။

သံဖြူဇရပ်မြို့နယ် ကွမ်သတ်ကျေးရွာ၌ အကျယ်လေးလက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ အလျားခြောက်ပေ၊ အနံ ခြောက်ပေ၊ အမြင့် ၁၀ ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်း၊အရှည် ၅၆ ပေ၊ အမြင့် ခြောက်ပေရှိခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ပြည်နယ်ရန်ပုံငွေကျပ် ၂၉ ဒသမ ၇ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက တာဝန်ယူ၍ ဇွန်လပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုညို**







## အများသိစေရန် ကြေညာခြင်း

ဒေါ်စောဥမ္မာ (၉/ပသက(နိုင်)၀၇၃၁၂၉)၊ ဒေါ်စောမြဝိုင်း (၉/ပသက(နိုင်)၀၈၅၄၈၁)တို့ထံမှ ပုသိမ်ကြီးမြို့နယ်၊ ဇီးချိုကုန်းကျေးရွာ ဦးအောင်မောင်း အမည်ပေါက် (၂.၁၁) B-26(17' x 40')ပေ ကွင်းအကွက်(၄၉၀)၊ ဦးပိုင်အမှတ်(၁၅၈)အား ဒေါ်မြင့်မြင့်ခိုင်(၉/ပသက(နိုင်)၁၅၅၂၈၆)၊ ဒေါ်အေးမာခိုင်(၉/ပသက(နိုင်)၁၅၅၂၆၇)နှင့် ဒေါ်အေးထက်ခိုင်(၉/ပသက(နိုင်)၁၅၅၂၆၄)တို့မှ ၁၀-၉-၂၀၂၂ ရက်တွင်ဝယ်ယူခဲ့သော အရောင်းအဝယ်စာချုပ်မှာ ၁-၁၂-၂၀၂၄ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် အဆိုပါစာချုပ်အား လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်းများမပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်ခိုင်(၉/ပသက(နိုင်)၁၅၅၂၈၆)
ဒေါ်အေးမာခိုင်(၉/ပသက(နိုင်)၁၅၅၂၆၇)
ဒေါ်အေးထက်ခိုင်(၉/ပသက(နိုင်)၁၅၅၂၆၄)

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဗန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက်၊ အိမ်အမှတ်(ပက-၁၁၈၀)နေ မဘောက်ဆိုင်း(၁/ဗမန(နိုင်) ၁၁၈၈၆၇ ၏ ဖခင်အမည်မှာ ဦးဖော်ဝုန်လ (ခ) ဦးဖော်ဝေါလသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ ဦးဖော်ဝုန်လ (ခ) ဦးဖော်ဝေါလ (၁/မစန(နိုင်)၀၁၀၀၂၇)

## ဝန်ထမ်းအလိုရှိသည်

- ခေါင်းလျှော်ကျွမ်းကျင် (၅)သိန်း (၅)ဦး
- အလုပ်သင် (၅)ဦး

**Long Style (09-2053849)**

(၆၆-၆၇၊ ၃၈)လမ်းထောင့်၊ မန္တလေးမြို့

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ GDPတွင် စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ရှိပြီး စိုက်ပျိုးရေးကဏ္ဍကြီးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက်ပစ္စည်းဟူ၍ပါရှိ...

❖ ယင်းကဏ္ဍကြီးသုံးရပ်သည် ဆက်စပ်မှုရှိပြီး တိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်...

❖ အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီး၊ဝန်ဆောင်မှုကဏ္ဍကြီးတို့သည်လည်း အောင်မြင်တိုးတက်လာနိုင်မည်ဖြစ်ပြီး နိုင်ငံ၏ GDPသည်လည်း တိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၅ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၅/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သင်တန်းဆင်းအရာရှိများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅)သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေသြဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257